# သမ္မုဒ္ဒေအမျိုးမျိုး တန်ခိုးသိဒ္ဓိများ



အရှင်သုသုတ

တတိယအကြိမ်ရိုက်နှိပ်ခြင်း

သမ္ဗုဒ္ဓေဂါထာ စွမ်းမစွမ်း


သာသနာပိုင်ကြီး၏အဆုံးအဖြတ်

စာရေးဆရာကြီးများ၏အမြင်နှင့်

အရှင်သုသက ရေး

# သမ္ဗုဒ္ဓေအမျိုးမျိုးနှင့်တန်ခိုးသိဒ္ဓိများ

နောက်တိုးဖြည့်စွက်ချက်များ နှင့်အတူ



ပြည်လုံးကျွတ်ဖြန့်ချိရေး

ကဝိရတနာ
စာပေတိုက်

၂၀၄၊ လမ်း ၃၀၊ ရန်ကုန်မြို့။

တတိယ အကြိမ်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်(၁၇၈၃)
မျက်နှာဖုံးဆိုင်ရာခွင့်ပြုချက် (၁၂၅)

အုပ်ရေ — (၄၀၀၀)
ထုတ်ဝေနှစ် — ၁၉၈၁ ခု၊ ဇူလိုင်လ
မျက်နှာဖုံးပန်းချီ — ဘမင်း
အဖုံးရိုက် — ကဝိရတနာ
စာအုပ်ချုပ် — မိဘမေတ္တာ

တန်ဖိုး— ၁၂ ကျပ်

ထုတ်ဝေသူ။ ။ဦးမောင်မောင်လွင်(၀၁၅၂၉)ကဝိရတနာစာပေ
၄၆/၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးမောင်မောင်လွင်( ၀၂၃၅၀ ) ကဝိရတနာ
ပုံနှိပ်တိုက်၊ ၂၀၄၊ လမ်း ၃၁၊ ရန်ကုန်မြို့။

အရှင်သုသုက ရေး

# သမ္ဗုဒ္ဓေ အမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ

# မာတိကာ


သမ္ဗုဒ္ဓေဂါထာနှင့် မဟာယာန သာသနာ — က
ရှမ်းဟန်းဘာတွင် ရေးစပ်ခဲ့သော သီချင်းတပုဒ် — ခ
ကန်တော့ပန်း — ၁
စာရေးသူ၏အမှာ — ၃
ကျွန်တော်နှင့် တန်ခိုးကြီးသမ္ဗုဒ္ဓေဂါထာတော်များ — ၇
  အဓိဋ္ဌာန်ပုတီးစိပ်နည်းဆိုတာ ဘာလဲ — ၈
  အဓိဋ္ဌာန်ဝင်ပုံ — ၉
  မေတ္တာပွားများပါ — ၁၀
  သမ္ဗုဒ္ဓေဂါထာကြီးကို ပုတီးစိပ်ပည်ဆိုလျှင် — ၁၁
  စနစ်တကျ ပုတီးစိပ်ပါ — ၁၂
  သစ္စာကူသည် — ၁၄
  အဓိဋ္ဌာန်အဖွင့် — ၁၄
  အဓိဋ္ဌာန်ပါရမီ — ၁၆
  အဓိဋ္ဌာန်သုံးပြီး — ၁၇
  သစ္စာဆိုတာ ဘာလဲ — ၁၈

| | |
|---|---|
| **သမ္မုဒ္ဒေဂါထာတော် အဆုံးအဖြတ်** | ၂၃ |
| မောင်ပြုံးချို၏ ပစ္ဆိမာရုံ ဆရာတော်ထံလျှောက်လွှာ | ၂၃ |
| ပစ္ဆိမာရုံဆရာတော်၏ သမ္မုဒ္ဒေဂါထာ | ၂၅ |
| အသံထွက် ရွတ်ဖတ်နည်း | ၂၅ |
| ပစ္ဆိမာရုံ သမ္မုဒ္ဒေဂါထာအနက် | ၂၈ |
| မြန်မာနိုင်ငံနှင့် သမ္မုဒ္ဒေ | ၃၁ |
| **ပထမ ဦးအောင်ရွှေဆိုသော သမ္မုဒ္ဒေ** | ၃၂ |
| ၎င်းသမ္မုဒ္ဒေဂါထာ | ၃၄ |
| ၎င်းဂါထာအနက် | ၃၄ |
| သမ္မုဒ္ဒေ၏ စွမ်းပကား | ၃၆ |
| **အများသုံး သမ္မုဒ္ဒေ** | ၃၇ |
| အများသုံးသမ္မုဒ္ဒေဂါထာ | ၃၈ |
| ၎င်းဂါထာအနက် | ၃၈ |
| နေ့ခင်းလူများအတွက် | ၄၀ |
| သမ္မုဒ္ဒေအကျိုးပြလင်္ကာ | ၄၁ |
| လင်္ကာအဓိပ္ပာယ် | ၄၂ |
| **နှဲကြိုးဆရာတော်၏ သမ္မုဒ္ဒေဂါထာ** | ၄၃ |
| ၎င်းဂါထာအနက် | ၄၄ |
| ထူးခြားသောအနက် | ၄၆ |

| | |
|---|---|
| မဟာအကာကြီးသမ္ဗုဒ္ဓေ | ၄၆ |
| ၎င်းဂါထာ | ၄၇ |
| ၎င်းဂါထာအနက် | ၄၉ |
| သိဟိုဠ်သမ္ဗုဒ္ဓေကြီး | ၅၁ |
| ၎င်းဂါထာ | ၅၂ |
| ၎င်းဂါထာအနက် | ၅၄ |
| သိဟိုဠ်သမ္ဗုဒ္ဓေကြီး(သက္ကတမူ) | ၆၀ |
| ၎င်းဂါထာ | ၆၀ |
| ၎င်းဂါထာအနက် | ၆၁ |
| ယက္ကန်းစင်တောင် ဆရာတော်ဦးသြဘာသ အမြဲရွတ်ဆိုသောသမ္ဗုဒ္ဓေ | ၆၃ |
| ၎င်းဂါထာ | ၆၄ |
| ၎င်းဂါထာအနက် | ၆၅ |
| အရှည်ဆုံး သမ္ဗုဒ္ဓေကြီးတမျိုး | ၆၆ |
| ၎င်းဂါထာ | ၆၇ |
| ၎င်းဂါထာအနက် | ၆၈ |
| အခြားသမ္ဗုဒ္ဓေ မူကွဲတမျိုး | ၇၁ |
| ၎င်းဂါထာ | ၇၂ |

ဘေးအမျိုးမျိုး အန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းနိုင်သည့် လေးကျွန်းသမ္ဗုဒ္ဓေ ၇၄
တောင်ကျွန်း သမ္ဗုဒ္ဓေဂါထာ ၇၇
ရင်းအနက် ၇၇
မြောက်ကျွန်း သမ္ဗုဒ္ဓေဂါထာ ၇၉
ရင်းအနက် ၈၀
အရှေ့ကျွန်း သမ္ဗုဒ္ဓေဂါထာ ၈၁
ရင်းအနက် ၈၁
အနောက်ကျွန်း သမ္ဗုဒ္ဓေဂါထာ ၈၂
ရင်းအနက် ၈၃
လေ့လာတွေ့ရှိသမျှသာ ၈၄

သမ္ဗုဒ္ဓေဂါထာတော်ကို ပြန်လည်စိစစ်ခြင်း ၈၅
ပထမဂါထာ စိစစ်ချက် ၈၅
ဒုတိယဂါထာ စိစစ်ချက် ၈၆
တတိယဂါထာ စိစစ်ချက် ၉၀

သမ္ဗုဒ္ဓေပါ မြတ်ဘုရားပေါင်း ၉၂
ခုနစ်အသင်္ချေတွင် ပွင့်သောဘုရားပေါင်း ၉၄
ကိုးအသင်္ချေတွင် ပွင့်သောဘုရားပေါင်း ၉၅
လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတွင် ပွင့်သော ဘုရားပေါင်း ၉၆

သမ္ဗုဒ္ဓေစတီတော်ကြီးနှင့် နောက်ကြောင်းသမိုင်း ၁၀၁

ပဉ္စမ သင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်း
တရားကြီးနှင့် သမ္ဗုဒ္ဓေဂါထာတော်ကြီး ၁၀၉
နန်းမြို့တော်နှင့် သမ္ဗုဒ္ဓေအင်း ၁၁၄
လူသားနှင့် ဘေးအန္တရာယ်ဆိုးများ ၁၁၇
နောက်ဆုံး အားကိုးရာအဖြစ် ၁၂၈
အလုပ်ရရှိသူတဦး၏ ကိုယ်တွေ့ ၁၄၃
ငွေငါးရာ ရရှိသူတဦး ၁၄၇
လိုချင်သလောက် ငွေချေးရသူ၏ အဖြစ်ဆန်း ၁၄၉
ကြောက်စရာ့ခွေးနက်ကြီး ၁၅၁
အချုပ်ခန်းမှ လွတ်လာသူ၏ အဖြစ်ဆန်း ၁၅၄
တယောဆရာကြီးတယောက်၏ အဖြစ်ဆန်း ၁၅၆
မိုးကြိုးစက် ကွင်းသော ဘုန်းတော်ကြီး ၁၅၈

နိဂုံး ၁၆၁

# သမ္မုဒ္ဓဂါထာ

# နှင့်

# မဟာယာန သာသနာ

သမ္မုဒ္ဓအကြောင်း ပြုစုထားသောကျမ်းတွင် အမှာစာ ရေးရသည်မှာ မလွယ်ကူလှပါ။ အလွန်တန်ခိုးထက်မြက်ပြီး ပွင့်လေကုန်ပြီးသော ဘုရားရှင်များအား ရည်စူးပူဇော်သည့် ဂါထာတော်မြတ် ဖြစ်သည်ကတကြောင်း၊ ကျမ်းပြုသူကလည်း သေချာစေ့ငုစွာ ကျမ်းအဆောင်ဆောင်တို့မှ မွှေနှောက်ရှာဖွေ ပြုစုထားသောကျမ်းဖြစ်ရာ ဤကျမ်းမျိုးတွင် အမှာစာရေးရသည်ထက် ကြီးလေးသော အမှာစာမရှိဟု ထင်မြင်မိပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျမ်းပြုသူက အမှာစာရေးရန် တောင်းဆိုလာသော အခါတွင် မိမိကျမ်းကျင်သော ပညာရပ်မဟုတ်သည့် တိုင်အောင်ပင် ကြားဖူးမှတ်ဖူးသော သုတ ကလေးဖြင့် အမှာစာရေးပေးရန် ဆုံးဖြတ်လိုက်ရသည်။

ကျမ်းပြုဆရာက ဤကျမ်းကို စာပေဂန္ထဝင်ရှုထောင့်မှလည်းကောင်း၊ ဘုရားဟောပိဋကတ်ဝင် ရှုထောင့်မှလည်းကောင်း၊ လက်တွေ့ ကျင့်သုံး ဆောက်တည်မှုရှုထောင့်မှလည်းကောင်း၊ မန္တန်ရှုထောင့်မှလည်းကောင်း အဖက်ဖက်မှ ထောင့်စေ့အောင် ရေးသားထားသည်ကို တွေ့ရသည်။ ယင်း ရှုထောင့်များအနက်မှ ဘုရားဟော ပိဋကတ်ဝင် ရှုထောင့်နှင့် မန္တန်ရှုထောင့်မှ အမြင်ကိုသာ ထောက်ခံဖြည့်စွက် ရေးသားလိုပါသည်။

"ပရိတ္တ"ဟူသောပါဠိမှ"ပရိတ်"ဟူ၍ဖြစ်လာသော ဘုရား၏မန္တန်များ(ဝါ)ဘုရား၏"ဝစန" အသံတော်များကို ပိဋကတ်တော် ဂါထာများမှ ထုတ်နုတ်၍ ရွတ်ဖတ်ကြသောအလေ့မှာ မြန်မာပြည်သို့ ဗုဒ္ဓဘာသာနှင့်အတူ ရောက်ရှိလာသည်။ မြန်မာပြည်တွင်သာမက ဗုဒ္ဓဘာသာတိုင်းပြည်တိုင်းတွင် ပရိတ်များ ရောက်ရှိပြန့်ပွားကြသည်။တဖန် ဘုရားဟောဂါထာ(ဝါ) တရားထဲမှ တချို့တဝက်ကို ယူ၍လည်းကောင်း၊ မှီငြမ်းပြု၍လည်းကောင်း နှောင်းဆရာမြတ်တို့က ပရိတ်(ဝါ) မန္တန်အဖြစ် ရေးသားခဲ့ကြသည်လည်း ရှိသည်။ ထို့ကြောင့် ငယ်ဆရာဖြစ်သူ ဆရာဘုန်းကြီးက ဤဘုရားဟော'စာ' တလုံးလျှင် ဘုရားတဆူဟူ၍ သဘောထားရန် ဆုံးမခဲ့သည်။ဤနည်းအားဖြင့် မူရင်း ဘုရားဟောသုတ်များ၊ ဂါထာများနှင့် နှောင်းပေါ်ဂါထာ (ဝါ) မန္တန်များ ဖြစ်ပေါ်လာသည်ဟု ပညာရှိများကဆိုသည်။

ဤသို့သောဂါထာ(ဝါ) မန္တန်များတွင် သမ္ဗုဒ္ဓေ မန္တန်တော်ကြီးသည် ထိပ်ဆုံးမှပါဝင်သည်။ သမ္ဗုဒ္ဓေ မန္တန်တော်ကြီးသည် မြန်မာပြည်သာမက ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်သော သီဟိုဠ်၊ ကမ္ဗောဒီးယား ပြည်တို့တွင်လည်း အလွန် အမြတ်တနိုးထား၍ ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ ဤသို့ ထေရဝါဒ ပိဋကတ်ဝင် ဘုရားဟော ဂါထာကို ပရိတ်အဖြစ်၊မန္တန်အဖြစ် လေးစားစွာရွတ်ဖတ် အားကိုးကြသကဲ့သို့ မဟာယာန သာသနာ ပိဋကတ်ဝင်ဂါထာတော် များကိုလည်း မဟာယာနသာသနာ ထွန်းကားသော တိုင်းပြည်ရှိဗုဒ္ဓဘာသာဝင်အပေါင်းတို့က အမြတ်တနိုး ရွတ်ဖတ်ပူဇော် အားထားသည်ကို ဖော်ပြရေးသားလိုပါသည်။

သို့မှသာလျှင် ကမ္ဘာ့ဗုဒ္ဓဘာသာကြီး တခုလုံးက ဘုရားမန္တန်တော်ကို မည်ရွေ့မည်မျှတန်ဖိုးထားလေးစားပြီး အရေးပါသည်ကို ကျယ်ပြန့်စွာ သဘောပေါက်နိုင်ပါမည်။

မဟာယာန သာသနာ ပင်စည်ကြီးမှ ဖြာထွက်လာသော "ဈင်" ဗုဒ္ဓဘာသာကိုးကွယ်သော တရုတ်ပြည်နှင့် ဂျပန်ပြည်တို့တွင် ဘုရားဟော ကျမ်းဂန်များမှထုတ်နုတ်ချက် ပရိတ်၊သို့မဟုတ် မန္တန်များကို အစဉ်ရွတ်ဖတ်လေ့ရှိသည်။

"ဈင်"ဆိုသည်မှာ ဘာသာတရားမဟုတ်၊ အဘိဓမ္မာမဟုတ်၊ တက္ကဗေဒမဟုတ်" ဟူသော ပါမောက္ခဆူဇူကီး၏ အဆိုကလေးတွင် ရပ်တန့်၍ အချို့က ဈင်ဗုဒ္ဓဘာသာတွင် ဗုဒ္ဓဘာသာ၏ ထုံးတမ်းစဉ်လာဖြစ်သော ဘုရားဟော သုတ်ခပ်ဒေါ်များကို ရွတ်ဆိုသောပရိတ်(ဝါ)ဗုဒ္ဓမန္တန်များ မရှိဟု ထင်ကြသည်။ သို့သော် ဈင်ဘုန်းတော်ကြီးကျောင်းများတွင် နေ့တိုင်း၊ နံနက်၊ ည၊ ဆွမ်းစားချိန်များတွင် ဘုရား၏ ပရိတ်များ၊ မန္တန်များကို မပျက်မကွက် ရွတ်ဖတ်ကြသည်ကိုမူ သိသူနည်းသည်။ ဤသို့ ပရိတ်(ဝါ) မန္တန်များရွတ်ဖတ်ရမည်ဟု ကျမ်းဂန်ဖြင့် သတ်မှတ်ထားသော်လည်း လက်တွေ့တွင် မရွတ်မဖြစ် နေ့စဉ်လုပ်ရသော တာဝန်ဝတ္တရားကြီး ဖြစ်နေသည်။

ထေရဝါဒ ဗုဒ္ဓဘာသာတွင် ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ဟူ၍ ပိဋကတ်သုံးပုံသာ တရားဝင်ရှိပြီး **ပရိတ်မှာ ပိဋကတ်စာရင်းမဝင်သကဲ့သို့** ဖြစ်နေသည်။ (အကျယ်ကို သပြေကန် ဆရာတော်၏ ပရိတ်ကြီးနိဿယသစ်၌ လေ့လာကြပါ။)

မဟာယာနတွင်မူ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွင် မကပဲ "ဓာရဏီ" ခေါ် ဘုရားဟော သုတ်ခပ်ဒေါ် မန္တန်ဘော်ပါ ပိဋကတ် စာရင်းတွင် ပါဝင်ပြီး အလွန်အလေးအမြတ် ပြုကြသည်။ ထေရဝါဒီများအဖို့ ပရိတ်ရွတ်လိုက်လျှင် မကောင်းဆိုးရွားများ ဘေးရန်ကင်းရှင်းပြီး တရား

ဓမ္မကို အေးချမ်းစွာ ကျင့်ကြံနိုင်မည်ဟု ယူဆကြသလို ပင် စျင် ဘာသာဝင် များမှာလည်း “ဓာရဏီ” ကို ရွတ်ဖတ်လိုက်လျှင် ဘေးအန္တရာယ်အသွယ်သွယ် ကင်းဝေး၍ တရားပေါက်လွယ်သည်ဟု ယုံကြသည်။

ဓာရဏီမှာ သက္ကတမှ ဆင်းသက်လာသော စကား ဖြစ်ပြီးလျှင် မူရင်းပုဒ်“ဓျာ”သည် ‘ကိုင်စွဲသည်၊ သယ်ဆောင်သည်’ဟုအဓိပ္ပာယ်ရသည်။ထို့ကြောင့်ဓာရဏီတွင် ဘုရား၏ တန်ခိုးတော်များ သယ်ဆောင်ပါရှိ၍ မကောင်းဆိုးရွား နတ်မိစ္ဆာများ မနှောင့်ယှက်နိုင်ဟု ယုံကြည်ကြသည်။

## ဓာရဏီ သုံးပါး

(၁) အန္တရာယ်ကင်း ဓာရဏီ၊
(၂) မဟာကရုဏာတော်ပွား ဓာရဏီ၊
(၃) ဘုရား၏ အောင်ခြင်းရှစ်ပါး ဓာရဏီ
တို့ဖြစ်သည်။

ဤဓာရဏီခေါ် မဟာယာန ပရိတ်တော်(ဝါ)မဟာယာနသမ္ဗုဒ္ဓကြီးမှာ မဟာယာန ပိဋကတ်သာသနာဝင် ကျမ်းရင်းများဖြစ်သော ပညာပါရမီတာသုတ်၊ ဟာဒယသုတ်၊ သမ္ဗုဒ္ဓမုခသုတ်၊ ဝရဇိန္နသုတ်၊ အလင်္ကာဝတာရသုတ်၊ သုရင်္ဂမသုတ်နှင့် သဒ္ဓမ္မပုဏ္ဍရီကသုတ်များမှ ထုတ်

နုတ်ထားသော ဘုရား၏ နှုတ်ခပါဠ်များပင် ဖြစ်သည်။ ပညာပါရမိတာသုတ်မှ ထုတ်နုတ်ထားသော ဓာရဏီကို ရွတ်ဖတ်လျှင် သမ္မာဒေဝ နတ်မင်းကြီး ၁၆ ပါးကလာ ရောက်စောင့်ရှောက်ရသည်ဟု ဆိုသည်။ အခြားသော သုတ်များမှာလည်း ထို့အတူပင် သက်ဆိုင်ရာ နတ်မင်းကြီးများက လာရောက် စောင့်ရှောက်ရသည်ဟု ယုံကြည်ကြသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ယနေ့ မြန်မာများ ရွတ်ဖတ်နေကြသော ဓာရဏပရိတ်နှင့် မဟာယာနဓာရဏီတို့မှာ အဓိပ္ပာယ်ချင်း ထက်မြက်ပုံချင်း တူသည့်အပြင် အသံထွက်ပါ တူနေသဖြင့် စဉ်းစားဖွယ်ပင် ဖြစ်သည်။ သို့သော် ဤဝေါဟာရကို လေ့လာစေ့ငုရန်မှာ ပါဠိ သက္ကဋ ကျွမ်းကျင်သော ပညာရှိများ တာဝန်ဖြစ်၍ ဆက်လက် မဆွေးနွေးလိုတော့ပါ။

ဟဒယသုတ်မှ ထုတ်နုတ်ထားသော ဓာရဏီမှာ ဘုရား၏ ဘုန်းတော်ဘွဲ့ဖြစ်ပြီးလျှင် ဤသို့ မြန်မာပြန်အဓိပ္ပာယ်ထွက်၏။

"ဤသို့ ကွန့်မြူးပျံ့ယှက်လာသော ရောင်ခြည်တော်များကို တွေ့မြင်ကြကုန်သော သတ္တဝါအားလုံးတို့သည် ထိုရောင်ခြည်တော် အလင်းဖြင့် ဉာဏ်အမြင် သန့်ရှင်းခြင်းသို့ ရောက်ကုန်လျက် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် အဓိဋ္ဌာန် ပြုကြလေ-

ကုန်၏။ ထို့နောက် ဗုဒ္ဓသည် ဖွင့်ထားသော ခံတွင်းမှ လျှာတော်ကို မြင်စေလျက် ပြုံးတော်မူရာ၊ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သန်းပေါင်းများစွာ၊ အသင်္ချေယျ၊ အပ္ပမေယျ၊ ရောင်ခြည်တော်တို့သည် လျှာတော်မှ ကွန့်မြူးပျံ့ထွက်ကြကုန်၏။ ရောင်ခြည်တော် တခုစီ တခုစီ၌ အရောင်တလက်လက်ထွက်၍ နေကုန်သော၊ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်ကုန်သော၊ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်၍ ရွှေရောင်တောက်နေသော၊ ကဝိလိန္ဒက (ကာသိကရာဇ်တိုင်းဖြစ်) ပုဆိုး ကဲ့သို့ နူးညံ့ ပျော့ပျောင်းကုန်သော၊ ရာထောင် မကသော ပွင့်ချပ်တို့ဖြင့် ရွှေရောင်ကဲ့သို့ ပြိုးပြိုးပြက်ပြက် တောက်ပကုန်သော ရတနာကြွယ်ပွင့်တို့သည် ပေါ်ထွက်လာကြကုန်၏။

ဤ ရတနာ ကြွယ်ပွင့်များပေါ်၌ တထာဂတနိမ္မိတ ရုပ်ပွားတော်များသည် ထိုင်တော်မူကြကုန်လျက် ပါရမီခြောက်ပါး တရားဒေသနာကို ဟောကြားတော် မူကြကုန်၏။ ထိုတရားဒေသနာကို နာကြားကြရကုန်သော သတ္တဝါအပေါင်းတို့သည် အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်ကို ရရှိရန် ဆုတောင်းပတ္ထနာ ပြုကြကုန်၏။ ဗုဒ္ဓသည် "သီဟဝိဇမ္ဘိတ" ခေါ်သော ဗုဒ္ဓသမာပတ်ကို တခါထပ်၍ ဝင်စားတော်မူပြန်၏။ ဤခဏ၌ မရေတွက်နိုင်သော စကြဝဠာတို့တွင် တည်ရှိကြကုန်သော ငရဲ၊ တိရစ္ဆာန်နှင့်

ပြိတ္တာဘုံ အစရှိသည်တို့၌ ဒုက္ခခံစားနေရသော သတ္တဝါများသည် ချမ်းသာရာ ရကြကုန်၏။

နတ်လူအားလုံးတို့သည် မိမိတို့၏ ရှေးရှေးဘဝများကို ပြန်ပြောင်းအောက်မေ့ သတိရကြကုန်လျက် ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ ရှိခိုး ဝတ်ပြုကြကုန်၏။ ထိုဆဉ်ပင်လျှင် မရေမတွက်နိုင်သော စကြဝဠာတို့၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ၊ ပင်းသောသူ၊ စိတ်မန့်သော သူတို့သည် မြင်ကြ၊ ကြားကြ၊ လူကောင်းပကတိ ဖြစ်လာကြကုန်၏။"

သဒ္ဓမ္မပုဏ္ဍရိကသုတ် အခန်း ၂၄ မှ ထုတ်နုတ်ထားသော ဓာရဏီတွင် ဤသို့ ဗောဓိသတ္တ အဝလောကိတိဿရ၏ ဂုဏ်တော်ကို ချီးကျူးထား၏။

"အဝ လောကိတိဿရသည် မေတ္တာ, ကရုဏာတရားနှင့် ပြည့်စုံသော ကယ်တင်ရှင်တယောက်သာမဟုတ်သေး။ စကြဝဠာ၏ အရှင်ကြီးလည်း ဖြစ်ချေသေးသည်။ ၎င်း၏ ခန္ဓာကိုယ်မှ နတ်အားလုံး ပေါက်ဖွားလာ၏။ နေနှင့် လတို့သည် အဝလောကိတိဿရ၏ မျက်လုံးတော်မှ ထွက်လာရသော မဟေသက္ခ နတ်မင်းကြီးသည် မျက်မှောင်ဘော်မှလည်းကောင်း၊ နတ်ဗြဟ္မာများသည် ပခုံးဘော်မှ လည်းကောင်း ထွက်လာကြ၏။

ဗောဓိသတ္တ အငလောကီတိဿရသည် သူကန်း တို့အား အမြင်ခေတ်ကို ပေးစွမ်းနိုင်သော မီရှူး တန်ဆောင်ဖြစ်၏။နေမင်း၏ ပူလောင်မှုကို တွန့်လိမ် ခံစားနေရသူများအား နေရောင်မှ ထီးသဖွယ်အမိုး ဖြစ်တော်မူ၏။သေလုမြောပါး ရောဘ်နေသူအား စိမ့်စမ်းမြစ်ရေ ဖြစ်တော်မူ၏။ဘေးဥပါဒ်အန္တရာယ် ကျရောက်မည့် သူများအားလည်း လုံခြုံမှုပေးရာ ခိုကိုးရာ အကာအကွယ် ဖြစ်တော်မူ၏။အနာရောဂါ ဝေဒနာ ခံစားနေသူများအတွက်လည်း သမားတော် ကြီးဖြစ်၏။ကံမကောင်း အကြောင်းမလှ အတိဒုက္ခ ရောက်နေသူများ၏ အမိအဘ ဆရာလည်း ဖြစ်တော် မူ၏။

ဤသည်ကား တန်ခိုးတော် အရှင်မြတ်၏ ဂုဏ် တော်များဖြစ်၏။ ဤအရှင်၏ အလုပ်ကို သတိရ အောက်မေ့ကြသော သူတို့သည် ဤလောကတွင် ကံကောင်းသူများ ဖြစ်ကြ၏။

နီပေါပြည်တွင် ပဉ္စရက္ခာဟူသော ဓာရဏီ ၅ တွဲ ကျမ်းကြီးမှ ဓာရဏီများကို သမ္ဗုဒ္ဓေ ရွတ်သကဲ့သို့ရွတ်ကြ ကုန်၏။ ၎င်း ၅ တွဲမှာ–

(၁) အကုသိုလ်ကံ၊အနာရောဂါနှင့် အခြား ဆိုး ကျိုးများကို ကာကွယ်ရန် မဟာပတိသရာ ဓာရဏီ။

(၂) မြေဘုတ်ဘီလူး နတ်ဆိုးများ၏ရန်မှကာကွယ်ရန်အတွက် မဟာသဟာပရမဒ္ဒိနီ။

(၃) မြွေစသောအဆိပ်ရှိသော သတ္တဝါကို နိုင်နင်းသော မဟာမာယူရီဓာရဏီ။

(၄) ဂြိုဟ်ဆိုးများ၊ တောရိုင်းတိရစ္ဆာန်များရန်မှ ကာကွယ်ရန် မဟာသီတဝတီ။

(၅) အနာရောဂါအမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်သောမဟာသီမန္တာနုသာရိနီဓာရဏီတို့ ဖြစ်ကြကုန်သည်။

တန္တရ ဗုဒ္ဓဘာသာတွင်မူကား ပရိတ်(ဝါ) ဓာရဏီသည် မန္တန်ဟူသော အမည်ကိုပင် အတိအလင်းယူ၍ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးဖြင့် ဘုရားအားကြည်ညိုကြရာတွင် ဝစီကံဖြစ်သော နှုတ်မှအသံဖြင့် ဘုရားဂုဏ်တော်တို့ကို ပူဇော်ရန်ရွတ်ဖတ်ရာမှ တဖြည်းဖြည်း အန္တရာယ်ကင်းမန္တန်များ ဖြစ်လာသည်မှာလည်း သမ္ဗုဒ္ဓေနှင့်မခြားလှချေ။

အချုပ်အားဖြင့် ထေရဝါဒအရဖြစ်စေ၊ မဟာယာနအရဖြစ်စေ၊ တန္တရအရဖြစ်စေ မြတ်စွာဘုရား၏ နှုတ်ခပါဌ်မှထွက်လာသော ဗုဒ္ဓဝစန အသံတော်များသည် တန်ခိုးသတ္တိအစွမ်းရှိသည်ဟု ယုံကြည်ပြီး သရဇ္ဈာယ်ကြ

ခြင်းမှာ တူညီလေသည်။ဓာရဏီ၊မန္တန်နှင့် သမ္ဗုဒ္ဓေသာ အမည်ချင်းခြားနားလေသည်။

ဤတွင် အဘယ်ကြောင့်ဗုဒ္ဓဝစနသံများသည်အစွမ်း တန်ခိုးရှိသနည်းဟု မေးစရာရှိသည်။ဆရာက တချက် ငေါက်လိုက်လျှင် တပည့်သည် တုန်လှုပ်သွား၏။မိခင်က သားဟုခေါ်လိုက်သောအသံသည် သား၏နှလုံးသားကို အေးမြစေ၏။မိမိဇနီးက မိမိ၏နာမည်ကို ခေါ်သံနှင့် အခြားသူများက ခေါ်သံချင်း မတူပဲ ဇနီးအသံက ပိုနားဝင်ကောင်းသည်ကို တွေ့ဖူးကြသည်။ ကောသ ရာဇာ ခြင်္သေ့ ဟောက်လိုလျှင် တောသုံးထောင်ရှိ တိရစ္ဆာန်များ ကြောက်ဒူးတုန်သွား၏။ ကျားဟိန်းသံ ကြားကာမျှဖြင့် ခွေးများဖင်ဒရွတ်ဆွဲကုန်၏။ အသံပြု သော ပုဂ္ဂိုလ်သတ္တဝါတို့၏ အဆင့်အတန်းကို လိုက်၍ ထိုပုဂ္ဂိုလ်၏ အသံ(ဝါ) ဝစနသည် အစွမ်းထက်လေ သည်။ဘုရားက "ချစ်သား ငါကားမပြေး၊ သင်သာ ပြေး၏"ဟု ပြောကာမျှဖြင့် အင်္ဂုလိမာလသည် အသံ ကြောင့် တချက်တည်းအကျွတ်တရားရသွား၏။ မာဏဝ လုလင်အား ဘုရားပေးလိုက်သော ဂါထာစု(အသံ) ကို ဆိုရုံဖြင့် ရန်ကင်း၏။နောက်ဆုံး ဘုရားက "ဟေ့ဘိက္ခု" ဟုအသံဖြင့်ခေါ်ကာမျှဖြင့် ဝတ်ကြောင်ဘဝမှ ပရိက္ခရာ ရှစ်ပါးဖြင့်ပြီးသော ရဟန်းအဖြစ်သို့ တမုဟုတ်ခြင်း ပြောင်းလဲရောက်ရှိသွား၏။

( ၄ )

ဤကား ယုံ ဘမ်းစကားမဟုတ်၊ ပိဋကတ်ကျမ်းလာ အခိုင်မာဆုံးအချက်များ ဖြစ်၏။

ထို့ကြောင့် အသံရှင်(ဝါ) ဝစနပြုသော ပုဂ္ဂိုလ်၏ တန်ခိုးကိုလိုက်၍ ထိုပုဂ္ဂိုလ်၏ ဝစန(အသံ)သည် တန်ခိုးရှိမြဲဖြစ်သည်။

ဘုရားအစရှိသော သူတော်သူမြတ်တို့က ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဖြင့် ကြည့်ရှုသုံးသပ်ပြီးမှ အသံ ပြုအပ်သော အသံများ၌ တန်ခိုးရှိသည်မှာ ပို၍ စိတ်ချယုံကြည်နိုင်ရာဖြစ်သည်။

ယခု သမ္ဗုဒ္ဓေဂါထာ မန္တန်တော်ကြီးမှာသည်း ပွင့်လေကုန်ပြီးသော ဘုရားအဆူဆူတို့အား ရည်စူး၍ပူဇော်ကန်တော့သော ဂါထာတော်မြတ်ဖြစ်၍ အဘယ်မှာလျှင်တန်ခိုးမထက်မြက်ပဲ နေနိုင်ပါမည်နည်း။

သမ္ဗုဒ္ဓေရွတ်၍ အန္တရာယ်ကင်းသူ၊ ဓါရဏီရွတ်၍ ဘေးကင်းသူ၊ အသက်ချမ်းသာရရသူ၊ ရန်သူမျိုးငါးပါးမှ ကင်းဝေးရသူများ၏ ကိုယ်တွေ့အဖြစ်အပျက်များမှာ တကမ္ဘာလုံးတွင် အနမတဂ္ဂ ရှိချေသည်။

သို့သော် တိဗက်သာသနာ့ဆရာတော်ဘုရားကြီးများ ဤသို့ အမိန့်ရှိကြဖူးသည်။

"အသံ(ဂါထာ) သက်သက် ရွတ်ဖတ်ခြင်းဖြင့် တန်ခိုးရှိမည်ဆိုက ကြက်တူရွေး သာလိကာများပင်

တန်ခိုးရှိကုန်မည်။ ခေတ်သစ်ခေတ်ဘက်တွင် ခေတ်ပြားဖွင့်လျှင်လည်းအစွမ်းပြနိုင်ရာသည်။ ထို့ကြောင့် အသံ(ဂါထာ) သက်သက်ဖြင့်ဆိုလျှင် အစွမ်းသတ္တိ မရှိနိုင်။လေးနှင့်မြားချည်းချထားရုံဖြင့် ပစ်ခတ်ရန် မဖြစ်နိုင်။လေးကိုတင်နိုင်သော ခွန်အားဖြင့်တင်ပြီး ပစ်ခတ်မှသာ လိုရာသို့ပစ်ခတ်နိုင်သကဲ့သို့ ထိုဂါထာ မန္တန်သက်သက်ချည်းဖြင့် အစွမ်းမရှိနိုင်။ထိုဂါထာ မန္တန်ကို ရွတ်ဖတ်မည့်သူ၏ ယုံကြည်မှုသဒ္ဓါတရားနှင့် သမာဓိခွန်အားတို့ပါ ပေါင်းစပ်ပေးနိုင်ပါမှ လိုရာ အကျိုးပြီးမည်။မန္တန်တန်ခိုးရှိလာမည်”

ဟုဆိုကြသည်။

ယခု သမ္ဗုဒ္ဓေမန္တန်တော်ကြီးကိုလည်း ရာနှုန်းပြည့် အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် “**ရွတ်ဖတ်မည့်သူများသည် ယုံကြည်မှုသဒ္ဓါတရားနှင့် သမာဓိအင်အားတို့ဖြင့် အသုံးချနိုင်ကြပါစေ**” ဟုကျမ်းပြုသူကသမ္ဗုဒ္ဓေထမင်းပွဲကြီးကို အသင့်ခူးခပ်၍ ဤစာဖတ်သူ၏ရှေ့မှောက်သို့ အရောက်ပို့ထားသည်ဖြစ်ရာ စာဖတ်သူ အနေဖြင့်သာ အားထုတ်မှုလက်ဖြင့်ယူ၍ စားသောက်ရန်ရှိသည်။

ထို့ကြောင့် ဘုရား၏ ဝစနမန္တန်တော်များနှင့်ဘုရား၏ဂုဏ်တော်တို့ကို ချီကျူးပူဇော် ထားကြကုန်သော ဓာရဏီ (၀၁)ပရိတ်(၀၁) သမ္ဗုဒ္ဓေဂါထာ’( ၀၁) သမ္ဗုဒ္ဓေမန္တန်တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်

( ၈ )

“အနေကာအန္တရာယာပိ၊ဝိနဿန္တု၊အသေသတော”ပုဒ်
အရ မရေမတွက်နိုင်ကုန်သော ဘေးအန္တရာယ်များ
ကင်းဝေးကာသူတော်ကောင်း တရားများကို ပွားများ
အားထုတ်နိုင်ကြပါစေသော်....။

မောင်ကျောက်တိုင်

# ရဟန်းဘဝတွင် ရေးစပ်ခဲ့သော
# သီချင်းတပုဒ်

အန္တရာယ်တွေ ကင်းဝေးမလေ-
ရွှတ်ဖတ်ကြ သမ္ဗုဒ္ဓေ။
မြန်နယ်မြေ....မယွင်းချွတ်စေ-
ရွှတ်ဖတ်ကြ သမ္ဗုဒ္ဓေ။
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြမလေ-
သမ္ဗုဒ္ဓေ....သမ္ဗုဒ္ဓေ။
ဘေးအပေါင်း မကောင်းတွေ-
ဝေးကွာရှောင်မဲ့၊ကောင်းတဲ့သမ္ဗုဒ္ဓေ။

အထက်ပါတေးသီချင်းပိုဒ်မှာ သမ္ဗုဒ္ဓေသီချင်းထဲမှ-အပိုဒ်တပိုဒ်ဖြစ်ပါသည်။အဆိုပါ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဂီတာ ကိုတင်အုန်းက ဖွဲ့နွဲ့သီကုံးခြင်း ဖြစ်ပါသည်။

ဂီတစာဆို ကိုတင်အုန်းသည် မြန်မာပြည်ထဲလွှား၌ ခေတ်အဆက်ဆက်တွင်ရေပန်းစားလျက်ရှိသောသမ္ဗုဒ္ဓေ ဂါထာတော်ကြီး၏အနက်အဓိပ္ပာယ်ကိုတစိမ့်စိမ့်ဖတ်ရင်း ကြည်ညိုသဒ္ဓါဝေဖြာလာသောကြောင့်သမ္ဗုဒ္ဓေ သီချင်း ကြီးကို ဖွဲ့နွဲ့သီကုံးခဲ့သည်ဟု ဆိုပါသည်။

ဂီတာကိုတင်အုန်းသည် မူလကသမ္ဗုဒ္ဓေဂါထာတော် မြတ်ကြီးကို သီချင်းအဖြစ် ရေးရန်မရည်ရွယ်ခဲ့ပဲရှိခဲ့ရာမှ၊ အနက်အဓိပ္ပာယ်များကိုဖတ်ရာမှ ကြည်ညိုသဒ္ဓါ ပိုကာ သီချင်းအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဂီတာကိုတင်အုန်းသည် သမ္ဗုဒ္ဓေ ဂါထာတော်မြတ် သီချင်းကို ၁၉၅၄-ခုနှစ်က စပ်ဆိုခဲ့ခြင်းဖြစ်သည်။ထို စဉ်က ကိုတင်အုန်း ရဟန်းဝတ်နှင့်ဖြစ်သည်။ ဒုလ္လဘ ရဟန်း ကိုတင်အုန်းသည်( ၇ ) ရက်သာ ရဟန်းဝတ် မည်ဟု ရည်ရွယ်ခဲ့သော်လည်း သူ့ရင်ထဲ၌ ငယ်စဉ်ကရရှိ ခဲ့သော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို ခမ္မသီချင်းအဖြစ် ရေးသားရန်ဆန္ဒများ ထဖွားဖွားပေါ်လာတော့သည်။ သို့သော် ရဟန်းဝတ်ကြီးနှင့်ဖြစ်၍ အခက်တွေ့နေရသည်။ သို့သော် သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို ခမ္မတေ သီချင်း ရေးဖွဲ့လိုသော ဆန္ဒမှာ တားမနိုင်ဆီးမရ ဖြစ်နေသည်။

ထိုအကြောင်းကို ဆရာတော်အား လျှောက်ထားသည်။ ဆရာတော်က သမ္ဗုဒ္ဓေဂါထာတော်မှာ ဓမ္မတေးသီချင်းဖြစ်၍ ဖွဲ့နွဲ့သီကုံးရန် ခွင့်ပြုလိုက်သည်။ ထိုအခါ ဒုလ္လဘရဟန်း ကိုတင်အုန်းသည် သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို ဓမ္မသီချင်းအဖြစ် စတင် ဖွဲ့နွဲ့ သီကုံးတော့သည်။ အသံများကို ရှာသည်။ အကြောင်းအရာများကို ရှေ့နောက် ညီညွတ်မှုရှိစေရန် စဉ်သည်။

မူလ ပထမက ရဟန်း ကိုတင်အုန်းသည် (၇)ရက်သာ ရဟန်းဝတ်မည်ဟု ရည်ရွယ်ခဲ့သော်လည်း သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို ဓမ္မသီချင်းအဖြစ် ရေးဖွဲ့ယင်း ပျော်လာသည်။ ကြည်နူးလာသည်။ ထို့ကြောင့် တလတိတိ ရဟန်းဝတ်ရန် ရက်တိုးပြီး ဆုံးဖြတ်ချက်ချလိုက်သည်။ ဤသို့ဖြင့် သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို ရဟန်းဘဝက သီချင်းအဖြစ် ဖွဲ့နွဲ့သီကုံးခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ရဟန်းဘဝတွင် ရေးဖွဲ့ခဲ့သော သမ္ဗုဒ္ဓေဂါထာ ဓမ္မတေးသီချင်းမှာ ပြီးဆုံးသွားပေတော့သည်။

သမ္ဗုဒ္ဓေတေးသီချင်းကို အဆိုတော် ကိုမြသောင်းက သီဆိုထားပါသည်။ ထိုအခါ ကျေးလက်တောရွာများနှင့် မြို့ကြီးပြကြီးများအထိ အဆိုပါ တေးသီချင်းမှာ ခေတ်

စားနေသည်။ အထူးသဖြင့် အဆိုပါ သမ္ဗုဒ္ဓေ ဓမ္မတေး သီချင်းကို ဘယ်အချိန်ဖွင့်နားထောင်ထောင် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလျက် ရှိနေသည်ကို တွေ့ရှိ ရမည် ဖြစ်သည်။

ဤသည်မှာ ဒုလ္လဘရဟန်း ကိုတင်အုန်း ရေးစပ်ခဲ့သော သမ္ဗုဒ္ဓေဂါထာတော်မြတ်တေးသီချင်း၏ ဂုဏ်ထူးဝိသေသတရပ်ပင် ဖြစ်ပါသတည်း။

မောင်ယဉ်နွယ်

( ၈ )

## ဘိုးဘိုးအောင်၏ သမ္ဗုဒ္ဓေဂါထာကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
ဂင်္ဂါယံ ဝါဠုကာ စုဏ္ဏေ။

( ၂ ) ပရာ ဇေတွာ ဗဟု ဖုလ္လေ၊
နမာမိ သိရသာ မဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

လုံးဘွဲ့ ၁၂-ပိုဒ်၊ ၉၆-လုံး ရှိသော

## အများသုံး၊ သမ္ဗုဒ္ဓေဂါထာတော်

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။

( ၂ ) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

နှဲကြိုးဆရာတော်ဘုရား၏

၁၀-ပိုဒ်ရှိသော

# သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝိသဉ္စ၊
ဒွါ ဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။

( ၂ ) တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

## မဟာအာကာကြီး သမ္ဗုဒ္ဓေ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဗုဒ္ဓေါ မေ သတ္တ ပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
ဗုဒ္ဓံ သရဏံ ဂတာ၊
သဗ္ဗ ဒုက္ခာ ဝိနဿန္တု။ ။

( ၂ ) ဒွါ ဒသဉ္စ သဟ ဿကေ၊
ဓမ္မော မေ သတ္တ ပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
ဓမ္မံ သရဏံ ဂတာ၊
သဗ္ဗ ဘယာ ဝိနဿန္တု။ ။

( ၃ ) ပဉ္စ သတ သဟ ဿာနိ၊
သံယော မေ သတ္တ ပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
သံဃံ သရဏံ ဂတာ၊
သဗ္ဗ ရောဂါ ဝိ နဿန္တု။ ။

( ၄ ) နမာမိ သိရသာ မဟံ၊
အပ္ပကာ ဝါဋ္ဋုကာ ဂင်္ဂါ။
အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ။
အာ ဒရေန နမာ မဟံ။

( ၅ ) နမ က္ကာရာ နု ဘာဝေန၊
မ, အ, ဥ ဟိတွာ၊
သဗ္ဗေ ဥပ ဒ္ဒဝေ၊
ဥ, အ, မ အနေကာ အန္တရာယာ ပိစ
ဝိ နဿန္တု အ သေသတော။ ။

# သီဟိုဠ်သမ္ဗုဒ္ဓေကြီး မူတမျိုး

( ၁ ) နမော တဿ၊ယဒေတာ ပဟိနတာ
ယဿ တဓ္မော။

( ၂ ) အဋ္ဌာန မေတံ ဘိက္ခဝေ အနဝ ကာသော
ယော ပရူ ပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ
နိဗ္ဗာယန္တိ။

( ၃ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဗုဒ္ဓါ မေ သတ္တ ပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဣ, သွာ, သု၊
ဗုဒ္ဓံ သရဏံ ဂတော၊
သဗ္ဗ ဒုက္ခာ ဝိနဿန္တု။

( ၄ ) ဒွါဒသဉ္စ သဟဿကေ၊
ဓမ္မော မေ သတ္တ ပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
ဓမ္မံ သရဏံ ဂတော၊
သဗ္ဗ ဘယာ ဝိနဿန္တု။

( ၅ ) ပဉ္စသတ သဟ ဿာနိ၊
သံဃော မေ သတ္တ ပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
သံဃံ သရဏံ ဂတော၊
သဗ္ဗ ရောဂါ ဝိနဿန္တု။ ။

( ၆ ) နမာမိ သိရသာ မဟံ၊
အမတံ ဝါဠုကံ ဂင်္ဂံ။
အနန္တံ နိဗ္ဗုတံ ဗုဒ္ဓံ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ။
အာ ဒရေန နမာ မဟံ။ ။

( ၇ ) နမ က္ကာရာ နုဘာဝေန၊
မ, အ, ဥ၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
ဥ, အ, မ၊
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

( ၈ ) နမော ဗုဒ္ဓါယ၊ ယ ဒ္ဓါ ဗု မော န။
ဗုဒ္ဓ နိမိတ္တံ၊ ဓမ္မ နိမိတ္တံ၊ သံဃ နိမိတ္တံ၊
ပတိမာ ဗုဒ္ဓါ သုည ဗုဒ္ဓေါ ပါ အာရုဟံ ဘဂဝါ ထိ။

# သီဟိုဠ် သမ္ဗုဒ္ဓေကြီး

( သက္ကတမူ )

ဗုဒ္ဓါ အနုန္နာ မရိယာ သု သင်္ချယေ။
ဗုဒ္ဓါ အနုန္နာ သုဟာလာ ဓိ သင်္ချယေ။
ဗုဒ္ဓါ ရိယာ ဿဲ ပကု လက္ခ ကပ္ပကော။
ဝန္ဒာမိ တေ ဇိရ နိရ က္ကမေ အဟံ။ ။

**မှတ်ချက်။ ။**

“ပကု”ကို“ရှကု”ဟု သက္ကတမူအတိုင်း အသံထွက်ပါ။

ယက္ကန်းစင်တောင် ဆရာတော်
အမြဲရွတ်ဖတ်တော်မူသော

## သမ္ဗုဒ္ဓေကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါ ဒသေ သဟဿ ကေ၊
ပဉ္စ သတ သဟဿ ကေ။
ဂင်္ဂါ ဝါဠုကာ တိက္ခန္ဓေ။

( ၂ ) အ ပ္ပမေယျ ဇိနု တ္တရေ၊
အနန္တ နိဗ္ဗုတော ဇိနေ။
တေသံ ဓမ္မေစ သံဃေစ၊
အာ ဒရေန နမာ မဟံ။ ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

○

# အရှည်ဆုံး သမ္ဗုဒ္ဓေကြီးတမျိုး

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဗုဒ္ဓေါ မေ အမှာကံ သတ္တ ပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂) ဒွါ ဒသဉ္စ သဟဿ ကေ၊
ဓမ္မော မေ အမှာကံ သတ္တ ပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၃) ပဉ္စ သတ သဟဿာနိ၊
သံဃော မေ အမှာကံ သတ္တ ပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။

(၄) နမာမိ သိရသာ မဟံ၊
သဗ္ဗေ ဗုဒ္ဓါ ဇိန ဝိတ္တာ၊
ဓတသံ ဓမ္မဉ္စ၊
သဗ္ဗေ ဓမ္မာ ဇိန ဝိတ္တာ၊ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

(၅) သဗ္ဗေ သံဃာ ဓိနေ ဝိတ္တာ၊
နမ က္ကာရာ နု ဘာဝေန၊
မ, အ, ဥ၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ၊
ဥ, အ, မ၊
အနေကာ အန္တရာယာ ပိ။

(၆) နမော ဗုဒ္ဓါယျ၊
ယျ, ဒ္ဓါ, ဗု, မော, န၊
သံ, ဂုံ, ပ, မ, ယျံ၊
ယျံ, မ, ပ, ဂုံ, သံ၊
န ကာရံ မာတာ ပါပံ ဝိနဿတု။
မော ကာရံ ပိတာ ပါပံ ဝိနဿတု။
ဗု ကာရံ ဉာတိ ပါပံ ဝိနဿတု။
ဒ္ဓါ ကာရံ ရာဂ ပါပံ ဝိနဿတု။
ယျ ကာရံ အတ္တနော ပါပံ ဝိနဿတု။
အ သေသတော။

## အခြား သမ္ဗုဒ္ဓေ မူကွဲတမျိုး

(၁) သမ္ဗုဒ္ဓေ မမ အတိ ကာလ ဥာဏေန၊
သဗ္ဗ ဣစ္ဆာသယံ၊
စတု ဒေဝ စက္ကံ၊
ပဉ္စ ဗုဒ္ဓ ဥာဏံ၊
အဟံ သမိဇ္ဈန္တု။ ။

(၂) သမ္ဗုဒ္ဓေ အဋ္ဌ ဝိသဉ္စ၊
မမ အဋ္ဌိ ဓိကလံ၊
ပရိ သေဝနံ မမ ရာဇာ၊
ဥဥ, အအ, မမ၊
အန္တော မဟာ ယဿ မန္တာ၊
လောက ပါလာ ဂစ္ဆတိ။
ကရေ ဒေဝ ရာဇိန္ဒော ဘဝိဿတိ။

(၃) သမ္ဗုဒ္ဓေ အဋ္ဌ ဝိသဉ္စ၊
မမ အန္တာ ဒိကလံ၊
တြိပေ သဒုံ၊
မဟာ ရာဇာ၊
ဥဥ, အအ, မမ၊
အန္တော မဟာ ရဿ၊
မန္တာ လောက ပါလာ၊
ဂန္ထတိ အန္တ စေဝ၊
ရာဇိနော ဘဝိဿတိ။

မှတ်ချက်။ ။

အဋ္ဌရသ စမကျမ်း ပေမူမှ ရသည်။
ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။

( ၄ )

## ဘေးဆိုးအမျိုးမျိုး၊ အန္တရာယ်ဆိုး အမျိုးမျိုးမှ လွတ်ကင်းနိုင်သည့်
## လေးကျွန်း သမ္ဗုဒ္ဓေကြီး
## တောင်ကျွန်း သမ္ဗုဒ္ဓေ

(၁) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါ ဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။ ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။ ။

(၃) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

( ၁၁ )

# မြောက်ကျွန်း သမ္ဗုဒ္ဓေ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါ ဝီသဉ္စ ဣမေ ဗုဒ္ဓေ။
ကော တိံ သံ သဗ္ဗေ ဗုဒ္ဓေ၊
ဒွ တ္တိံ သံ စ မဟာ ဗုဒ္ဓေ။ ။

( ၂ ) ပဉ္စ ဝီသံ ဗုဒ္ဓ နေတ္တိံ၊
ဒွ တ္တိံ သံ ဗုဒ္ဓ ဘာဝနေ။
ဝေဒေန ဗုဒ္ဓ ဂုဏေန၊
တေသံ ဓမ္မဉ္စ သံဃဉ္စ။
အာ ဒရေန နမာ မဟံ။ ။

( ၃ ) နမက္ကာရာ နု ဘာဝေန။
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိနဿန္တု အ သေသတော။ ။

## အရှေ့ကျွန်း သမ္ဗုဒ္ဓေ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
မမ ဂဏှန္တုံ ပုရတော။
ပဉ္စ ဗုဒ္ဓါ မဟာတေဇော၊
မမ သီသေ နိ သီဒတိ။ ။

(၂) ဒ္ဗ ရိတံ မံ ရက္ခန္တု၊
မေ ဇယ မင်္ဂလံ အဂ္ဂံ။ ။

(၃) သဗ္ဗေ ပိ မေ နမဿာမိ၊
ဂုဏေ အာဘတ္တံ ပုဂ္ဂလေ။
အရိယာနဉ္စ သဗ္ဗသံ၊
သာဝကာနဉ္စ သဗ္ဗသော။ ။

## အနောက်ကျွန်း သမ္ဗုဒ္ဓေ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
သဗ္ဗ တေဇာ သဗ္ဗ ဂုဏာ။
သဗ္ဗ သုခံ လဘတု မေ။
ဆာဝိ ဆာယာ ဆာယိစ ဆာယာံ။

( ၂ ) သဗ္ဗညုတ ဉာဏ ဝရံ၊
သဗ္ဗ သတ္တရု သဗ္ဗ ဘယံ။
ဝိ နဿန္တု အ သေသတော။ ။

(ဤ)

## မဟာ လာဘ သမ္ဗုဒ္ဓေကြီး

(၁) သြောင်း-သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ ပဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊ ဗုဒ္ဓ သေဋ္ဌံ မဟာ တေဇံ၊ သဗ္ဗပိယံ လာဘာ-လာဘံ။

(၂) သြောပ်း-နမော ဗုဒ္ဓ၊ ဇယျမင်္ဂလံ သိဒ္ဓိ ပုညာံ၊ ကောသံ ဗုဒ္ဂဋ္ဌ-ဓမ္မဋ္ဌ၊ သံဃဋ္ဌ၊ အာဒရေန-နမာမဟံ။
နမက္ကာရာ နုဘာဝေန ဟိတွာ၊ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကာ အန္တရာ ယာပိ၊ ဝိနဿန္တု-အသေသတော။

(၃) အာဂစ္ဆေယျ သဗ္ဗဒေဝါ၊
အာယု ဝဏ္ဏော သုခံ ဗလံ။
ဇယံ၊ တေဇ၊ ဒသ ဒိသာ၊
ဘဝတု မမ သဗ္ဗဒါ။ ။

ဤ သမ္မုဒ္ဒေဂါထာတော်မြတ်ကြီးကို နေ့စဉ် ဝတ်ပြုရွတ်ဖတ် ထား၍ သက်စေ့ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့်-

—အန္တရာယ်ဆိုး၊ ကြမ္မာဆိုးအမျိုးမျိုးမှ ကင်းဝေးခြင်း။
—လူ နတ်တို့ ချစ်ခင်လေးစားခြင်း။
—ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း။
—စီးပွား လာဘ်လာဘများ တနေ့တခြားတိုးတက်ခြင်း။
—ရရှိပြီးသော စီးပွားဥစ္စာတို့ တည်တန့်ခိုင်မြဲခြင်းစသော ဝိသေသများဖြင့် ပြည့်စုံပါသည်။

အထက်ပါ မဟာလာဘ သမ္မုဒ္ဒေဂါထာတော်ကြီးကို မရွတ်ဖတ်မီ ဆီမီး၊ ရေချမ်း၊ သွမ်း၊ အမွှေး နံ့သာများကို လှူဒါန်း၍ မိမိသက်စေ့ နေ့စဉ်မှန်မှန် ပူဇော်ခြင်းဖြင့် မကြာမီ ထူးခြားမည်ဖြစ်ပါသည်။

အထူးသဖြင့် ဤမဟာလာဘသမ္မုဒ္ဒေကြီးကို တနေ့လျှင် ပုတီး (၁၀၈)လုံး တပတ်ကျ အမိဋ္ဌာန်(၉)ရက် ဝင်ပါလျှင် ပို၍ ထူးခြားလှပါသည်။

အန္တရာယ်ကင်းရှိမျှသာမက စီးပွားလာဘ်လာဘလည်း ရှင်သော ဤသမ္မုဒ္ဒေဂါထာတော်မြတ်ကြီးကို အရကျက်၍ နေ့စဉ် ရွတ်ပွားတော်မူကြပါကုန်။

မှတ်ချက်။

အထက်ပါ သမ္ဗုဒ္ဓေကြီးမှာ တမူဆန်းသစ်၍ ထူးခြားလှသော ဂါထာတော်ကြီး ဖြစ်ပါသည်။

ရှေးက တင်ပြခဲ့သော ဂါထာတော်ကြီးများမှာ အန္တရာယ်ဆိုးအမျိုးမျိုး၊ ဘေးဆိုးအဖုံဖုံတို့ကို ကာကွယ်နိုင်ရုံသာမက လောကီကိစ္စများပင် ပြီးမြောက်နိုင်ကြောင်း ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး မိန့်မှာခဲ့ပါသည်။ (ပဉ္စမာရုံ ဆရာတော်ဘုရားကြီး၏ သမ္ဗုဒ္ဓေ ဂါထာတော်မြတ် အသုံးအဖြင့်ကို ကြည့်ပါ)။

သမ္ဗုဒ္ဓေ ဂါထာတော်မြတ်တို့သည် တဂါထာနှင့် တဂါထာမှုကွဲများ ခြားနားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ပွင့်လေကုန်ပြီးသော ရှင်တော်မြတ်တို့အား ကန်တော့ပန်းဆင်ရာ၌ ရှေးသူတော်ကောင်းကြီးများသည် သမ္ဗုဒ္ဓေ ဂါထာတော်မြတ်တို့ကို အမျိုးမျိုးဖွဲ့နွဲ့သီကုံးခဲ့ကြပါသည်။

အထက်ပါ မဟာလာဘ သမ္ဗုဒ္ဓေကြီးမှာ ဘေးဆိုးအမျိုးမျိုး၊ အန္တရာယ်ဆိုးအဖုံဖုံ၊ ဂြိုဟ်ဆိုး ဒသာဒုဝဝတို့ကို ဖယ်ရှားနိုင်ရုံမျှမက မိမိတို့ရရှိသင့် ရရှိထိုက်သော စီးပွားဥစ္စာများလည်း အလျှင်အမြန်ရရှိနိုင်သည်ဟု ဆရာမြတ်တို့ မိန့်ဆိုကြပါသည်။ တနည်းအားဖြင့် အထက်ပါ မဟာလာဘ သမ္ဗုဒ္ဓေမှာ စွယ်စုံရသော ဂါထာတော်မြတ်ကြီး ဖြစ်သည်ဟု ဆိုက မမှားပါ။

# ကန်တော့ပန်း

(၁) ဂင်္ဂါယ ဝါဠုကာ တုလျာ၊
ဗုဒ္ဓါတီတာ အနာဂတာ။
ပစ္စုပ္ပန္နေစ ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(၂) ဂင်္ဂါယ ဝါဠုကာ တုလျာ၊
ဓမ္မာတီတာ အနာဂတာ။
ပစ္စုပ္ပန္နေစ ယေ ဓမ္မာ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(၃) ဂင်္ဂါယ ဝါဠုကာ တုလျာ၊
သံဃာ တီတာ အနာဂတာ။
ပစ္စုပ္ပန္နေစ ယေ သံဃာ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဂင်္ဂါယ=ဂင်္ဂါမြစ်ထဲ၌။ ဝါဠုကာတုလျာ=ကျောက်သလဲနှင့်အမျှ ကုန်သော။ အတီတာ=ပွင့်လေကုန်ပြီးသော။ ယေဗုဒ္ဓါစ=အကြင် ဘုရားတို့သည် လည်း

## (၂) အရှင်သုသုက

ကောင်း။ အနာဂတာ=နောင်ပွင့်လတ္တံ့ဖြစ်ကုန်သော။ ယေဗုဒ္ဓါစ= အကြင် ဘုရားတို့သည် လည်းကောင်း။ ပစ္စုပ္ပန္နေ= ပစ္စုပ္ပန်၌။ ပဝတ္တာ= ပွင့်ဆဲဖြစ်ကုန်သော။ ယေဗုဒ္ဓါစ=အကြင်ဘုရားတို့သည်လည်းကောင်း။ သန္တိ= ရှိကုန်၏။ တေဗုဒ္ဓါ= ထိုပွင့်လေပြီးသော ဘုရား၊ ပွင့်လတ္တံ့သောဘုရား၊ ပွင့်ဆဲသော ဘုရားတို့ကို။ အဟံ= တပည့်တော်သည်။ သဗ္ဗဒါ=အခါခပ်သိမ်း။ ဝန္ဒာမိ= ရှိခိုးပါ၏။ ။

(မှော်နှင့်သံဃာ အနက်တို့မှာ အထက်ပါ အတိုင်း ဖြစ်ပါသည်)။

# စာရေးသူ၏အမှာ

ဤသမ္မုဒ္ဒေဂါထာတော်မြတ်များနှင့် ကျင့်စဉ်စာအုပ်ငယ်ကို ပြုစုရေးသားရန်အတွက် လွန်ခဲ့သောနှစ်များကပင် စိတ်ဆန္ဒဝယ် ပြင်းပြခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် သမ္မုဒ္ဒေဂါထာတော်မြတ်များသည် မြန်မာတို့၏အသည်း မြန်မာတို့၏ နှလုံးသည်းပွတ်ပမာ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မြန်မာလူမျိုးများနှင့် ပြည်ထောင်စုဘွား တိုင်းရင်းသားတချို့သည် ငယ်စဉ်တောင်ကျေးကလေးမှစ၍ သမ္မုဒ္ဒေဂါထာတော်မြတ်ကို ရရှိကြပါသည်။

ဤသမ္မုဒ္ဒေဂါထာတော်မြတ်ကို အိုမင်းရင့်ရော်သည်အထိ ရွတ်ဖတ်သရဇ္ဈာယ်၍ ဘုရားရှိခိုးကြပါသည်။

ထို့ကြောင့် ဤသမ္မုဒ္ဒေဂါထာတော်မြတ်နှင့် ပတ်သက်၍ စာအုပ်ငယ်တအုပ်ဖြစ်ရန် စာရေးသူ၏ စိတ်ဆန္ဒဝယ် ပြင်းပြခဲ့ခြင်းဖြစ်ပါသည်။

သမ္မုဒ္ဒေဂါထာတော်မြတ်သည် သထုံပြည်၌ ဗုဒ္ဓသာသနာအား နေရောင် လရောင်ပမာ ထွန်းလင်းစေခဲ့သော မနူဟာမင်းနှင့် ပေါက္ကံပြည် အနော်ရထာမင်းစော လက်ထက်မှစ၍ ပေါ်ခဲ့သည်ဟုလည်း အချို့ပညာရှင်များက ဆိုပါသည်။ *

## (၄) အရှင်သုသုက

အဘယ်ကြောင့်ဆိုသော် မိုးကုတ် မိုးမိတ် သစ်တောနယ် အဝင် အော့ရွာ ဘုန်းတော်ကြီး ဦးစိန္တာသည် အိပ်မက်အရ ရွှေလီမြစ်ကမ်းပေါ်၌ တည်ရှိသည့် စေတီဟောင်း လေးဆူကို တူးဖော်ရာ ဓာတ်တော်၊ ညှပ်ရိုးတော်၊ ရုပ်ထုတော်၊ စေတီတော်များနှင့် ဗုဒ္ဓဝင် အုတ်ခွက်၊ သမ္မုဒ္ဒေ အုတ်ခွက်များကိုပါ ရရှိကြောင်း ဖော်ပြထားပါသည်။**

သမ္မုဒ္ဒေ ဂါထာတော်မြတ်သည် ရာစုနှစ်ပေါင်း မြောက်မြားစွာမှ ယနေ့မျက်မှောက် ၂၀ ရာစုနှစ်များအထိ တည်ရှိနေခဲ့ပါသည်။

သမ္မုဒ္ဒေ ဂါထာတော်မြတ်နှင့် ပတ်သက်၍ ဤစာအုပ်ငယ် ပြုစုရာတွင် ခေတ်နှင့် သင့်တင့် လျော်ကပ်မည် ဖြစ်သော အချက်အလက်များကိုသာ တင်ပြထားပါသည်။ကျန် သမ္မုဒ္ဒေ အင်းတော်များ၊ သမ္မုဒ္ဒေသိမ်းမန်းများ၊ သမ္မုဒ္ဒေ ထုံးမန်းများကို ချန်လှပ်ခဲ့ပါသည်။

ဤသမ္မုဒ္ဒေဂါထာတော်မြတ်များနှင့် ပတ်သက်၍ ကိုးကား တင်ပြရာတွင်လည်း သူ့ရှိရင်းစွဲအတိုင်း မူလ ပကတိအတိုင်း ရိုးရိုးသားသား တင်ပြထားပါသည်။

---

* စာပြုဆရာကြီး ဦးပေါ်ဦးရေး—ဂုဏ်တော် ကိုးပါး ပုတီးစိပ်နည်း။

** ၁၉၄၇–၄၈ ခုနှစ်၊ မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဝန်၏ အစီရင်ခံစာ။

သမ္မုဒ္ဒေ ဂါထာတော်မြတ်များနှင့် ကျင့်စဉ် စာအုပ်ငယ်၌ ချွတ်ယွင်းချက်များကို တွေ့ရှိပါက စာရေးသူ၏ အပြစ်သာဖြစ်သည်ဟု ယူဆစေလိုပါသည်။

ဤစာအုပ်ငယ်ကို လေ့လာရသဖြင့် အကျိုးကျေးဇူးခံစားရရှိကြသည် ဖြစ်ပါမူ သမ္မုဒ္ဒေ ဂါထာတော်မြတ်များကို ရေးသားစပ်ဆိုသူ အရှင်သူမြတ်များ၊ သူတော်စင်များ တို့ကိုသာလျှင် ကြီးစွာသော ကျေးဇူးတို့ဖြင့် ပူဇော် ကန်တော့ကြပါကုန်ဟု ကြိုတင်ပန်ကြား နှိုးဆော်အပ်ပါသတည်း။ ။

အန္တရာယ်တွေ ကင်းလွတ်မလေ....

ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ....

# ကျွန်တော်နှင့် တန်ခိုးကြီးသမ္မုဒ္ဒေ ဂါထာတော်များ

နုထွေးသော ရွှေနေခြည်သည် လင်းအရုဏ်ဝယ် ဖြာ၍ ကျွန်တော့အား နှုတ်ဆက်လာသည်။

နံနက်၏ တေးဂီတများကို သပိတ်လွယ် ငှက်ငယ်ကလေးများက ခုန်ပေါက်ကာ သီဆိုနေကြသည်။

ကျွန်တော်သည် ကျောင်းပရဝုဏ်အတွင်းသို့ရောက်လာသဖြင့်စီးလာသော ဖိနပ်ကို ချွတ်လိုက်သည်။

ထုံးသင်္ကန်းများဖြင့် ဖြူဖြူဖွေးလျက် ရှိသော စေတီတော်ကလေးမှ ဆည်းလည်းသံများမှာလည်း အမြိုက်တေးကို တိုက်ကျွေးသလိုရှိနေသည်။

ကျွန်တော်သည် ဖွဲ့သွင်းသော ခြေလှမ်းများကို ရွရွကလေးနှင်း၍ ဝင်လာမိသည်။ ကျောက်ဖယောင်းတိုင်များမှ ဖြာဝင်းလျက်ရှိသော အလင်းရောင်တို့မှာ အရှင်သူမြတ်၏ မျက်နှာတော်သို့ ဟပ်လျက်ရှိသည်။

နှံ့သာဖြူ အမွှေးတိုင်များမှ အငွေ့များသည် ကျောင်းတခန်းလုံးဝယ် ပျံ့နှံ့လျက်ရှိနေသည်။

## (၈) အရှင်သုသုက

အရှင်သုမြတ်သည် မျက်လှာကိုချ၍ ဘုရားဂုဏ်တော်များကို ရွတ်ဆိုနေသည်။ ကျွန်တော့်ရင်ဝယ် အေးမြသော ပီတိလှိုင်းတို့ဖြင့် ပြည့်၍ပြည့်၍လာခဲ့သည်။

ကျွန်တော်၏ ကြောင်လက်ဖြင့် သစ္စာလေးပါး တရားမြတ်ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားအား ကန်တော့သည်။ ပြီးလျှင် အရှင်သုမြတ်အား ကန်တော့ပါသည်။

ဦးပြည်းတုံးအပ်သော ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ဆောင်အပ်သည့် ဆရာ အရှင် သုမြတ်ကို ကန်တော့ရသည်မှာ မဝခဲ့။

ဤအရှင်သုမြတ်သည်ပင် ကျွန်တော့်အား ငယ်စဉ်ကတောင်ကျေးမှ ယခုအထိ သွန်သင်ဆုံးမခဲ့သည်တကား။

အရှင်သုမြတ်သည် ပွင့်လေကုန်ပြီးသော ဂင်္ဂါမြစ်ထဲ ကျောက်သလဲလုံးအမျှရှိသည့် ဘုရားရှင်တို့အား ကန်တော့ပန်း ဆင်နေပြန်သည်။ ဆရာတော် သီဆိုဝပ်ဖြည့်နေသည်ကား **သမ္ဗုဒ္ဓေဂါထာတော်မြတ် ဘုရားရှိခိုးကြီး** ပင်တည်း။

ဤ ဂါထာတော်မြတ်ကို ကျွန်တော့်အား ငယ်စဉ်ကပင် နှုတ်တိုက်ချပေးခဲ့ရှာသည်။

### အဓိဋ္ဌာန်ပုတီးစိပ်နည်းဆိုတာ ဘာလဲ

အထူးသဖြင့် ဤသမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီးအား မိမိအတွက် မလုပ်လျှင်မဖြစ်သော၊ မိမိကိုယ်တိုင် အားကိုးရာမဲ့ ဖြစ်လာသောအခါများ၌ ယုံယုံကြည်ကြည်၊ ဖြူဖြူစင်စင်၊ ရိုးရိုးသားသား အားထားပြုရန် မိန့်ဆိုသည်။

ထိုအခါများ၌ သမ္ဗုဒ္ဓေ ဂါထာမြတ်ကို သစ္စာအဓိဋ္ဌာန် ပြုပြီး ပုတီးစိပ်ရန်လည်း မှာသည်။ အဓိဋ္ဌာန်ဆိုသည်မှာ မိမိ မွေးရက်မှ စ,ရသည်။

(၁) တိကျသော အချိန်ကို သတ်မှတ်ရသည်။ (ဥပမာ ည ၉-နာရီ၊ သို့မဟုတ် မိမိအမြဲတမ်း ပြုလုပ်နိုင်မည့်အချိန်)။

(၂) တိကျသော နေရာကို သတ်မှတ်ရသည်။

(၃) တိကျသော ပုတီးပတ်ကို စိပ်ရသည်။ (အနည်းဆုံး ပုတီးကိုးပတ်စိပ်ရသည်)။

(၄) တိကျသော ရက်ကို သတ်မှတ်ရသည်။ (အနည်းဆုံး ကိုးရက်)။

(၅) တိကျသောတခုတည်းသောဆုကိုတောင်းရသည်။

## အဓိဋ္ဌာန်ဝင်ပုံ

အထက်ပါ နံပါတ်(၁)မှ(၅)အထိတို့ကို ပထမဦးစွာ သစ္စာ အဓိဋ္ဌာန် ပြုရပါသည်။ ဥပမာ—စနေသားသည် စနေနေ့တွင် မိမိအားလပ်မည့်အချိန်ကို သတ်မှတ်၍ လှူဖွယ်ဝတ္ထုများကို မြတ်စွာဘုရားအား ကပ်လှူဒါန်းပြီးလျှင်—

"အရှင်ဘုရား၊ တပည့်တော် စနေသားသည် ဤနေရာ ဤဌာန၌ ညစဉ် ၉ နာရီမှ ၁၀ နာရီအတွင်း သမ္ဗုဒ္ဓေဂါထာ တော်မြတ်ကြီးကို ပုတီးအပတ်ပေါင်း ၉ ပတ် ၉ ရက်စိပ်ပါ

မည်ဟု အဓိဋ္ဌာန် ပြုပါသည်။ ဤသို့ အဓိဋ္ဌာန်ပြု၍ ပွင့်လေ ကုန်ပြီးသော သဲလုံးအမျှရှိသည့် မြတ်စွာဘုရားတို့အား ပူဇော်ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် (............)ဆုကို ရရှိလိုပါ၏"

ဟူ၍ တခုတည်းသော ဆုကိုသာ တောင်းရလေသည်။

ထိုသို့ သစ္စာအဓိဋ္ဌာန်ပြုစဉ် လှူဖွယ်ဝတ္ထုများဖြစ်သော – ရေချမ်း အမွှေး ပန်းတို့ကို နေ့စဉ် အတိအကျ လှူနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

## မေတ္တာ ပွားများပါ

သစ္စာအဓိဋ္ဌာန် ပုတီးစိပ်ပြီးတိုင်း–

—မေတ္တာဘာဝနာ ပွားများခြင်း၊

—မေတ္တာပို့ခြင်း၊

—မေတ္တာသုတ်ကို ရွတ်ဖတ်ခြင်း၊

—ထို့နောက် သာသနာစောင့် နတ်များနှင့် သာသနာစောင့် နတ်ဝိဇ္ဇာကြီးများအား အမျှအတန်း ဝေခြင်း–

စသည်များကို ပြုလုပ်၍ မိမိ၏ သစ္စာအဓိဋ္ဌာန်အတိုင်း တခုတည်းသောဆုကိုသာ တောင်းဆိုရပါမည်။

ထိုသို့ သစ္စာအဓိဋ္ဌာန်ပြု၍ ပြီးဆုံးအောင်မြင်သော နေ့တွင် အမျှအတန်းများကို ပေးဝေစေပြီး နောက် သမ္မာဒေဝနတ်များ နှင့် ဝိဇ္ဇာဓိုရ်ကြီးများအား တိုင်တည်၍ သစ္စာအဓိဋ္ဌာန် ပြုထား

သည့်အတိုင်း ဆုကို ပြည့်မြောက်အောင်မြင်စေရန် ပန်ကြားရ လေသည်။

အထက်ပါအချက်အလက်များဖြင့် ပြည့်စုံစွာသမ္ဗုဒ္ဓေဂါထာ တော်မြတ်ကို သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက အောင်မြင်ရမြဲ ဖြစ်သည်ဟု အရှင်သူမြတ်က မိန့်ဆိုမှာကြားဘူးပါသည်။

## သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ပုတီးစိပ်မည်ဆိုလျှင်

ဤသမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီးသည် ဘေးအပေါင်းတို့ကို လည်းကောင်း၊ ရန်အပေါင်းတို့ကိုလည်းကောင်း ကင်းဝေး စေသည်ဟု ဆိုးမခဲ့ဘူးပါသည်။ထို့အပြင် သမ္ဗုဒ္ဓေဂါထာတော် မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရုံမျှသာမက နေ့စဉ်ညစဉ် ၁၀၈ လုံး ရှိသည့်ပုတီးဖြင့် ၁၀ ပတ်ရအောင် ပုတီးစိပ်ရန်ကိုလည်း မိန့်မှာ ပေသည်။

သို့တည်းမဟုတ် မိမိတတ်နိုင်သလောက် ပုတီးပတ်ကို ညစဉ် စိပ်ရန်လည်းမှာသည်။ သို့သော် မိမိညစဉ်စိပ်သော ပုတီးပတ် သည် အမြဲမှန်၍ နေပေမည်ဟုဆိုသည်။ သို့မှလည်း ဝတ်တခု အနေဖြင့်တည်၍ မှန်ကန်နေပေမည်။

ထိုသို့ ပုတီးမစိပ်မီ အောက်ပါအချက်များကိုလည်း ဂရု တစိုက် လိုက်နာရပြန်သည်။ယင်းတို့မှာ—

—ဦးစွာ ပန်း၊ဆီမီး၊ရေချမ်း၊ အမွှေးနံ့သာ စသည်တို့ဖြင့် အနန္တောအနန္တငါးပါးတို့အား ကန်တော့ရသည်။

—ထို့နောက် ငါးပါးသီလတို့ကို ခံယူရသည်။
—ငါးပါးသီလကို ခံယူပြီးနောက် ဘဝ အဆက်ဆက်မှစ၍ မိမိက ကိုယ်စိတ်နှစ်ပါး တပါးပါးဖြင့် ပြစ်မှားခဲ့သော ပုဂ္ဂိုလ်များရှိပါက ခွင့်လွှတ်ရန်တောင်းပန်ကန်တော့ရသည်။
—မိမိအားလည်း ကိုယ်စိတ်နှစ်ပါး တပါးပါးဖြင့် ပြစ်မှားခဲ့သူရှိပါက ခွင့်လွှတ်ကြောင်း ရွတ်ဆိုရသည်။
ပြီးလျှင် အောက်ပါအစီအစဉ်အတိုင်း ပုတီးစိပ်ရတော့သည်။

## စနစ်တကျပုတီးစိပ်ပါ

(၁) ဆိတ်ငြိမ်သောအချိန်၊ ဆိပ်ငြိမ်သောအရပ်တို့ကို ရွေးချယ်ခြင်း။
(၂) ထက်ဝယ် တင်ပျဉ်ဖွဲ့ခွေထိုင်ခြင်း။
(၃) စက္ခုဒွါရ၊သောတဒွါရ၊ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရဟု ဆိုအပ်သော ဒွါရငါးပေါက်ကို ပိတ်ဆို့ခြင်း။
(၄) ခါးအထက်ကိုယ်ကို ဖြောင့်မတ်စွာထားခြင်း။
(၅) မိမိရှေ့တည့်တည့်တထောင့်ထွာခန့်၌သက်တော် ထင်ရှား မြတ်စွာဘုရားတို့အား ပေါ်လာအောင် မနောစိတ်ဖြင့် ထားခြင်း။
(၆) မြတ်စွာဘုရားတို့အား စိတ်ဖြင့် အမြဲအောက်မေ့ ပူဇော်ခြင်း။

(၇) ထိုမြတ်စွာဘုရားတို့အားစေ့စေ့ကြည့်၍ ကြည်ညိုစိတ်ပွားကာ သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို ပွားများခြင်း။

စသောအချက်များဖြင့် ပုတီးကိုဝတ်ပြုရင်း အတိုင်းစိပ်ရသည်။

ဤသို့ ပုတီးစိပ်ပြီးနောက်—

—မေတ္တာ ဘာဝနာများကို ပွားများခြင်း၊

—မေတ္တာသုတ်ကို ရွတ်ဖတ်ခြင်း၊

—ပြီးလျှင် သာသနာတော်အား စောင့်ရှောက်ကြကုန်သော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား အမျှဝေခြင်း၊

—သာသနာအား စောင့်ရှောက်ကြကုန်သောနတ်ဝိဇ္ဇာဓိုရ်ကြီးများအား အမျှပေးဝေခြင်းနှင့်

—အခြားသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်မင်းများကိုပါ အမျှအတန်းပေးဝေခြင်းပြုရလေသည်။

ထို့နောက် မြတ်စွာဘုရားထံဝယ် မိမိလိုသော ဆုများကို တောင်းရသည်။

ဤသည်တို့မှာ အရှင်သူမြတ်၏ အဆုံးအမများ ဖြစ်ပါသည်။

အရှင်သူမြတ်တို့၏ အဆုံးအမတွင်သမ္ဗုဒ္ဓေဂါထာတော်မြတ်သည် ဘေးအပေါင်း၊ ရန်အပေါင်း၊ ရောဂါအပေါင်းတို့ကိုသာ ကင်းဝေးစေသည်မဟုတ်၊ သင့်တင့် လျောက်ပတ်သော

လိုသမျှ ဆန္ဒအပေါင်းကိုလည်း ပြည့်စုံစေသည် ဟု မိန့်မှာပေသည်။

## သစ္စာ–ဟူသည်

"ကတိသစ္စာ၊ တည်သောဝါဒ၊ ဩဇာလေးနက်၊
ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏"

(ရှင်မဟာသီလဝံသ၏ဆုတောင်းခန်းပျို့မှ)

ဤအတိုင်း သစ္စာအဓိဋ္ဌာန်သော သူတော်စင်များမှာလည်း အခက်အခဲပေါင်း မြောက်မြားစွာမှ လွတ်မြောက်ခဲ့သည်ဟု ဆိုပါသည်။ထို့အတူ ကျွန်တော်ကိုယ်တိုင်လည်း ဘေးအပေါင်း ရန်အပေါင်း မြောက်မြားစွာမှ ဤသမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြောင့် လွတ်မြောက်ခဲ့ရပါသည်။

## အဓိဋ္ဌာန်အဖွင့်

အဓိဋ္ဌာန်–သဒ္ဒါကို အဘိဓာန်တွင်–

၁။ ဆောက်တည်ခြင်း

၂။ တည်ရာ(အာဓာရ)

၃။ ရပ်တည်ခြင်းဟု

အနက်အဓိပ္ပာယ် သုံးပိုဒ် ဖွင့်ပြထားသည်။

ယနေ့ မြန်မာပြည်တွင် အသုံးပြုကြသော အဓိဋ္ဌာန်ကား ဆောက်တည်ခြင်းပင် ဖြစ်ပါသည်။ရှေးပညာရှင် ကြီးများက

အဓိဋ္ဌာန်ကို "အဓိဋ္ဌာန"ဟု ပါဠိပျက်အနေဖြင့်လည်းကောင်း၊ "ဆောက်တည်ခြင်း"ဟု လည်းကောင်း ဘာသာပြန်ခဲ့ကြသည်။ အဓိဋ္ဌာနပုဒ်မှာ (အဓိ=ပုဒ်၊ ဌာ-ပုဒ်၊ ယု-ပစ္စည်း) နှင့် တွဲစပ်ထားသော ပုဒ်ဖြစ်ပါသည်။ မူလက အဓိ-ဌာဟု ရှိသော်လည်း အဓိဋ္ဌာဟု တွဲလိုက်သောအခါ ဋ္ဌ သံယုတ်နှင့် အဓိဋ္ဌာန်ဟု ဖြစ်လာသည်။ သဒ္ဒါအနက်အားဖြင့် တိတိကျကျ ပြန်ဆိုပါမူ (အဓိမှာ-အလွန်အကျူးအထူး၊ ဌာ—တည်စေခြင်း)ဟု ဆိုရပါသည်။ ရှေးပညာရှင်ကြီးများက လိုရင်းအနက်ကိုသာ ယူ၍ "ဆောက်တည်ခြင်း"ဟု ပြန်ဆိုခဲ့ကြပါသည်။

"ဆောက်တည်"ဟူသော စကားကို ခွဲခြား ဆင်ခြင်လျှင် "ဆောက်"မှာ စိုက်ထူခြင်းဖြစ်သည်။ (အချောင်းအတံစသည်တို့ကို မြေတွင်း၌ မရွေ့သာ မလှုပ်သာအောင် ဆောက်လိုက်တိုင်း တစ်မြှုပ်သည်၊ စိုက်သည်။ တက္ကသိုလ်မြန်မာအဘိဓာန်အပိုင်း ၅။)

"တည်" ဟူသော စကားတစ်လုံး၏ ဆိုလိုရင်းမှာ အခြားမှု ဝတ္ထု ပစ္စည်းတို့ကို ဆောင်ယူချထားခြင်း ဖြစ်သည်။ ကျောင်း, အိမ်ဂူလုပ်သည်ကို ကျောင်းဆောက်သည်၊ အိမ်ဆောက်သည်ဟု သုံးနှုန်းခေါ်ဆိုသည်။ ကျောင်း, အိမ်ဆောက်လုပ်ရာ၌ တိုင်များ ရှေးဦးစိုက်ထူရသောကြောင့် ဖြစ်၏။ စေတီ၊ အုတ်တိုက် တည်ရာ၌ကား ပေါက်ကြည်းစိုက်ထူ၍ မဖြစ်ပေ။ အုတ်ချပ်တို့ကို တဖြည်းဖြည်း စီရသောကြောင့် စေတီတည်သည်၊ အုတ်တိုက် တည်သည်ဟု သုံးခဲ့ကြပါသည်။ ထို့ကြောင့် စေတီတည်သည်၊ အိမ်ဆောက်သည်ဟု တွဲဖက်သုံးစွဲ ပြောဆိုရိုးဖြစ်ခဲ့သည်။

ဤသို့ "ဆောက်" နှင့် "တည်"မှာ တမျိုးစီ အဓိပ္ပာယ် ခြားနားသော်လည်း "ဆောက်တည်" ဟု နှစ်လုံးတွဲစပ်လိုက်သောအခါ မူလပုဒ်ကိုယ်ဒြနက်ထက် ပိုမိုလေးနက်ပြီး "မရွေ့မရှား မတုန်မလှုပ် စိတ်ထားခြင်း"သို့မဟုတ် "အတည်ဖြစ်စေခြင်း"ဟု အဓိပ္ပာယ် ပေါ်ထွက်လာသည်။

ဒုတိယ ကျော်အောင် စံထားဆရာတော်၏ "ဝေါဟာရတ္ထပကာသနီကျမ်း"ပထမပိုင်း"တည်"သဒ္ဒါ၏ အနက် အဖွင့်တွင်....

"ဆောက်တည်၊ တူးသည်ဟူသော ဆိုမှုနိုင်ခြင်းကား စိတ်၏ ရပ်တည်ခြင်းသဘောသာ ဖြစ်၏"ဟု ဖွင့်ဆိုတော်မူသည်။ ဆရာတော်သည် သေချာတိကျစေရန် ထိုတွင်လည်း "ဆောက်တည်" ဟူသော ဆိုမိန့်ရာတွင် "အဓိဋ္ဌာန်မှုခြင်း၊ ကုသိုလ်ဖြစ်စေခြင်းကိစ္စ၌တင်၏" ဟု ထပ်ဆင့် ဖွင့်ပြတော်မူပြန်သည်။ ဘုရားအလောင်းတော်များ ပါရမီဖြည့်ကျင့်ရာ ပါရမီဆယ်ပါးတွင်လည်း သစ္စာအဓိဋ္ဌာန်ကို တမျိုးစီပင် ခွဲခြားထားသည်ကို တွေ့ရသည်။

## အဓိဋ္ဌာန်ပါရမီ

အလောင်းတော် သုမေဓာသည် အဓိဋ္ဌာန် ပါရမီတော်ကို ဆင်ခြင်ရာတွင် လေပြင်းမုန်တိုင်းတို့ကြောင့် မတုန်လှုပ်သော ကျောက်တောင်ကြီးပမာ နိုင်းခိုင်းစဉ်းစားတော်မူသည်။

"အတန္တုကား၊ ကျောက်စုသတိ၊ မိုးထိဖျားလွန်၊
ကောသန်ကျင်၊ ညွန်လည်းမရော၊ သလင်းကျောတိ၊ မြေ

ကြောကုန်းခေါင်၊ သံမြို့တောင်ကား၊ ဝေလောင်ခတ်ထိ၊
မုန်တိုင်းမိလည်း၊ မချီထိပ်ညွှန်၊ တုန့်လှုပ်နန့်လျက်၊ လွန့်
ဘူးသောပါ၊ မပျိုရာသို့" (ပါရမီတော်ခန်းပျို့)

ဤနိုင်းချင်းချက်ကို ထောက်ဆ၍ 'အဓိဋ္ဌာန်-ဆောက်တည်ခြင်း' ဟူသည် မိမိရည်ရွယ်သော အလုပ်ကို မရွေ့ရှား၊ မဖြစ်မနေ ပပြောင်းလဲပဲ ကြံ့ကြံ့တည်တံ့အောင် စိတ်ထဲ၌ထားခြင်းဖြစ်သည်ဟူသော အနက်မှာ ပေါ်လွင်လှပါသည်။

## အဓိဋ္ဌာန် သုံးမျိုး

ဤအဓိဋ္ဌာန်ကိုလည်း—

(၁) ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်၊
(၂) အာသီသ အဓိဋ္ဌာန်၊
(၃) ဝတအဓိဋ္ဌာန်ဟု သုံးမျိုးခွဲခြား ဖွင့်ဆိုထားသည်။

ဘုရားအလောင်းတော်သည် သုဇာတာ သဌေးသမီး ကပ်လှူသော ပါယာသနို့ဆွမ်းကို နေရဉ္ဇရာမြစ်ကမ်းတွင် ဘုဉ်းပေးတော်မူပြီး "ယနေ့ ငါသည် ဘုရားဖြစ်မည် မှန်အံ့။ ဤရွှေခွက်သည် အညာသို့ဆန်စေသတည်း" ဟု အဓိဋ္ဌာန်ပြု၍ ရွှေခွက်ကို မျှောတော်မူသည်။ ဤသို့ ရှေ့အဖို့က နိမိတ်ပြုရန် စိတ်၌ ဆောက်တည်ခြင်း အဓိဋ္ဌာန်ပြုခြင်းမျိုးကို "ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်" ဟု ခေါ်သည်။

တေမိဇာတ်တော်တွင် တေမိမင်းသားသည် "ဤမိန်းမတို့သည် ငါ့ကိုယ်၏အတွေ့ကို မရစေကုန်သတည်း"ဟု အဓိဋ္ဌာန်ပြုခြင်းမျိုးကား မိမိ လိုလား တောင့်တချက် ပြည့်စုံစေရန် အဓိဋ္ဌာန်ပြုခြင်းမျိုးဖြစ်၍ "အာသီသအဓိဋ္ဌာန်"ဖြစ်သည်။

"ဝတ အဓိဋ္ဌာန်" ဟူသည် ထူးခြားလွန်ကဲ မြဲမြဲမြံမြံ ဆောက်တည်ခြင်း ဖြစ်သည်။ အလောင်းတော်ကြီးများ၏ သီလ ဆောက်တည်ရာ၌ သီလကိုတော့ မပျက်စေရ။ အသက်ကိုသာ အသေခံမည်ဟု အဓိဋ္ဌာန်ပြုခြင်းမျိုးကား "ဝတ အဓိဋ္ဌာန်"ပင် ဖြစ်သည်။

အဓိဋ္ဌာန်ပြုခြင်းကား အတိတ်ကာလ (လွန်ခဲ့ပြီး) ပစ္စုပ္ပန် (ရောက်ဆဲ) ကာလတို့နှင့် မသက်ဆိုင်ပေ။ ယခု စိတ်တွင် စွဲမြဲဆောက်တည်ထားသည့်အတိုင်း အနာဂတ် (နောင်)၌ မပျက်မကွက် ကျင့်ကြံအားထုတ်ခြင်းသာ အဓိဋ္ဌာန်ဖြစ်သည်။

## သစ္စာဆိုတာ ဘာလဲ

သစ္စာဟူသည် မှန်ကန်ခြင်း (မချွတ်မယွင်းခြင်း)ဟု ရှေးပညာရှင်များ ဆိုခဲ့ကြသည်၊ ယနေ့တိုင်လည်း ဤအနက်ကိုပင် ရည်ရွယ်၍ သုံးစွဲနေကြသည်။ သို့သော် အဘိဓာန်တွင် သစ္စာ၏ အနက်ကို ရှစ်ချက်အထိ ဖွင့်ပြထားသည်။ (အဘိဓာနပ္ပ ဒီပိကာ ဂါထာအမှတ် ၈၁၀)။

သယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကလည်း ဤအဘိဓာန်လာ ရှစ်ချက်ကိုပင်ယူ၍ သူ၏ ပါဠိအဘိဓာန်တွင်—

(၁) နိဗ္ဗာန်။
(၂) အရိယာမဂ်။
(၃) ဝိရတီ ၃ ပါး။
(၄) ကျိန်ဆိုခြင်း(သစ္စာမူခြင်း)။
(၅) မှန်ကန်သောစကား။
(၆) ဟုတ်မှန်ခြင်း။
(၇) သစ္စာလေးပါ။
(၈) မိစ္ဆာအယူဟု ပြဆိုလေသည်။

ဖော်ပြပါ သစ္စာအနက် ရှစ်ချက်တွင် (၅) မှန်ကန်သော စကား(အမှန်အတိုင်းပြောဆိုခြင်း) ကို ပါဠိလို "ဝစီသစ္စာ" ဟုခေါ်သည်။ယခုသုံးနှုန်း ရေးသားနေကြခြင်းမှာ ဝစီသစ္စာ ကို ရည်ရွယ်ခြင်းဖြစ်သည်။

ဝစီသစ္စာကိုပင်—

(၁) သဒ္ဒဟာပနသစ္စာ။
(၂) ဥတ္တာပူရဏသစ္စာ။
(၃) မုသာဝိရမဏသစ္စာဟု
သုံးမျိုး ခေရ်ခွဲခြား ပြဆိုထားပြန်သည်။

(၁) သဒ္ဒဟာပန သစ္စာဟူသည်။ ။မိမိစကားကိုသူတပါး တိုက ယုံကြည်စေရန်အမှန်အတိုင်းပြောဆိုခြင်း ရဲရဲဝံ့ဝံ့ ကျိန်ဆို ပြောဆိုခြင်းမျိုးဖြစ်သည်။ "ဘုရားဖူးရစေရဲ့၊ မိုးကြိုးပစ်ရစေရဲ့၊ မဟုတ်တာပြောယင် မွဲရပါစေရဲ့" စသောပြောဆိုခြင်းမျိုးကား

သဒ္ဒဟာပန သစ္စာပင် ဖြစ်သည်။ကျမ်းတိုက်ခြင်း၊ ကျမ်းသစ္စာကျိန်ဆိုခြင်းများကား ဤသဘောမျိုးပင်ဖြစ်သည်။ကျောက်စာများတွင်တွေ့ရသော"ငါ့ကောင်းမှုဖျက်သူကား အမျိုးခုနစ်ဆက်ညက်ညက်ပြုန်းတီး ပျက်စီးစေသော်ဝ်" (၅၃၇ . ခုနှစ်ထိုးပုဂံနားဥဒ္ဒေါင်းတင် ဘုရားကျောက်စာ)စသော အရေးအသားမျိုးကား မှန်ကန်မှုအခြေခံမပါသောကြောင့် သစ္စာမဟုတ်ပေ၊ ကျိန်ဆဲစာ(ဝါ)ကျိန်စာသာဖြစ်သည်။

(၂) **ဂုဏ္ဏသစ္စာပူရဏသစ္စာဟူသည်။** ။မိမိအလိုရှိသောအရာကိုပြည့်စုံစေရန်အမှန်အတိုင်းပြောဆို၍ တောင့်တခြင်းဖြစ်သည်။ သုဝဏ္ဏသာမ ဇာတ်တော်တွင် သုဝဏ္ဏသျှံ မြားမှန်၍ မြားဆိပ်တက်ပြီး သတိမရပဲ တွေ့ဝေမိန်းမောနေရာ မယ်တော် ခမည်းတော်များက "ဤသာမသည် တရားကျင့်သူ၊ မြတ်သောအကျင့်ကိုကျင့်သူ၊ မှန်ကန်သောစကားကို ပြောဆိုသူ၊ မိဘလုပ်ကျွေးသူ၊ အမျိုး၌ကြီးသောသူတို့အား ရိုသေတတ်သူ ဖြစ်ပါ၏။သာမကိုမိမိအသက်ထက်ပို၍ချစ်မြတ်နိုးပါ၏။ ဤစကားမှန်ကန်က သာမ၏အဆိပ်သည် လျောကျပါစေ"ဟု သစ္စာပြုကြသည်။ ရတနသုတ်တော်လာ ဘုရား၊တရား၊ သံဃာဂုဏ်တော်များကို ချီးကျူး၍သစ္စာပြုခြင်းသည်လည်း ဤဂုဏ္ဏသစ္စာပူရဏသစ္စာပင် ဖြစ်ပါသည်။

(၃) **မုသာဝိရမဏ သစ္စာဟူသည်။** ။မဟုတ်မမှန်သောစကားကိုမပြောကြားပဲ အမှန်အတိုင်းပြောဆိုခြင်းပင်ဖြစ်သည်။ ဝိဓူရ ဇာတ်တော်တွင် ကောရဗျမင်းနှင့် ပုဏ္ဏကတို့ ကြွေအန်

ကစားရာ ကောရဗျမင်းရှုံး၍ ဝိဓုရအမတ်ကြီးကို ဘောင်းဆို လေသည်။ ကောရဗျမင်းကြီးက ''ဝိဓုရကို ငါမပိုင်''ဟု ငြင်း ဆို၏။ဝိဓုရအမတ်ကြီးထံ အဆုံးအဖြတ်ခံကြရာ ဝိဓုရအမတ်ကြီး သည် လှည့်စား၍ပြောလိုကပြောနိုင်သော်လည်း မိမိမှာ ကော ရဗျမင်းကြီး၏ ကျွန်ဖြစ်ကြောင်းပြောဆိုသည်။ ဤသို့မဟုတ် မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်၍ အမှန်အတိုင်းပြောဆိုခြင်းသည် မုသာဝိရမဏသစ္စာပင်ဖြစ်သည်။

''အရာအရာ၊ကြံစိတ်ဖြာလျက်၊
အင်္ဂါလေးတန်၊စကားမှန်နှင့်၊
မှန်တံ့နှုတ်နက်၊ဆင်စွယ်ထွက်သို့၊
ယှဉ်းကွက်မဲ့ ရှောင်း၊ကောင်းတုံလက္ခဏာ၊
နှုတ်သစ္စာမှ၊ပမာနှိုင်းဆို၊
ဘောင်မြဲ့မိုရ်သကဲ၊ဗဟိုလှ့ ထင်၊
ကျေးဇူးတင်သား။'' *

သမ္ဗုဒ္ဓေဂါထာတော်မြတ်၏ဂုဏ်ကျေးဇူးကား ကြီးမားခဲ့ ပေစွ။

ဤသမ္ဗုဒ္ဓေဂါထာတော်မြတ်ကိုဖွဲ့နွဲ့သီကုံးသောသူတော်စင်၏ မေတ္တာစေတနာကား ကြီးမားခဲ့ပေစွ။

ကျွန်တော့အား သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို နှုတ်တိုက် ချပေးခဲ့သော ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ဆောင်၍ ဦးပြည်းတုံးအပ်သောအရှင်သူမြတ်၏မေတ္တာကား ကြီးမားပေစွ။

---

* (၁) ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံသစ္စာခန်းပျို့။

၁၅၀၈၈
သာသနာရေး ဦးစီးဌာန
စာကြည့်တိုက်

## (၂၂) အရှင်သုသုက

စင်စစ် ဤသမ္မုဒ္ဒေဂါထာတော်မြတ်သည် ပွင့်လေကုန်ပြီးသော၊ သဲလုံးအမျှမကသော မြတ်စွာဘုရားတို့အား ရှိခိုးပူဇော်သော ဘုရားရှိခိုး ဂါထာတော်မြတ်ဖြစ်ပါသည်။

ဤသမ္မုဒ္ဒေဂါထာတော်ကို မြန်မာလူမျိုးတိုင်းလိုလိုပင် ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ရရှိခဲ့ကြပါသည်။

ဤ ဂါထာတော်မြတ်ကြီးနှင့် ပတ်သက်၍ အန္တရာယ်အပေါင်းကို ကင်းစေသည်ဟုလည်း ဖွင့်ဆိုပါသည်။**

ဤသမ္မုဒ္ဒေဂါထာတော်ကြီးသည် လောကုတ္တရာအကျိုးထွက်သာမက လောကီအကျိုးတို့ကိုပါ ဖြစ်ပွားစီးနိုင်ပုံကို ဆက်လက်ဖော်ပြသွားပါမည်။***

---

** (၂) ဇင်းကျိုက်တောင် ဘုရားနှာခေါင်းကျောင်းတိုက် ဇင်းကျိုက် ဆရာတော်ဘုရားကြီး ဦးမေဓာ၏ မနေ့ာမယိုကျမ်း။

*** (၃) ဝါကျော်ထင် ဦးထွန်းမြင့် (ဘီ–အေ) ရွှေမော်ဓော ဂေါပက ဘဏ္ဍာတော် ထိန်း၏ အန္တရာယ်ကင်းဂါထာတော်များ။

## သမ္ဗုဒ္ဓေ ဂါထာတော်မြတ်၏ အဆိုးအဖြတ်

ပဋ္ဌာမာရုံဆရာတော်ဘုရားထံ—

အဘိယာစက လျှောက်လွှာ။

ဘုရားတပည့်တော် မောင်ပြုံးချို ခြေတော်ဦးခိုက် လျှောက်ထားပါသည် ကျေးဇူးရှင် ပဋ္ဌာမာရုံ ဆရာတော်အရှင်သူမြတ်ကြီးဘုရား။

"သမ္ဗုဒ္ဓေ" အစရှိသော ဂါထာသည် ဘုရားတပည့်တော်များငယ်စဉ်ကပင် ရရှိရွတ်အံခဲ့ရသည်မှာ နှစ်ဂါထာခွဲသာရှိပါသည်။

(၂၄) အရှင်သုသုက

ယခုများမကြာမီက ပေတိုစာပေဟောင်း တခု၌ တပါဒပို၍ သုံးဂါထာအပြည့်ရှိသော "သမ္ဗုဒ္ဓေမူဟောင်း"ကို တွေ့ရှိမှတ်သားထားပြီးလျှင် အချို့ ပညာအရည်အချင်းရှိ ဆရာများကို ဆွေးနွေးမေးမြန်းကြည့်ရာ ၎င်းဂါထာသည် အာနိသင်ကြီးမား လှ၍ အန္တရာယ်ကင်းရုံသာမက ကာယသိဒ္ဓိလမ်းများကိုပင်စွမ်းနိုင်သဖြင့် ပုန်ကန်ရိုင်းပြကြသူများလိမ့်မည် ကို စိုး၍ ရှေးဆရာတော်ကြီးများ တပါဒကို ဖြုတ်လျက် နုတ်ပယ်ချထားတော်မူခဲ့ကြသည်။ ဂါထာမူမှန်မှာ သုံးဂါထာမှ မှန်ပါသည်ဟု ပြောကြပါသည်။

သို့ရာတွင် ၎င်းတို့စကားများသည် မှန်သည်ဖြစ်စေ၊ ဂါထာမူမှန်ကိုသာ အလိုရှိသည်ဖြစ်ပါ၍ ယခုအသျှင်ဘုရားအား ဆက်ကပ်သော သမ္ဗုဒ္ဓေသုံးဂါထာကို မှားသောပုဒ်ပါဌ်အက္ခရာများကို သုတ်သင်ပြင်ဆင်လျက် တပည့်တော်အား မူမှန်ရရှိရန် သနားတော်မူပါမည့်အကြောင်း ရှိခိုးလျှောက်ထားတောင်းပန်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

မောင်ပြုံးချို
အာဃာဒိတာ

## ကျိုက်လတ်မြို့ ပစ္ဆိမာရုံဆရာတော်ဘုရားကြီး
## အကျဉ်း ဖြေကြားတော်မူအပ်သော
## သမ္ဗုဒ္ဓေဂါထာအဆုံးအဖြတ်

(၁) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသံစ၊
ဒွါ ဒသံစ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။ ။

(၂) အပ္ပကံ ဝါဠုကံ ဂင်္ဂံ၊
အနန္တံ နိဗ္ဗုတံ ဇိနံ၊
တေသံ ဓမ္မံစ သံဃံစ၊
အာ ဒရေန နမာ မဟံ။ ။

(၃) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

### အသံထွက် ရွတ်ဖတ်နည်း

သုံးဂါထာလုံး ပထျာဝတ္တဂါထာချည်း။
—(အဋ္ဌဝီသံ)၌ "ဋ္ဌ" ဝမ်းဘဲ "သံယုတ်" ရှိသောကြော
အတ်"ဟု "တသတ်သံ"ထင်အောင်ဖတ်။

–(ဒွါဒသံစ)၌ “ဒွါဒသစ”ဆိုလိုလျက် “န-ဂိုဏ်း” ပျက်အောင် “နိဂ္ဂဟိတ်”လာသည်။ “နဋ္ဌက္ခရော ပါဒေသု သာဒိမှာ” ဟူသော ဆန်းသုတ်နှင့် ညီညွတ်သည်။ ရှပ်ပြီးတိုင်း “ဒွါဒသစ”ဟု နေလျှင် “န-ဂိုဏ်း” ဖြစ်နေသည်။ ၎င်းမှာ ဆန်းသုတ်နှင့်မညီ။

–(ပဋ္ဌသာတ)၌လည်း “နဂိုဏ်း”ပျက်အောင် “ဿ-သံယုတ်” နှင့်ရှိရမည်။ “ပဋ္ဌတ်”ဟု “ဘသတ်သံ”ထင်အောင် ဖတ်ရမည်။

–(သိရသာ)၌ “သိရသာ”ဟု “ဒိဿ”နှင့် ရေးဖတ်တတ်ကြသည်။ “သိရသာ”ဟု “ရဿ”နှင့်ဖတ်။ “သိ သေဝါယံ ရော” ကုသုမာဒိဟိ သေဝိယတေတိ သိရော။ သေဝနံ့ ဓောနာတိ ဝါ သိရော။ (အဘိဓာနပ္ပဒီပိကာသူစိ ကျမ်းကိုကြည့်)။

–(နိဗ္ဗုတံ)၌ “နိဗ္ဗုတံ”ဟု “ဥ-ဒိဿ”နှင့် ရေးဖတ်တတ်ကြသည်။ “နိဗ္ဗုတံ”ဟု “ဥ-ရဿ”နှင့် ဖတ်ရမည်။ “ဝိဗောဓတိ၊ အာဝုဏောတိ၊ သံသာရတော နိက္ခန္တ-မပ္ပဒါနဝသေနာတိ ဝုတိ။ ဝဏ္ဏာ။ ဝါတော နိက္ခန္တတ္တာ နိဗ္ဗုတိ”ဟူသော အဘိဓာနပ္ပဒီပိကာသူစိ ကျမ်း၌ လာသော “နိဗ္ဗုတိ” သဒ္ဒါနှင့် “ဥ-ရဿ”ချင်းတူသည်။

–(နမက္ကာရာ)၌ “မုဒ္ဒဇ-ရ”နှင့် “က္က-သံယုတ်” မပါပဲ “နမကာရာ” ဟူ၍ ရေးဖတ် တတ်ကြသည်။ ရှုပသိဒ္ဓိနှင့် ညီအောင် “က္က-သံယုတ်”“မုဒ္ဒဇ-ရ”နှင့် “နမက္ကာရာနုဘာဝေန” ဟု နေသင့်သည်။ “နမက် ကာရာ”ဟု အသံထွက်အောင် ဖတ်ရမည်။

-(ဥပဒ္ဒဝေ)၌ ‘ပ္ပ-သံယုတ်’ မရှိသင့်၊ ‘ဥပ္ပဒ္ဒဝေ’ဟု ‘ပ္ပ—သံယုတ်’ နှင့် ရေးဖတ်တတ်ကြသည်။

‘ဥပဂန္တွာ ဒုနောတီတိ ဥပဒ္ဒဝေါ။ ဒု—ပရိတာပေ၊ အာ၊ ဒုဟိံသာယံ၊ ဥပဂန္တွာ ဒဝတိ ပီဠေတီတိ ဝါ ဥပဒ္ဒဝေါ’ သူစိ။

-(အနေ့ကာ အန္တရာယာပိ)၌ ‘ရဿ’ နှင့် ‘အနေကာ အန္တရာယာပိ’ဟု ရေးဖတ်တတ်ကြသည်။ ‘အနေကာ’ ဟု ‘အာ—ဒီဃ’ နှင့်ဖတ်ရမည်။

(ဝိနဿန္တု)၌ ‘ဿ-သံယုတ်’ မပါပဲ ‘ဝိနသန္တု’ ဟု ရေးဖတ်တတ်ကြသည်။ ‘ဝိနတ်’ ဟု ‘တ-သတ်’ သံပေါ်အောင် ဖတ်။ ‘နဿဒိဝေါ’ ဟူသော ဓာတွတ္ထသင်္ဂြိုဟ်ကိုကြည့်။

ဤ၌ ‘ဥပဒ္ဒဝ’ သဒ္ဒါဖြင့် ‘ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ။ သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ။ နော ပဏ္ဍိတတော။ ယေကေစိ ဥပဒ္ဒဝါ ဥပ္ပဇ္ဇန္တိ။ သဗ္ဗေ တေ ဗာလတော ဥပ္ပဇ္ဇန္တိ။ နော ပဏ္ဍိတတော။ ယေကေစိ ဥပသဂ္ဂါ ဥပ္ပဇ္ဇန္တိ။ သဗ္ဗေ တေ ဗာလတော ဥပ္ပဇ္ဇန္တိ။ နော ပဏ္ဍိတတော’ ဟူသော ဥပရိပဏ္ဏာသ ပါဠိတော် ဗဟုဓာတုကမည်သော သုတ်၊ (ဝါ) စတုပရိဝဋ္ဋမည်သောသုတ်၊ (ဝါ) ဓမ္မာဒါသမည်သောသုတ်၊ (ဝါ) အမတဒုန္ဒုဘိမည်သောသုတ်၊ (ဝါ) အနုတ္တရ သင်္ဂါမ ဝိဇယမည်သော သုတ်၌လာသော ‘ဘယ—ဥပဒ္ဒဝ—ဥပသဂ္ဂ’တို့ကိုယူ။

အကျယ်ကို သိလိုမူ ၎င်းသုတ်ပါဠိတော်နှင့် ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာမှာရှု။

(၇၂၀)၊ အရှင်သုသုက

‘လောကီ လောကုတ္တရာ စီးပွား ချမ်းသာတို့ကို ဆောင်စွမ်းနိုင်သော ဂါထာများဖြစ်၍ ကောင်းမွန်စွာ ပြင်ဆင်၍ ပေးလိုက်ပါသည်။ပါဠိပါဠိကို ကျကျနနကျက်ရမည်။ အနက်ကို အကျဉ်းမျှရေးလိုက်သည်။

## သမ္ဗုဒ္ဓေဂါထာတော်အနက်

(၁) အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ=ဘုရားရှင်တို့ကိုလည်းကောင်း။ ဒွါဒသံ သဟဿကေ=တသောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ=ဘုရားရှင်တို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿာနိ=ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ=ဘုရားရှင်တို့ကို လည်းကောင်း။ အဟံ= အကျွန်ုပ်သည်၊ သိရသာ=ထွဋ်မြတ် အင်္ဂါဦးထိပ်ရတနာဖြင့်။ နမာမိ=ရိုသေမြတ်နိုး ရှိခိုးပါ၏။ အရှင်ဘုရား။

(၂) အပ္ပကံ ဝါဠုကံ ဂင်္ဂါ=ဂင်္ဂါမြစ်ထဲ ကျောက်သလဲက နည်းစွာထသော။ အနန္တံ=သိန်းသန်းကုဋေ တွက်ရေမျှားပြား အပိုင်းအခြား မရှိထသော။ နိဗ္ဗုတံ=ခန္ဓာဇာတ်သိမ်း ငြိမ်းတော်မူပြီးထသော။ ဇိနံ စ=ဘုရားရှင် ဟူသမျှကို လည်းကောင်း။ တေသံ=ထိုဘုရားရှင် ဟူသမျှတို့၏။ ဓမ္မံ စ=မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ သံဃံ စ=ကလျာဏ ပုထုဇ္ဇဉ် သံဃာတော်မြတ်နှင့်

တက္ကအရိယာ သံဃာတော်မြတ်ကို လည်းကောင်း။ အဟံ=အကျွန်ုပ်သည်။ အာဒရေန=ရိုသေလေးမြတ်စွာ။ နမာမိ=ရှိခိုးပါ၏အရှင်ဘုရား။

(၃) နမက္ကာရာနုဘာဝေန= ရိုသောမြတ်နိုး၊ ရှိခိုးမှုကို၊ ပြုစုရသော၊ကောင်းမှုရှိန်စော်၊ အာနုဘော်ကြောင့်။ သဗ္ဗေဥပဒ္ဒဝေ= ကြွင်းမဲ့ဥသျှ အလုံးစုံ၊စိတ္တုတြာသ, ဘေးဘယန္နောင့်ရှက်၊ စိတ်လက်မရွှင်၊မကြည်လင်မငြိမ်သက်၊ ကေဂ္ဂဘာ၊တည်ကြည်ရာမရသော ဥပဒ်, ထိုထို အရပ်၌၊အကျိုးမနုပ်၊ ဆင်းရဲစွာကပ်၍နေခြင်းဟူသော ဥပသဂ္ဂါ, ဤသုံးဖြာတို့ကို။ ဟိတွာ= ပယ်ဖျောက်၍။ အနေကာ= များပြားကုန်သော။ အန္တရာယာပိ= အန္တရာယ်အပေါင်း ဟူသမျှတို့သည်လည်း။ အသေသတော-အသေသေန= အကြွင်းအကျန်မရှိ၊ အကုန် အစင်အားဖြင့်။ဝိနဿန္တု=ကင်းစင်လွင့်ပျောက်၊ မလာ ရောက်ကြပါစေကုန်သတည်း။

## နိဗ္ဗာဏ်ရေးထုံး

ၐင်းဂါထာအနက်၌ "နိဗ္ဗာဏ်"ကို "ဏကြီး" သတ်၍ရေး လိုက်ခြင်းမှာ "ဝါဏာသဒ္ဒါတဲ့ဝယ တဏှာဟု နိက္ခန္တတ္တာ နိဗ္ဗာတိ ဒေတနရာဂဂ္ဂိအာဒိကောာတိနိဗ္ဗာဏ•" ဟု "ဏကြီး" နှင့်သုစိဥ်ရှိ၍၊ ၎င်းအတိုင်း "ဏကြီးသတ်" လျက် "နိဗ္ဗာဏ်" ဟု ရေးလိုက် သည်။ကြိုက်လျှင်ယူ။

"ပရိယတ္တိ" ပုဒ်၌ ပရိရေးရှိသော အပဓာတ်ဖြစ်၍ "ပရိယပ်" ကို "ပသပ်" ရမည်ဟူသော မဟာဝိသုဒ္ဓါရုံနည်းကို လိုက်၍ "ပရိယပ်" မှာ "ပသပ်" ရေးလိုက်သည်။ ကြိုက်လျှင်မှတ်။

"သဗ္ဗေဥပဒ္ဒဝေ" ၏ အနက်ကို "ဘယန္တိ စိတ္တု ြဘသော၊ ဥပဒ္ဒဝေါတိ အနေကဂ္ဂတာ ကာရော။ ဥပသဂ္ဂေါတိ ဥပသတ္တာကာရော။ တတ္ထ တတ္ထ လဂ္ဂန ကာရော" ဟူသော ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့်လျော်ညီစွာ အနက်ဆိုလိုက်သည်။

**အယ်ဒီတာမောင်ပြုံးချို**

၁၂၈၈-ခုပြာသိုလဆုတ် ၁၅-ရက်၊ အင်္ဂါနေ့ပြီးဆုံးသည်။
ပစ္ဆိမာရုံဆရာတော်ဘုရား-
ကျိုက်လပ်မြို့။

## လောကီလောကုတ်

အထက်ပါကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အဖြေလွှာတွင် "လောကီလောကုတ္တရာ စီးပွားချမ်းသာတို့ကိုဆောင်မှုပ်နိုင်သော ဂါထာများဖြစ်၍ ကောင်းမွန်စွာ ပြင်ဆင်၍ ပေးလိုက်လေသည်။ ပုဒ်၌၊ ပါဌ်ကို ကျကျနနကျက်ရမည်၊ အနက်ကို အကျဉ်းမျှရေးလိုက်သည်" ဟူသော အဓိက အရေးကြီးဆုံးသော အချက်ကို ဖော်ပြထားပါသည်။ အထူးသတိ ပြုတော်မူကြပါရန်။

# မြန်မာနိုင်ငံနှင့်သမ္မုဒ္ဒေ

ဤမျှအထိ သမ္မုဒ္ဒေ ဂါထာတော်မြတ်ကြီးနှင့် မြန်မာတို့ ထိတွေ့မှုများ ရှိခဲ့ပါသည်။

မြန်မာလူမျိုးတိုင်း သမ္မုဒ္ဒေဂါထာတော်မြတ်ကြီးကို အမြတ်တနိုးထားကာ ခေတ်အဆက်ဆက်မှ ယနေ့အထိ ရွတ်ဆိုခဲ့ပါသည်။

သမ္မုဒ္ဒေ ဂါထာတော်မြတ်အား ရှာဖွေလေ့လာရာတွင် မူကွဲအများအပြားကို တွေ့ရှိရပါသည်။

ထိုမူကွဲတို့တွင်လည်း တပုဒ်စီ တပုဒ်စီ၌ ထူးခြားသောဝိသေသ လက္ခဏာရပ်များ ပါရှိကြပါသည်။

၀၀၀

## ပထမဦးအောင်ရှုတ်ဆိုသောသမ္မုဒ္ဒေ

ပထမဦးစွာလေ့လာတွေ့ရှိရသောဂါထာတော်မြတ်မှာ ရှေးအကျဆုံးပင်ယူဆရပါသည်။ ထိုဂါထာတော်မြတ်အား ပထမဦးအောင်ရှုတ်ဆိုခဲ့သည်ဟု အမှတ်အသားများ၌တွေ့ရှိရပါသည်။

သက္ကရာဇ် ၁၁၄၇-ခုနှစ်တွင် ရတနာပုံအင်းဝနေပြည်တော်ကို အုပ်စိုးသော ဘုရင်ကား အလောင်းဘုရား၏ စတုတ္ထသားတော် ဦးဝိုင်းဖြစ်သေသည်။

ထိုဘုရင်လက်ထက်တွင် တောင်တွင်းကြီးမြို့အနီး လက်ပံရှည်ရွာသားဦးအောင်၏ ကျောင်စောသတင်းတို့မှာ ပို၍ ထင်ရှားခဲ့ပေသည်။

ဦးအောင်သည်ငယ်စဉ်ကာလကလေးဘာ၊ကစ၍ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သည်။

ဦးအောင်သည် ကြေးနီကျောင်း ဆရာတော် ဦးသုဇာတထံတွင် ပညာသင်ကြားနေစဉ် နေ့စဉ် သမ္မုဒ္ဒေဂါထာကိုရှုတ်ဆို၍ ဘုရားရှိခိုးပြီးမှ ညစဉ် အိပ်လေ့ရှိသည်။

တရ ရောအခါ နံနက်လင်းအားကြီးအချိန်၌ အိပ်မက်မြင်မက်လေသည်။ ထိုအိပ်မက်၌-

"မောင်အောင်....မင်းရွတ်တဲ့သမ္ဗုဒ္ဓေဂါထာဟာ ၂ဂါထာသာဖြစ်တယ်၊ သို့အတွက်မင်းအကြံအထမမြောက်သေးခြင်းဖြစ်တယ်၊ ၃ ဂါထာပြည့်အောင်ရွတ်ဆို၍ ဘုရားကိုကြည်ညိုလျှင် မင်းမျှော်မှန်းသော သိဒ္ဓိလမ်းကို အောင်မြင်လိမ့်မယ်"ဟု အိပ်မက်-မက်လေသည်။

ထိုအိပ်မက်အကြောင်းကို ဆရာတော်အား လျှောက်ထားသည်။ ဆရာဘော်က "အေး-ဟုတ်သားပဲ"ဟု မိန့်တော်မူသည်။

"အပ္ပကံ ဝါဠုကံ ဂင်္၊ အနန္တ နိဗ္ဗုတံ ဇိနံ"ဟု ဖြည့်စွက်၍ပေးလေသည်။

ယင်းသို့ဆရာတော်ပြင်ဆင်ပေးသောအတိုင်း ဂါထာတော်ကိုရွတ်ဆို၍ ဘုရားရှိခိုးပြန်လေသည်။

"ဒါလဲ မဟုတ်သေးဘူး"ဟု တဖန် အိပ်မက် မြင်မက်ပြန်လေသည်။ ထိုအကြောင်းကို ဆရာတော်အား လျှောက်တင်ပြန်သည်။ ဆရာတော်က....

"အေး အေး...ပြင်ရဦးမှာပေါ့ကွာ" ဟု ပြောဆိုလျက် "ဂင်္ဂါယံ ဝါဠုက စုဠော၊ ပရာဇေတ္ဘာ ဗဟုဖုလ္လေ"ဟု သုံးဂါထာပြည့်အောင် ပြင်ဆင်ပေးလိုက်သည်။

ထိုအခါ သမ္ဗုဒ္ဓေဂါထာတော်မြတ်မှာ အောက်ပါ အတိုင်း သုံးဂါထာ ပြည့်မြောက်သွားလေသည်။

(၃၄) အရှင်သုသုက

# ဘိုးဘိုးအောင်၏ သမ္ဗုဒ္ဓေဂါထာကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
ဂင်္ဂါယံ ဝါဠုက စုဏ္ဏော။

( ၂ ) ပရာ ဇေတွာ ဗဟု ဖုလ္လေ၊
နမာမိ သိရသာ မဟာံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟာံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

## အနက်မှာ

(၁-၂)အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေစ=သစ္စ ဉေယျ၊ ဓမ္မအဖို့၊ အလုံးစုံကို၊ အကုန်မကျန်၊ မြတ်ရွှေ ဉာဏ်ဖြင့် အမှန်ထိုးထွင်း၊ အလင်းကို သိမြင်တော်မူသော ဘုရားရှင် တို့ကိုလည်းကောင်း။ ဒွါဒသဉ္စသဟဿကေ=

တသောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေစ=နေရောင်ပမာ၊ ဥဘက်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း၊တရားမင်းတို့ကိုလည်းကောင်း။ ပဉ္စသဘသဟဿာနိ=ငါးသိန်း အတိုင်းအရှည် ကုန်ရှိသော။ သမ္ဗုဒ္ဓေစ=လရောင်ပမာ၊ ဥဘက်ရောင်ဝါဖြင့်၊ သစ္စာလင်းပြောင်၊ မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။ ဂင်္ဂါယံ=ဂင်္ဂါမြစ်၌။ ဝါဠုကာ စုဏ္ဏော=သဲလုံးတို့ကို။ ပရာဇေတွာ=ရှုံးစေပြီး၍။ ဗဟုဖုလ္လေ=ဂင်္ဂါသဲလုံးထက် အလွန်များစွာပွင့်တော်မူကြကုန်သော။ သမ္ဗုဒ္ဓေစ=နေရောင်လရောင်၊တန်ဆောင်တောက်လင်း၊ ပြိုင်ဘက်ကင်းအောင်၊ ထွန်းလင်းပြောင်သော ဘုရားရှင်တို့ကိုလည်းကောင်း။ အာဒရေန=ရိုသေစွာ။ အဟံ=တပည့်တော်သည်။ သိရသာ=ဉက္ကောင်းရတနာ ပြ(ည်)အင်္ဂါဖြင့်။နမာမိ=လက်စုံချီမိုး ရှိခိုးပါ၏ အရှင်ဘုရား။

တေသံ=ထို ငါးသိန်း တသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဉ္စ=တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ=ရှစ်ယောက်သော အရိယာသံဃာတော် မြတ်ကို လည်းကောင်း။ အဟံ=တပည့်တော်သည်။ နမာမိ=သဒ္ဓါရိုကျိုး လက်စုံမိုး၍ရှိခိုးပါ၏ဘုရား။

(၃) နမက္ကာရာနုဘာဝေန = လက်စုံချီမိုး၊ ရှိခိုးပူဇော်ရသောကောင်းမှုကံ စေတနာကြောင့်။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ=ဥပဒ္ဒဝါတို့ကို။ ဟိတွာ=စွန့်ပစ်ပယ်ဖျောက်ပြီး၍။ သဗ္ဗေ=အလုံးစုံ ကုန်သော။

အန္တရာယာပိ = အန္တရာယ် အပေါင်းတို့သည်လည်း။
အ သေသတော = အကြွင်းအကျန်မရှိသောအားဖြင့်။
ဝိနဿန္တု = ပျောက်ပျက်ပါစေ ကုန်သတည်း။

## သမ္ဗုဒ္ဓေ၏ စွမ်းပကား

ဤသို့ ဆရာတော် ပြင်ဆင်ပေးလိုက်သည့်အတိုင်း ရွတ်ဆို၍ ညစဉ်ဝတ်ပြု ဘုရားရှိခိုးသည်။

ထိုအခါ "အဲဒါမှ ဝိဇ္ဇာဖြစ်စေနိုင်တဲ့ ဂါထာအမှန်ဖြစ်သည်။ သထုံပြည် ကောင်းစားစဉ်က ဤသုံးဂါထာကို ရွတ်ဆိုအားထုတ်ကြသဖြင့် ဝိဇ္ဇာဓိုရ် အဖြစ်များကြသည်။ ကြာလျှင် ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်မည်ကိုမြင်၍ အရှင်အရဟာသည် ဝိဇ္ဇာ ဖြစ်စေတတ်သော နှစ်ပါဒ ဖြုတ်ချ ခဲ့တာကွ"ဟူ၍ အိပ်မက်ထဲ တွင် လာပြောလေသည်။

ဤသို့ အိပ်မက်ထဲ ညွှန်ကြားသည့်အတိုင်း ပထမံဆရာအောင် သည် သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို လက်ကိုင်ထားနှ၍ ကာနေအားကို အားထုတ် လေဘော့သည်ဟူ၍ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးနှင့် ဦးအောင်၏ ဝတ္ထုအကျဉ်းကို ဖော်ပြထားပါသည်။

ယင်း၏ အောက်တွင်သည်း သမ္ဗုဒ္ဓေနှင့် ပတ်သက်သော အောက်ပါမှတ်ချက်ကို တွေ့ရှိရပါသည်။

ဤဂါထာတော်ကြီးကို နှုတ်ဘက်ရအောင် ပါဠိနှင့်အနက်ကို ကျက်၍ နေ့စဉ် ဘုရားရှိခိုးပါက-

"အလုံးစုံသော ဘေးအန္တရာယ်ကင်းပျောက်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ စည်းစိမ်ဥစ္စာရတနာရွှေငွေ တိုးတက်ကြပေလိမ့်မည်။ ယုံယုံကြည်ကြည်နှင့် ဂုဏ်တော်အာရုံတည့်မြဲစွာ စိတ်မှာထား၍ပွားများအားထုတ်ကြရာသတည်း"

ဟူ၍ ဖော်ပြထားသည်။

ဤသည်မှာ ပထမဦးစွာ သမ္ဗုဒ္ဓေနှင့်ပတ်သက်၍ ရှာဖွေ တွေ့ရှိသော ဂါထာတော်မြတ်ကြီးပင် ဖြစ်ပါသည်။ ။

၀၀၀

## ဒုတိယမြောက် သမ္ဗုဒ္ဓေ

ဒုတိယရှာဖွေတွေ့ရသော သမ္ဗုဒ္ဓေဂါထာတော်မြတ်မှာ ကျွန်တော်တို့ ငယ်စဉ်တောင်ကျောင်းက ရရှိခဲ့သော ဂါထာတော်မြတ်ပင် ဖြစ်ပါသည်။

ထိုဂါထာတော်မြတ်သည် မြန်မာလူမျိုးတိုင်း အမြတ်တနိုးထားကာ ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာတော်မြတ်ပင် ဖြစ်ပါသည်။

(၃၇) အရှင်သုသုက

လုံးတွဲ ၁၂-ပိုဒ်၊ ၉၆-လုံး ရှိသော

## အများသုံး သမ္ဗုဒ္ဓေဂါထာတော်ကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါ ဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။

( ၂ ) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

### အနက်မှာ

(၁) အဋ္ဌဝီသံ= သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏ ရောင်ဖိတ်၊ အောင်ဘိသိက်ဖြင့်၊ နှစ်ကျိပ် ရှစ်ဆူ ကုန်သော။ သမ္ဗုဒ္ဓေစ=တန်ဆောင်ပမာ၊ ဉာဏ်ရောင် ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိန် တို့ကိုလည်းကောင်း။

ဒွါဒသဉ္စ သဟဿကေ = နိဗ္ဗာန်ကိန်းအောင်း၊ စက်မွေ့လျောင်းသည့်၊ တသောင်းနှစ်ထောင် ကုန်သော။ သမ္ဗုဒ္ဓေ = လရောင်ပမာ၊ ဥာဏ်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း၊ တရားမင်းတို့ကို လည်းကောင်း။ ပဉ္စသတ သဟဿာနိ = သောင်းထိုက်စကြဝဠာ၊ ဂုဏ်ဝါရောင်ရှိန်၊ ငါးမာရ်နှိမ်သည့်၊ ငါးသိန်းအရေအတွက် ရှိကုန်သော။ သမ္ဗုဒ္ဓေ = နေရောင်ပမာ၊ ဥာဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းပြောင်၊ မြတ်ဘုန်းခေါင်တို့ကို လည်းကောင်း။ အဟံ = ခန္ဓာပဉ္စက သမူဟကို ငါဟုစွဲဆို ကိုယ့်ဟုသမုတ်အကျွန်ုပ်သည်။ သိရသာ = ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ နမာမိ = ရှိသေသဒ္ဒါ ရှိခိုးပါ၏ အရှင်ဘုရား။ ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ = ဂင်္ဂါမြစ်ထဲ၊ ကျောက်သလဲက နည်းစွာထသော။ နိဗ္ဗုတာ = ခန္ဓာဇာတ်သိမ်း၊ ငြိမ်းတော်မူကုန်ပြီးထသော။ ဇိနာ = ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။ အနန္တာ = သိန်းသန်းကုဋေ၊ တွက်ရေမျှားပြား အပိုင်းအခြား ရှိတော်မမူကြလေကုန်။ တေသံ = ထိုနှင်ကျိပ်ရှင်ဆူ၊ စိပ်ဖြူတွက်ကိန်း၊ ငါးသိန်းတသောင်းနှစ်ထောင်ကုန်သော မြတ်စွာဘုရားရှင်တို့အား။ အဟံ = အကျွန်ုပ်သည်။ နမာမိ = ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။ တေသံ = ထိုဘုရားရှင်တို့၏။ ဒေသိတံ = ဟောတော်မူအပ်သော။ မဂ္ဂဉ္စ = မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်

ဟုဆိုအပ်သောဆယ်ပါးသောတရားတော်မြတ်အပေါင်းကိုလည်းကောင်း။ သံဃ်ဥ္စ=မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်၊ရှစ်ဘန်ပုဂ္ဂလ အမြိုက်ရသည့် ပရမတ္တသံဃာ အရိယာအရှင်မြတ်အပေါင်းကိုလည်းကောင်း။ အပါယ် = အကျွန်ုပ်သည်။ အာဒရေန=ရိုသေသဒ္ဒါပြည့်ဖြိုးစွာဖြင့်။ နမာမိ=ကြည်ညို မြတ်နိုးလက်အုပ်မိုး၍ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။

(၃) နမက္ကာရာနုဘာဝေန=ရတနာ မြတ်သုံးပါးတို့ကို မပြတ်ရိုကျိုးရှိခိုးပူဇော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ=ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။ ဥပဒ္ဒဝေ=ဘေးရန် ဥပဒ္ဒဝဟူသမျှတို့ကို။ ဟိတွာ=ပယ်ခွာဖျောက်လွင့်ပြီးသည် ဖြစ်၍။ အနေကာ အန္တရာယာပိ=တပါးမကများလှရေတွက် မနှစ်သက်ဖွယ် အန္တရာယ်အပေါင်းတို့သည်လည်း။ အသေသတော=အကြွင်းမကျန် မရှိသောအားဖြင့်။ ဝိနဿန္တု=ကင်းစင်လွင့်ပျောက် ရောက်မလာနိုင်သည်သာ ဖြစ်စေကုန်သတည်း။ ။

## နှောင်းလူများအတွက်

ဤ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးနှင့် ပတ်သက်၍ ရှေးသူဟောင်းသူမြတ်ကြီးတို့သည် နှောင်းလူများ အလွယ်တကူ သိစိမ့်သောငှာ အကျိုးပြုလက်ာများကိုပါ အောက်ပါအတိုင်း ဖွဲ့နွဲ့သီကုံးထားခဲ့ပေသည်။

## သမ္ဗုဒ္ဓအကျိုးပြလင်္ကာ

သမ္ဗုဒ္ဓဟု၊ ဆူဝေကျော်ကြား၊ မြတ်ဘုရား၏၊ ကြီး
မားတေဇော်၊ ဂါထာတော်ကား၊ ကွမ်းစားသတ္တော်၊
ခေါင်းလျှော်ဒသ၊ ဘတ္တကြိန်း၊ ဆီလိမ်းပဉ္စ၊ စီးထလျှော်မှာ
ရှစ်ကြိမ်သာတည်း။ ။

နံ့သာပန်းမျိုး၊ ကိုးကြိမ်နှုံးလော့၊ မိုးချုပ်သည့်ခါ
အိမ်ယာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ဆယ့်
တစ်ခေါက်တည်း။ ။

စစ်ထိုးသောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သခွ၊
မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွား
မြောက်ခဏ၊ ချမ်းသာရ၏။ ။

ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်
လှောင်၊ တထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ပန်းမွှေး
နှစ်ခေါက်၊ ခရီးရောက်မူ၊ ခေါင်းမှာတင်စိုက်၊ ရန်ဘေး
ဌလည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။ ။

ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊
မင်းမင်း တကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊
မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊
အံ့အဲ့စလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊
ပွားကြောင်းရှာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊
ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည့် သမ္ဗုဒ္ဓေ၏
တန်ခိုးတည်း။ ။

## လက်ာ၏အဓိပ္ပာယ်

ယင်းလက်ာ၏အဓိပ္ပာယ်မှာ သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို–
ကွမ်းစားလျှင် ၇ ခေါက်၊
ခေါင်းလျှော်လျှင် ၁၀ ခေါက်၊
ထမင်းစားလျှင် ၃ ခေါက်၊
အိပ်လိမ်းလျှင် ၅ ခေါက်၊
လှေစီးလျှင် ၈ ခေါက်၊ (ကားစီးလျှင်)
ပန်းမပန်မီ ၉ ခေါက်၊
ရန်သူနှင့်တွေ့လျှင် ၁၁ ခေါက်၊
စစ်တိုက်သောအခါ ၉ ခေါက်၊
အချုပ်အနှောင်ခံရသောအခါ ခေါက်ရေ ၁၀၀၀၊
လမ်းခရီးသွားလျှင် ၂ ခေါက်၊

အသီးသီး ရွတ်ဖတ် သရဇ္ဈာယ်ပါက လိုရာ ကိစ္စအဝဝ ပြီးမြောက်နိုင်သည်ဟုဆိုသည်။

ထို့ပြင် မွှေးကြိုင်သောပန်းကို ၂ ခေါက်မန်းပြီး ခေါင်းမှာ ပန်ဆင်သွားပါက ဘေးအန္တရာယ်ဟူသမျှ ကင်းလွတ်သည်။

နေ့စဉ်မှန်မှန် ၉ ခေါက် ရွတ်ဆိုပါကလည်း ရောဂါကင်းခြင်း၊ ပေသာကကင်းခြင်းနှင့် မင်းစိုးရာဇာတို့ အပူဇော်ကို ခံရမည်မှာ မလွဲပေဟု အဓိပ္ပာယ်ရလေသည်။

ဤသည်မှာ ရှေးသူဟောင်းသူမြတ်ကြီးတို့၏ သမ္ဗုဒ္ဓေဂါထာ အပေါ်တွင် ခံယူကျင့်သုံးမှုများ ဖြစ်ပါသည်။ သမ္ဗုဒ္ဓေ ဂါထာ

တော်မြတ်သည် ကျွန်တော်တို့၏ အသည်းနှလုံး သည်းပွတ်ဟု ဆိုက မမှားနိုင်ပါပေ။

၀၀၀

နှဲကြီးဆရာတော်ဘုရား၏
၁၀-ပိုဒ်ရှိသော

## သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါ ဒသဉ္စ သဟဿ ကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။

( ၂ ) ပေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။

( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။

[(၄၄). အရှင်သုသုက

## အနက်မှာ

(၁) အင်္ဂီသံ=ဘကျောက်ချာအစ၊ ဂေါတမအဆုံး၊ သုံးဘုံလုံး၌၊ လွှမ်းဖုံးနှင်းနှိပ်၊ သတင်းဟိတ်ဖြင့်၊ အောင်ဘိသိက်ယူ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္မုဒ္ဒေစ=လေးသင်္ချေကိန်း၊ ကမ္ဘာသိန်းထက်၊ ဟိန်းဟိန်းပြောင်ညီး၊ မီးပုံကြီးနှယ်၊ ပွင့်ပြီးငြိမ်းပ၊ နိဗ္ဗုတသို့၊ မြန်းကြွစံဝင်၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ဒွါဒသဉ္စသဟဿကေ ပဉ္စသတေ သဟဿာနိ=ဗြဟ္မာဒေဝ၊ စသည်တွက်ကိန်း၊ ငါးသိန်း၏နှောင်၊ သောင်းနှစ်ထောင်ကုန်သော။ သမ္မုဒ္ဒေစ=ဆယ့်ခြောက်သင်္ချေ၊ ကမ္ဘာရေထက်၊ ပြောင်ဝေညီးညီး၊ မီးပုံကြီးနှယ်၊ ပွင့်ပြီးငြိမ်းပ၊ နိဗ္ဗုတသို့၊ မြန်းကြွစံဝင်၊ ဘုရားရှင်တို့ကိုလည်းကောင်း။ အဟံ=ခန္ဓာဝန်ဘော၊ ညွန့်သရောကို၊ မမျောသွန်ရ၊ စက်ဩဃ၌၊ မျောကျနှပ်မြုပ်၊ အကျွန်ုပ်သည်။ သိရသာ=သဒ္ဓါဆွတ်လောင်း၊ တုပ်ဝပ်ညွှောင်းလျက်၊ ဦးခေါင်းအင်္ဂါ၊ မင်္ဂလာဖြင့်။ နမာမိ=ကြည်ယုံမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား။

(၂) တေသံ=ထိုသင်္ချေနှစ်ဆယ်၊ စွန်းကယ်သိန်းနေ၊ ကမ္ဘာ့ရေထက်၊ ပွင့်ပေ့ကုန်ကြ၊ သိန်းငါးဝနှောင်၊ သောင်းနှစ်ထောင်ထိပ်၊ နှစ်ကျိပ်ရှစ်စွန်း၊ ကျွန်းနိဗ္ဗာန်ခွင်၊ စံဝင်ကြွသွား၊ ရှင်တော်ဘုရားတို့၏။ ဓမ္မဉ္စ=မဂ်

လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ=မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်၊ ရှစ်တန်ပရမတ်၊ အရိယာ သံဃာတော်မြတ်ကို လည်းကောင်း။ အဟံ=ဩဃဝစက်ဝဲ၊ ဂယက်ထဲ၌၊ ကျလဲ နစ်မြုပ်၊ အကျွန်ုပ်သည်။ အာဒရေန=ကာယဝစီ၊ မနချီ လျက်၊ မနသိကာရ၊ သက္ကစ္စဖြင့်။ နမာမိ=တုပ်ကွရှိကျိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

(၃) နမက္ကာရ နုဘာဝေန=ချမ်းမြေ့အေးကြည်၊ မနသိဖြင့်၊ ဦးချီညွှတ်ခါ၊ ရတနာကို၊ ဝန္ဒနာပူဇာ၊ ကုသိုလ ၏၊ ပုညတေဇော်၊အာနုဘော်ကြောင့်။ သဗ္ဗေဥပဒ္ဒဝေ= ဥပဒ္ဒွေ၊ အတိတက၊ ပါပကံဆိုး၊ အခံညှိုး၍၊ ရန်မျိုး ဥပဒ်၊ နှိပ်စက်တတ်ကုန်၊ အလုံးစုံတို့ကို။ ဟိတွာ=စွန့်နှင် တွန်းမှောက်၊ ခြိမ်းခြောက်ဖျက်ချေ၊ ပျောက်ပျက်စေ၍။ အနေကာ=သင်္ချာပေါင်းရုံး၊ ရေတွက်ကျုံးလည်း၊ မဆုံး နိုင်ရာ၊ များပြားစွာကုန်သော။ အန္တရာယာပိ=ဒုန္နိမိတ္တ သုပ်နနှင့်၊ ပါပမင်္ဂလာ၊ ဇာဘာကံညှိုး၊ ဂြိုဟ်ဆိုးနှိပ်စက်၊ ကျိုင်လိတ်မန္တရား၊ ရုပ်ထားနံမြုပ်၊ စုန်းဘုတ်အန္တရာယ်၊ အသွယ်သွယ်တို့သည်လည်း။ အသေသတော=အနုမြူ မျှ၊ ပမာဏလောက်၊ မရောက်မလား၊ အကြွင်းမရှိသော အားဖြင့်။ ဝိနဿန္တု=သုရိန်နှင်းကျောက်၊ ဆီးနှင်း ပေါက်သို့ ကင်းပျောက် ကုန်ခန်းပါစေကုန်သတည်း။

## ထူးခြားသော အနုက်

နဲ့ကြီးဆရာတော်မြတ်၏ သမ္ဗုဒ္ဓေဂါထာတော်မြတ်မှာ နှစ်ဂါထာခွဲသာရှိပါသည်။ ရှေးက ဤနှစ်ဂါထာခွဲရှိသော သမ္ဗုဒ္ဓေဂါထာကြီးကိုသာ ရွတ်ဖတ်ခဲ့ကြပါသည်။ အဘယ့်ကြောင့် သမ္ဗုဒ္ဓေဂါထာကြီးသည် နှစ်ပိုဒ်ခွဲသာ ရှိနေပါသနည်း။ ရှင်းပါသည်။ ရှေးသူတော်စင်တို့က အချို့သူများ ဤဂါထာတော်မြတ်ကို အသုံးပြု၍ မတရား ရိုင်းပြကြမည်ကို စိုးသောကြောင့် ဂါထာ တပိုဒ်ကို အဓိပ္ပာယ်မပျက်စေပဲ ဖြုတ်ထားခဲ့ခြင်း ဖြစ်ပါသည်။

(ဤအချက်နှင့် ပတ်သက်၍ ရွှေကျင် သာသနာပိုင်ကြီး၏ အဆုံးအဖြတ်နှင့် ဆရာကြီး ဦးပြုံးချို၏ အမေးတို့တွင် ပါရှိပြီး ဖြစ်ပါသည်)။

ဤတတိယတွေ့ရှိရသော နှစ်ဂါထာခွဲရှိသည့် သမ္ဗုဒ္ဓေကြီးအား နဲ့ကြီးဆရာတော် အရှင်သူမြတ်သည် မည်သူ၏ အနက်နှင့်မျှ မတူအောင် တမူထူးခြားစွာ ဖွင့်ဆိုထားပါသည်။ ဆရာတော်ကြီး၏ အနက်မှာ တမူထူးခြားလှ၍ မှတ်သားလေ့ကျက်ထားသင့်ပါသည်။

## မဟာအကာကြီး သမ္ဗုဒ္ဓေ

နောက်ထပ်တွေ့ရှိရသော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးမှာ နှောင်းခေတ်မှ သူတော်စင်ကြီးများ ထပ်မံ၍ ပိုမိုပြည့်စုံလေးနက်စေရန် မွမ်းမံဖြည့်စွက်ထားသော ဂါထာတော်မြတ်ကြီး ဖြစ်ပါသည်။ မဟာအကာကြီးသမ္ဗုဒ္ဓေဟုလည်း ခေါ်ပါသည်။ •

မူလ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးတွင် သင့်တင့်လျော်ကျပတ်စွာ ဆီလျော်ရာ ဆီလျော်စွာ ဖြည့်စွက်ထားသည်မှာအသားပါလှပါသည်။

အင်္ဂပွာယ်မှာလည်း ပိုမိုလေးနက်၍ ကြည်ညိုသဒ္ဓါပို၍ပို၍ဖြာရပါသည်။

ဤသို့ ခန့်ညားရှဲအံ့မခန်းဖွယ်ရာ ဖြည့်စွက်တော်မူသောသူတော်စင်၏ စေတနာမေတ္တာကား ကြီးမားပေစွ၊ ဖြူစင်ပေစွ၊ မြင့်မြတ်ပေစွ။

ဤသို့သော သူတော်စင်များအား စာရေးသူက ကာယဝစီမနောသုံးပါး၍ အလီလီကန်တော့အပ်ပါသတည်း။

## မဟာ အကာကြီး သမ္ဗုဒ္ဓေ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊  
ဒွါဒသဉ္စ သဟဿကေ၊  
ပဉ္စသတ သဟဿာနိ၊  
နမာမိ သိရသာ အဟံ။  
တေသံ ဓမ္မဉ္စ သံဃဉ္စ၊  
အာဒရေန နမာမိဟံ။

ဗုဒ္ဓေါ မေ သတ္တာ ပါကာရံ၊  
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။  
ဤ, သွာ, သု၊  
ဗုဒ္ဓံ သရဏံ ဂတော၊  
သဗ္ဗ ဒုက္ခာ ဝိ နဿန္တု။ ။

(၄၀) အရှင်သုသုက

( ၂ ) ဒွါဒသဉ္စ သဟာယ ကော၊
ဓမ္မော မေ သတ္ထု ပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဉာ, သွာ, သု၊
ဓမ္မံ သရဏံ ဂတာ၊
သဗ္ဗ ဘယာ ဝိနဿန္တု။ ။

( ၃ ) ပဉ္စသတ သဟာယာနံ၊
သံဃော မေ သတ္ထု ပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဉာ, သွာ, သု၊
သံဃံ သရဏံ ဂတာ၊
သဗ္ဗ ရောဂါ ဝိနဿန္တု။ ။

( ၄ ) နမာမိ သိရသာ မဟံ၊
အပ္ပကာ ဝါဠုကာ ဂင်္ဂါ။
အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ။
အာ ဒရေန နမာ မဟံ။

( ၅ ) နမ က္ကာရာ နု ဘာဝေန၊
မ, အ, ဥ ဟိတွာ၊
သဗ္ဗေ ဥပ ဒ္ဒဝေ၊
ဥ, အ, မ အနေကာ အန္တရာယာ ပိ၊
ဝိနဿန္တု အသေသတော။ ။

## အနက်အကျဉ်း

(၁) ဗုဒ္ဓေါ=သစ္စာလေးတန် အမှန်သိမြင် ဘုရားရှင်သည်။မေ=အကျွန်ုပ်အား။ သတ္တပါကာရ+သတ္တပါကရော=တံတိုင်းခုနစ်ထပ်၊ ဝန်းရံပတ်၏။ဗုဒ္ဓံ=သစ္စာလေးတန် အမှန်သိမြင်၊ဘုရားရှင်ကို။သရဏံ=ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ=နေ့ညမပြတ် ဆည်းကပ်ပါ၏။ဗုဒ္ဓံ = သစ္စာသိမြင်၊ ဘုရားရှင်ကို။ သရဏံ=မှီခိုဆည်းကပ်အမြတ်ထားခြင်းသို့။ ဂတာ=ရောက်ကြသည်။အာသု-အာသုံ=ဖြစ်ကုန်ပြီ။ ဣသု-ဣမေသု= ဤအကြောင်းတို့ကြောင့်။သရဏံ ဂတာ=ဘုရားကိုးကွယ်သော သူတို့သည်။သဗ္ဗဒုက္ခာ=ရှိသမျှကုန် အလုံးစုံသော ဆင်းရဲခြင်းတို့မှ။ ဝိနဿန္တု=မကပ်မရောက်ရအောင်၊ ကင်းပျောက်ကြပါစေကုန်သတည်း။

(ဓမ္မောနှင့် သံဃောများမှာလည်း အထက်ပါအတိုင်းပင် ဖြစ်ပါသည်။)

မှတ်ချက်။

ဣ=ဣတိပိသော=ဘုရားရှင်ဂုဏ်တော်ကိုးပါး။
သွာ=သွာက္ခာတော=တရားဂုဏ်တော်ခြောက်ပါး။
သု =သုပ္ပဋိပန္နော=သံဃာ့ဂုဏ်တော်ကိုးပါး။
(ဟူ၍ အချို့ပညာရှင်များက ယူဆကြပါသည်)။

## မ၊ အ၊ ဥ–အစိပ္ပာယ်

"ပဌမံ နမော လောပဋ္ဌ မကာရဿော ဇာယတေ" ဟု ရွတ်ဆို၍ "နမော" ဟူသော အက္ခရာနှစ်လုံးကို ချေဖျက်ပြီးလျှင် "မ" အက္ခရာကို ရေးရာ၏။

ရင်းနောက် "ဒုတိယံဗုဒ္ဓါလောပဋ္ဌအကာရဿော ဇာယတေ" ဟုရွတ်ဆို၍ "ဗုဒ္ဓါ" ဟူသော အက္ခရာနှစ်လုံးကို ချေဖျက်ပြီးလျှင် "အ" အက္ခရာကို ရေးရာ၏။

ရင်းနောက် "တတိယံ ယလောပဋ္ဌ ဥကာရဿော ဇာယတေ" ဟု ရွတ်ဆို၍ "ယ" အက္ခရာကို ချေဖျက်ပြီးလျှင် "ဥ" အက္ခရာကို ရေးရာ၏။

"မ–အ–ဥ" ဖြစ်နေလိမ့်မည်။

တဖန် "ပဌမလောပဋ္ဌ ဥုံကာရဿော ဇာယတေ" ဟု ရွတ်ဆို၍ "မ" အက္ခရာကို ဖျောက်ပြီး "ဥုံ" အက္ခရာကို ရေးရာ၏။

ရင်းနောက် "ဒုတိယံ အလောပဋ္ဌဥုံကာရဿော ဇာယတေ" ဟု ရွတ်ဆို၍ "အ" အက္ခရာကို ချေဖျက်ပြီး "ဥုံ" အက္ခရာကို ရေးရာ၏။

ရင်းနောက် "တတိယံ ဥလောပဋ္ဌဥုံကာရဿော ဇာယတေ" ဟု ရွတ်ဆို၍ "ဥ" အက္ခရာကို ချေဖျက်ပြီး "ဥုံ" အက္ခရာကို ရေးရာ၏။

"ဥုံ–ဥုံ–ဥုံ" ဟူ၍ ဖြစ်နေပေလိမ့်မည်။

ဤကား "နမော ဗုဒ္ဓါယ" ဟူသော အက္ခရာငါးလုံး ဘုရားငါးဆူမှ "ဥုံ" ဟူသော အက္ခရာ ဖြစ်ပေါ်လာပုံကို လောကီဆရာကြီးများ ကြံစည်ပုံတည်း။

ဘဒ္ဒကပ်၌ ပွင့်တော်မူသော ဘုရားငါးဆူတို့ကို အာရုံပြု၍ "နမော ဗုဒ္ဓါယ" ဟူသော အက္ခရာငါးလုံးကို ရေးသားထားရာ၏။

**မှတ်ချက်။**

အကျယ်ကိုသိလိုမူ လောကီအင်္ဂုတ္တိုရ်ကျမ်းနှင့် သရဘူကျမ်း ဆင့်တွဲ၌ ကြည့်ရှုကြပါကုန်။ (စာရေးသူ)

## သီဟိုဠ်သမ္ဗုဒ္ဓေကြီး

နောက် စာရေးသူ တွေ့ရှိသော သမ္ဗုဒ္ဓေ ဂါထာတော်ကြီးမှာ အရှည်ဆုံးနှင့် အနက်နဲဆုံးရှိသည်ဟု ဆိုရပါမည်။ ထိုသမ္ဗုဒ္ဓေ ဂါထာတော်ကြီး၏ မူလပေါက်ဖွားရာသည် မြန်မာ့ရေမြေတော တောင်မှ အရှင်သူမြတ်များ၏ နှလုံးသည်းပွတ်မှသာ ဖြစ်နိုင်ပါသည်။

ယခုတင်ပြမည်ဖြစ်သော သမ္ဗုဒ္ဓေဂါထာတော်ကြီးမှာသီဟိုဠ်မူဟု အမှတ်အသားများရှိသော်လည်းမြန်မာ့မူစစ်စစ်သာ ဖြစ်နိုင်သည်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သမ္ဗုဒ္ဓေဂါထာတော်ကြီးပါ အသုံးအနှုန်းများမှာ မြန်မာ့သမားတော်ကြီးများ၊ သူတော်စင်ကြီးများ၊ ဆရာတော်ကြီးများ

သုံးနှုန်းသော အသုံးအနှုန်းများအတိုင်း ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ထို့အပြင်ထိုအသုံးအနှုန်းများကိုသရဘူကျမ်းများ၊အင်္ဂတ္တိုရ်ကျမ်းများတွင် လေ့လာသိရှိရသောကြောင့်လည်း ဖြစ်ပါသည်။ (ဤသည်မှာ—စာရေးသူ၏ ယူဆချက်သာ ဖြစ်ပါသည်။ မူကွဲများကို မူရင်းအောက်ပါအတိုင်း တင်ပြအပ်ပါသည်။)

ရတနာသုံးပါး၌မရိုင်း၊ ရာမညတိုင်း အပါ၊ ဒါးပိန်ရွာ ဒကာမောင်တိုင်းသည် တရားအရာ၌ ညွှတ်ရှိုင်း ပတ္တနာ တောင်းတခြင်း အာသာရှိလှပါ၍ သီဟဠနာမ အမည်ရသောသီဟိုဠ် သမ္ဗုဒ္ဓေပါဠိ၏ အတ္ထမြန်မာ၊ ဘာသာအနက်၊ ယောဇနာချက်ကို သိလိုပါကြောင်းနှင့် တောင်းပန်ရာ ၁၂၅၄—ခု၊ တပေါင်းလဆန်း ၁၂-ရက်နေ့တွင် ဒါးပိန်ရွာ သရက်တော ဆရာတော် ရှင်ဝိဇယ၏ မြန်မာပြန်ဖြစ်သောသီဟိုဠ်သမ္ဗုဒ္ဓေ ပါဠိကား—

## သီဟိုဠ်သမ္ဗုဒ္ဓေကြီး မူတမျိုး

(၁) နမော တဿ၊ ယတော ပဟိတော
ယဿ တမော။

(၂) အ ဌာန မေတံ ဘိက္ခဝေ အနဝကာသော
ယော ပရူ ပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိ
နိဗ္ဗာယန္တိ။

(၃) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဗုဒ္ဓေါ မေ သတ္တ ပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
ဗုဒ္ဓံ သရဏံ ဂတော၊
သဗ္ဗ ဒုက္ခာ ဝိ နဿန္တု။ ။

(၄) ဒွါဒသဉ္စ သဟဿ ကေ၊
ဓမ္မော မေ သတ္တ ပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
ဓမ္မံ သရဏံ ဂတော၊
သဗ္ဗ ဘယာ ဝိ နဿန္တု။ ။

(၅) ပဉ္စသတ သဟဿာနိ၊
သံဃော မေ သတ္တ ပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဣ, သွာ, သု၊
သံဃံ သရဏံ ဂတော၊
သဗ္ဗ ရောဂါ ဝိ နဿန္တု။ ။

(၆) နမာမိ သိရသာ မဟံ၊
အမတံ ဝါဠုကံ ဂင်္ဂံ။
အနန္တံ နိဗ္ဗုတံ ဗုဒ္ဓံ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ။
အာဒရေန နမာ မဟံ။ ။

(၅၄) အရှင်သုသုက

(၇) နမ က္ကာရာ နုံ ဘာဝေန၊
မ, အ, ဥ၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ၊
ဥ, အ, မ၊
အဓနကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

(၈) နမော ဗုဒ္ဓါယ၊ ယ ဒ္ဓါ ဗုံ မော န။
ဗုဒ္ဓ နိမိတ္တံ၊ ဓမ္မ နိမိတ္တံ၊ သံဃ နိမိတ္တံ၊
ပဟိမာ ဗုဒ္ဓါ သုည ဗုဓဒ္ဓါ၊ အချဟုံ ဘဂဝါတိ။

၎င်းပါဠိ၏အနက်ကား—

(၁) တမော=အဝိဇ္ဇာတည်းဟူသောမောဟအမိုက်ကို။ ပဟိဒဘာ=ပယ်တော်မူပြီးတခသော။ ယဿ ဘဂဝတော=အကြင်မြတ်စွာဘုရားအား။ ဒေဝမနုဿေဟိ=နတ်လူအပေါင်းသူတော်ကောင်းတို့သည်။ ယတောယဿွာကာရဏာ=အကြင်အကြောင်းကြောင့်။ ပဟိတော=သဘောမခွ၊ အာမိသဒါန-ဓမ္မဒါန နှစ်ဌာနတို့ဖြင့်ပေးလှူပူဇော်အပ်သည်။ ဟောတိ=ဖြစ်၏။ အဘော တဿွာကာရဏာ=ထိုသို့သောအကြောင်းကြောင့်။ တဿဘဂဝတော = ထိုမြတ်စွာဘုရားအား။ နမော=ရှိခသမြတ်နိုး ရှိခိုးခြင်းသည်။ ဟောတု=ဖြစ်စေသတည်း။

(၂) ဘိက္ခဝေ=ချစ်သားရဟန်းတို့။ တထာဂတံ= မြတ်စွာဘုရားသခင်ကို။ ပရူပက္ကမေန = သူတပါးတို့၏ လုံ့လဥဿာဟဖြင့်။ဇီဝိတာ=ရုပ်နာမ်နှစ်ထွေ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ=ခန္ဓာပျက်ကြွေ၊ အသက်သေအောင် အကြွင်ချွငြွားအံ့။ (ဝါ) အကြွင်သတ်ငြွားအံ့။ တော့ ဝေါရောပနံ=ဆိုသို့ ချခြင်းသည်။ အဌာနံ= အကြောင်းမဟုတ်။ အနဝကာသော=အရာမဟုတ်။

ဘိက္ခဝေ=တို့။ တထာဂတာ=မြတ်စွာဘုရားသခင်တို့ မည်သည်။ အနူပက္ကမေန=သူတပါးတို့လက်နက်ပယောဂ အသတ်အဖြတ်ကင်းသဖြင့်။ ပရိနိဗ္ဗာယန္တိ=အလိုလို ပရိနိဗ္ဗာန်ပြုကုန်အံ့သတည်း။

(၃) အဌဝီသံ = သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏရောင်ဖိတ်၊ အောင်ဘိသိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။သမ္ဗုဒ္ဓေ=တန်ဆောင်ပမာ၊ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်း။ နမော=ရှိခိုးခြင်းသည်။ဟောတု=ဖြစ်စေသတည်း။ဗုဒ္ဓေါ=မြတ်စွာဘုရားသခင်သည်။ မေ=အကျွန်ုပ်၏။ သတ္တပါကာရံ-သတ္တပါကာရော=ခုနစ်တန်သောတံတိုင်းသဖွယ်ဖြစ်တော်မူ၏။ ဗုဒ္ဓံ=မြတ်စွာဘုရားသခင်ကို။သရဏံသရဏံဂတိ=ကိုးကွယ်ရာ၊ လည်းလျှောင်းရာဟူ၍။ ဂစ္ဆာမိ-ဘဇာမိ=ဆည်းကပ်ပါ၏။

ဂူ-သွာ-သု=ဤသို့ ကောင်းစွာလာခြင်း ရှိတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓံ=ဘုရားသခင်ကို။ သရဏံ=ကိုးကွယ်ရာသို့။ ဂတော=ရောက်၏။ (တနည်းလည်း) ဂတောဂန္တွာ=ကိုးကွယ်ရာသို့ ရောက်သောကြောင့်။ သဗ္ဗဒုက္ခာ=အလုံးစုံဖြစ်မြဲ၊ ဝဋ်ဆင်းရဲမှ။ ဝိနဿန္တု=ကင်းစင်လွင့်ပျောက်၊ မရောက်သည်သာ၊ ဖြစ်ပါစေကုန်သတည်း။

(၄) ဒွါဒသဋ္ဌ သဟဿကေ=နိဗ္ဗာန်ကိန်းအောင်း၊ စက်မွေ့လျှောင်းသည့် တသိန်းနှစ်သောင်း ကုန်သော။ သမ္ဗုဒ္ဓါနံ=လရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့် သစ္စာလျှံပြောင်၊ မြတ်ဘုန်းခေါင်တို့၏။ ဓမ္မဋ္ဌစ=ဟောတော်မူအပ်သော တရားဘော်မြတ်ကိုလည်း။ နမော=ရှိခိုးခြင်းသည်။ ဟောဟု=ဖြစ်ပါစေသတည်း။ ဓမ္မော=တရားတော်သည်။ မေ=အကျွန်ုပ်၏။ သတ္တုပါကာရံ=ခုနစ်တန်သော တံတိုင်းသဖွယ် ဖြစ်တော်မူ၏။ ဓမ္မံ=တရားတော်ကို။ သရဏံ-သရဏံဂူတိ=ကိုးကွယ်ရာ၊ လည်းလျှောင်းရာဟူ၍။ ဂစ္ဆာမိ- ဘဇာမိ=ဆည်းကပ်ပါ၏။

ဂူ,သွာ,သု=ဤသို့ကောင်းစွာလာခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်။ ဓမ္မံ=တရားတော်ကို။ သရဏံ=ကိုးကွယ်ခြင်းသို့။ ဂတော=ရောက်၏။ (တနည်းကား) ဂတောဂန္တွာ= ကိုးကွယ်ခြင်းသို့ ရောက်သောကြောင့်။ သဗ္ဗဘယာ=အသုံးစုံသော၊ ၂၅-ပါးသော ဘေး

အပေါင်းတို့သည်။ ဝိနဿန္တု = ကင်းစင်လွင့်ပျောက်၊ မရောက်သည်သာ ဖြစ်ပါစေကုန်သတည်း။

(၅) ပဋ္ဌသတ သဟဿာနိ=သောင်းထိုက် စကြဝဠာ၊ ဂုဏ်ဝါရောင်ရှိန် ငါးမာရ်နှိမ်ကုန်သော။ ဗုဒ္ဓါနံ= နေရောင်ပမာ၊ ဥာဏ်ရောင်ဝါဖြင့် သစ္စာလျှံထိန်၊ မြတ်မုနိန်တို့၏။ ဩရသေ=ရွှေရင်တော်နှစ်၊ သားတော်စစ်ဖြစ်ကုန်သော။ သံဃေစ=ရှစ်ယောက်သော ပရမတ္ထသံဃာတော်မြတ်တို့ကိုလည်း။ နမော = ရှိခိုးခြင်းသည်။ ဟောတု=ဖြစ်စေသတည်း။ သံဃော=သံဃာတော်သည်။ မေ=အကျွန်ုပ်၏။ သတ္တပါကာရံ=ခုနစ်တန်သော တံတိုင်းသဖွယ် ဖြစ်တော်မူ၏။ သံဃံ=သံဃာတော်ကို။ သရဏံ-သရဏံဂ္ဂတိ=ကိုးကွယ်ရာ၊ လည်းလျောင်းရာဟူ၍။ ဂစ္ဆာမိ-ဘဇာမိ=ဆည်းကပ်ပါ၏။

ဣ,သွာ,သု=ဤသို့အလွန်ကောင်းခြင်း၊ သီတင်းသီလ၊ အာစာရရှိတော်မူသည်၏အဖြစ်ကြောင့်။ သံဃံ=သံဃာတော်ကို။ သရဏံ = ကိုးကွယ်ရာသို့။ ဂတော= ရောက်၏။(တနည်းကား) ဂတောဂန္တွာ=ကိုးကွယ်ခြင်းသို့ရောက်သောကြောင့်။ သဗ္ဗရောဂါ=အလုံးစုံ အပြား ၉၆ ပါး ရောဂါဝေဒနာအပေါင်းတို့သည်။ ဝိနဿန္တု= ကင်းစင်လွင့်ပျောက်၊ မရောက်သည်သာ ဖြစ်ပါစေကုန်သတည်း။

(၆) အမတံ=သေခြင်းလည်းကင်းတော်မူထသော။ (ဝါ)တရား တည်းဟူသော အမြိုက်အရသာနှင့်လည်း ပြည့်စုံတော်မူထသော။ (တနည်းလည်း)အမတံ=ကိလေသာတည်းဟူသော မြူမလိမ်း၍ အစိမ်းနံ့ အပုပ်နံ့လည်း ကင်းတော်မူပြီးထသော။ ဂင်္ဂံ ဂင်္ဂါဝါဠုကံ=ဂင်္ဂါသဲစု နှိုင်းတုမှာ များလှစွာသော။ အနန္တံ=သင်္ချာဂဏန်း ရေတွက်မှန်းသော်လည်း၊ ဆုံးခန်းမရှိ၊ တိုင်းမသိသော။ နိဗ္ဗုတံ=ငြိမ်းရာအမှန်၊ ပြည်နိဗ္ဗာန်သို့ စံလွန်တော်မူပြီး ထသော။ ဗုဒ္ဓဉ္စ=မြတ်စွာဘုရား အပေါင်းကိုလည်း။ အဟံ=အကျွန်ုပ်သည်။ သိရသာ=ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ=ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

တေသံ=ထိုမြတ်စွာဘုရားသခင်တို့၏။ ဓမ္မဉ္စ=ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ သံဃဉ္စ=ရှစ်ယောက်သော ပရမတ္ထ သံဃာတော်အပေါင်းကို လည်းကောင်း။ အာဒရေန=ကြည်ညိုရိုသေစွာ။ (ဝါ) ကြည်ညိုရိုသေသဖြင့်။ အဟံ=အကျွန်ုပ်သည်။ နမာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

(၇) နမက္ကာရာနုဘာဝေန=ရှိသေ မြတ်နိုး ရှိခိုးခြင်းကိုပြုရသော ကုသိုလ်အာနုဘော်ကြောင့်။ မေ, အ,ဥ= တဏှာမာနဒိဋ္ဌိတည်းဟူသော ကျော့ကွင်းသုံးပါးမှ ကင်း

လွှတ်စေတတ် များမြတ်သော အကျိုးစီးပွားကို တားမြစ်တတ်သော။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ=ကိုယ်ဝယ်ရောက်တတ် ဖြစ်စေတတ်သော ၁၆ ရပ်သော ဥပဒ္ဒဝေါတို့ကို။ ဟိတွာ=ပရမာမြူအလား ထွားထွား ညက်ညက် ဖျောက်ဖျက်ဆီး၍။ ဥ,အာ,မ=များမြတ်စီးပွား သုံးပါးကျော့ကွင်း လျှော့မတင်းမှ လွတ်ရှုန်းရလေအောင် တားဆီးဆောင်သော။ အနေကာ အန္တရာယာပိ=စုတိပဋိသန္ဓေ နှစ်ထွေတို့အလယ်၌ ဆိုက်ရောက်ကျရောက်တတ်သော အန္တရာယ်အပေါင်း မကောင်းဟူသမျှတို့ သည်လည်း။ အသေသတော-အသေသေန=နှမ်းစေ့မြူညှင်း ပမာသွင်းလျက် အကြွင်းမကျန် မရှိသဖြင့်။ ဝိနဿန္တု=ငင်းငင် လွင့်ပျောက် ကိုယ်သို့မရောက်သည်သာ ဖြစ်ကြပါစေကုန်သတည်း။

(ဂ) နမော ဗုဒ္ဓါယ- ယဒ္ဓါဗုမောန=ပဉ္စဗုဒ္ဓါနံ=အနုလော ပဋိလောမ ဗုဒ္ဓတို့၏။ (တနည်းကား) ပဉ္စဗုဒ္ဓါနံ=ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဟူ သမ္ဗုဒ္ဓငါးပါး မြတ်ဘုရားတို့၏။ ဗုဒ္ဓနိမိတ္တံ=ဘုရားဖြစ်ခြင်း၏ အကြောင်း၊ ကောင်းသောနိမိတ်=ဓမ္မနိမိတ္တံ=တရားဖြစ်ခြင်း၏အကြောင်းကောင်းသောနိမိတ်။ သံဃနိမိတ္တံ=သံဃာဖြစ်ခြင်း၏အကြောင်းကောင်းသောနိမိတ် ရှိတော်မူသော။ အနေဟာံ=နတ်လူဗြဟ္မာဝေနေယျာတို့၏ ပူဇာ ဝိသေသ ခံထိုက်လှသော။

ဘဂဝါ=ကြွဿရိယ၊ ဓမ္မ၊ ယသ၊သီရိ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ=လေးပါးသစ္စာ ထင်ရှားစွာသော မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ပတိမာဏ=လွန်စွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဝင်းပါဠိ၏အနက်ဟူ၍ တွေ့ရှိရသည်။ ။

## ဆရာတော်ကြီးအမှာ

ထို့အပြင် "ဝင်းသီဟိုဠ်သမ္ဗုဒ္ဓေကို ရွတ်ဖတ်သရဇ္ဈာယ်ကြလေ။ အထွေထွေသော ရောဂါအန္တရာယ် ပြယ်စေနိုင်သော ဂါထာ ဆရာအမှာရှိသည်" ဟူ၍လည်း သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ အညွှန်းကို ဖော်ပြထားပေသည်။

(၁)

# သီဟိုဠ် သမ္ဗုဒ္ဓေကြီး

( သဏ္ဍာန်မူ )

ဗုဒ္ဓါ အနန္တာ မရိယာဒ သု သဉ်ဓေယျ။
ဗုဒ္ဓါ အနန္တာ သုဘလာဘိ သဉ်ဓေယျ။
ဗုဒ္ဓါ ဒိယာ ဓေါ ပကာ လဗ္ဘ ကပ္ပကေ။
ဝန္ဒာမိ တေ စိရ နိရ ဏ္ဍမေ အဟံ။ ။

## အနက်မှာ

သုသင်္ခယေ=ဘုရားဆုကို၊ ရမှုစိတ်သန်၊ ဝမ်းဦပန့်၍၊ ငါးမာရ်ပယ်လှစ်၊ တို့ရှင်ချစ်သည်၊ ခုနှစ်အသခေျ၊ ကိုန်း ပေများစွာ၊ ထိုကမ္ဘာထက်၌။ အနုန္နာမရိယာ=ဗြဟ္မာ ဒေဝစသည် များလှတွက်ကိန်း တသိန်းနှစ်သောင်း ငါး ထောင်ကုန်သော။ ဗုဒ္ဓါ=သစ္စာလေးပါး တရားသိမြော် သုံးဘော်သခင်မြတ်ရှင်ပင်တို့သည်။ဥပ္ပဇ္ဇိံသု=ကြည်လင် သန့်ရှင်း ပလ္လင်တကာ၌ ပွင့်တော်မူကုန်ပြီ။

စိသင်္ခယေ=ဘုရားဆုကို လုလုနှစ်သက် နှုတ်ခွန်းမြွက် ၍ ပန္နက်ဆုတောင်းတို့ရှင်လောင်းသည်ကိုးအသခေျထက် ၌။ အနုန္နာသုဟလာ=ပေါရာဏ ဂေါတမ သကျမုနိ အစရှိသည့် များဘိတွက်ကိန်း သုံးသိန်းရှစ်သောင်း ခုနှစ် ယောင်ကုန်သော။ဗုဒ္ဓါ=သစ္စာလေးပါး တရားသိမြင်၊ မြတ်ချစ်ရှင်တို့သည်။ဥပ္ပဇ္ဇိံသု=ဗောဓိအောင်ခန်း၊ပလ္လင် နန်းထက်၌ ပွင့်တော်မူကုန်ပြီ။

ဆေသင်္ခယေ=သုမေဓာတံ ဗျာဒိတ်ခံသည့်၊ သမန္တတ္တ ကမ္ဘာစသည်၊ များလှတွက်ရေ လေးအသခေျထက်၌။ ရိယာ=တဏှင်္ကရာ၊သစ္စာသိမြော်၊နေ့ဘင်တော်ကာ၊ များ လှခေါင်နိုင်၊ ခြောက်ရောင်ဖိတ်သည့်၊ တကျိပ်နှစ်ဆူ ကုန်သော။ ဗုဒ္ဓါ=သစ္စာလေးဆူ၊ ပွင့်တော်မူလေသည့် နတ်လူဘန်တောင် မြတ်ဘုန်းခေါင်တို့သည်။ဥပ္ပဇ္ဇိံသု= ဗောဓိအောင်မြေ၊ ပြွင်တော့ထက်၌၊ပွင့်တော်မူကုန်ပြီ။

(၆၂) အရှင်သုလက

လက္ခဏပ္ပဒေကာ=တို့ရှင်ခေါ်သောင်းမြတ်၊ ဗျာဒိတ်မြတ်ခံ၊ များလှန်ပျှက်ကိန်း၊ ကမ္ဘာတသိန်းကျက်၌။ ပဒုမုတ္တရ=ပဒုမုတ္တိ ရှိရ၊ လောကကြေးမြင်၊ ရှင်ပင်ကစ၊ ဗုဒ္ဓထွတ်ထိတ်၊ ငါးမောင်ရှိနိုင်သည့် ဘကျိုပ်ခြောက်ဆူကုန်သော။ ဗုဒ္ဓါ= ဘုရားလေးဆူ ပေးဝေတတ် သုံးလူနတ်တို့သည်။ ညပ္ပဇ္ဇိ သု=ပေဟာဝေဟာန်၊ သိမ်ရိထွတ်ကပ်၊ ရွှေပလ္လင်ထက်၌ ပွင့်တော်မူကုန်ပြီ။

တေစိခန့်ရုက္ခ=တို့သို့နှင်ကျောင်ရှင်ဆူ၊ စွန်းပြူတွက် ကိုန်း၊ ငါးသိန်းဘေပေါင်း၊ ဘဒသောင်းနှစ်ထောင်မကာ၊ ပြဟ္မာဒေပ၊ ရှင်တော့သည်၊ ဂေါ်ဓမ္မရှင်ပင်၊ တို့ချစ်ရှင် တိုင်အောင်သော၊ လောကသနင်း၊ တရားမင်းတို့ကို။ အဟံ=အကျွန်ုပ်သည်၊ ဝန္ဒာမိ=သဒ္ဓါရှင်ပြုံး၊ စောနှလုံး ဖြင့်၊ ပန်းကုံးအသွင် ဦးထိပ်တင်လျက်၊ ကြည်လင်မြတ်နိုး၊ လက်စုံမိုးမျှ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## မှတ်ချက်

အထက်ပါ သိပ္ပိုင်သမ္ဗုဒ္ဓေ သတ္တတမူကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှ ရရှိပါသည်။ အဆိုပါမူကို အင်ဖြူရှင်မင်းတရား ဖြက်ထုံး ပုရပိုက်မှ ရရှိခြင်းဖြစ်ပါသည်။

အထက်ပါ သတ္တတာသမ္ဗုဒ္ဓေမူတွင် "ပ" ဟူသော အက္ခရာတို့ တွေ့ရှိရပေမည်။ ထိုအက္ခရာ၏ အသံကို "ရှ" ဟူ၍ ဖတ်ရှုရန်လိုပါး သည်။

ဤအဆိုပါ သီဟိုဠ်သမ္မုဒ္ဒေကို အနက်ပေးရာ၌ ကပ္ပူယူးမြွား လျက် ရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် "သုဘာခ်ယော" "မိသာခ်ယော" "ဓာသာခ်ယော" စသည်ဖြင့် အသင်္ချေ အနန္တမှ ပွင့်လေကုန်ပြီးသော ရှင်တော်မြတ်ဘုရားတို့ အား စနစ်တကျ ကွက်ဘ ပြသထားသောကြောင့်ဖြစ်ပါသည်။

ပညာရှင်များ၊ သုတေသီများနှင့် သစ္စာပွင့်လင်း တရားခင်း တို့အားပိုမို ကြည်ညိုမြတ်နိုးကြရန် ရည်သန်တင်ပြလိုက်ပါသည်။

## ယက္ကန်းစင်တောင် ဆရာတော်ဦးဩဘာသ

## အမြဲရွတ်ဆိုသော သမ္မုဒ္ဒေ။

တဖန်နောက်ထပ်တွေ့ရှိသော သမ္မုဒ္ဒေ ဂါထာတော်ကြီးမှာ ယက္ကန်းစင်တောင် ဆရာတော်ကြီး အမြဲရွတ်ဖတ်တော်မူသော ဂါထာကြီးအဖြစ် အမှတ်အသားများ အရလည်းကောင်း၊ ဆရာ တော်ကြီး၏ တပည့် သားမြေးများထံမှလည်းကောင်း သိရှိရပါ သည်။

အဆိုပါ ဂါထာကြီးမှာ ပါဠိ အသုံးအဖွဲ့များအရ အဆင့် အတန်း မြင့်မားလှသော ဂါထာတော်ကြီး ဖြစ်သည်ဟု ပညာရှင် များက ဆိုပါသည်။

အဆိုပါဂါထာတော်ကြီးသည် ရှေးသူတော်စင် သူတော်မြတ် တို့ အလေးအမြတ်ထားကာ နေ့စဉ် ရွတ်ဖတ်ခဲ့ကြသည်။ ပွင့်လေ

ကုန်ပြီးသော မြတ်ဘုရားရှင်တို့အား ကြည်ညိုမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ကန်တော့ခဲ့ကြသည်။

အဆိုပါ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ်ရွတ်ဖတ် ရှိခိုး ပူဇော်ခြင်းအားဖြင့် ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ချမ်းမြေ့စွာဖြင့် နေထိုင်ရပြီး မိမိတို့ ရ၍ ရသင့်ထိုက်သော အခွင့်အရေးများကို တင်းပြည့်ကျပ်ပြည့်ခံစားရနိုင်သည်ဟုမိန့်ဆိုလေသည်။မူရင်းမှာ—

ယက္ကန်းစင်တောင် ဆရာတော်
အမြဲရွတ်ဖတ်တော်မူသော

## သမ္ဗုဒ္ဓေကြီးဂါထာ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါ ဒသေ သဟဿ ကေ၊
ပဉ္စ သတ သဟဿ ကေ။
ဂင်္ဂါ ဝါ ဠုကာ တိက္ကန္တေ။
( ၂ ) အပ္ပမေယျ ဇိနုတ္တမေ၊
အနန္တ နိဗ္ဗုတေ ဇိနေ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။ ။
( ၃ ) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

## အနက်မှာ

(၁) အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေစ=ဘုရားရှင်တို့ကို လည်းကောင်း။ ဒွါဒသ သဟဿေက=တသောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေစ=ဘုရားရှင်တို့ကိုလည်းကောင်း။ ပဉ္စသတ သဟဿကေ=ငါးသိန်း တသောင်း နှစ်ထောင် ကုန်သော။ သမ္ဗုဒ္ဓေစ=ဘုရားရှင်တို့ကိုလည်းကောင်း။ ဂင်္ဂါဝါဠုကာ = ဂင်္ဂါမြစ်မှ သဲလုံးမျှကို။ အတိက္ကန္တေ=လွန်ကုန်ထသော။

(၂) အပ္ပမေယျေ ဇိနုတ္တမေ=မနှိုင်းယှဉ်အပ် အောင်ငါးရပ်ဖြင့် လွန်မြတ်တော် မူကုန်ထသော။ အနန္တနိဗ္ဗုတေ ဇိနေစ=ရေတွက်ခြင်းငှာ တိုင်းတာမရှိ နိဗ္ဗုတိသခင် အောင်ပွဲဝင် မြတ်ဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ=ထိုနိဗ္ဗာန်ဝင်သွား မြတ်ဘုရားတို့၏။ ဓမ္မေစ=ရွှေနှုတ်တော်ထွက် ဟောဖော်မြွက်ကြား တရားတော်တို့ကိုလည်းကောင်း။ သံဃေစ=တပည့်သာဝက သံဃာတော်ဟူသမျှတို့ကိုလည်းကောင်း ။ အဟံ=တပည့်တော်သည်။ အာဒရေန=ရိုသေစွာဖြင့်။ နမာမိ=ဦး နှိမ့်ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၃) နမက္ကာရ စသော အနက်တူပြီ။

## အရှည်ဆုံး သမ္မုဒ္ဒေကြီး တမျိုး

တဖန် သိဟိုဠ်သမ္ဗုဒ္ဓေကြီးမှတမျိုးကွဲသို့ပင်လေးနက်၍အညွှာ အခက် အပွင့် အသီး တို့ဖြင့် ဝေဆာလျက် ရှိသော သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီး တပုဒ်ကိုလည်း ထပ်မံတွေ့ရှိရပါသည်။

အဆိုပါ သမ္ဗုဒ္ဓေကြီးကို ရှေးသူတော်စင် သူတော်မြတ်တို့ အရိုးကို အရွက်မပုံ ပေပဲ ဖွဲ့နွဲ့သီကုံးသွားသည်မှာ သူ့နေရာနှင့်သူ လိုက်လျောညီထွေရှိပါပေသည်။ ဤဂါထာတော်ကြီးသည်—

လောကီအကျိုးသာမက လောကုတ္တရာအကျိုးကိုပါ ပေးစွမ်း နိုင်ကြောင်းနှင့် ရောဂါဆိုး၊ ဝေဒနာဆိုး၊ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး၊ ကြမ္မာဆိုး စသော မကောင်းသည့်အနိဋ္ဌာရုံများကို ပျောက်ပျက် လွင့်စင်ရုံမျှ မက စီးပွားရေး၊ ကြီးပွားရေးဘက်တို့၌လည်း မိမိတို့ ခံစားနိုင်ခွင့် ရှိသလောက် အပြည့်အဝ ခံစားနိုင်ကြ ကြောင်း—ကို

အဆိုပါ ဂါထာတော်ကြီးကို လေးလေးစားစား ရွတ်ဖတ် သူများက မိန့်ဆိုကြပါသည်။

အဆိုပါဂါထာတော်ကြီးကို ကမာရွတ်(၁)လမ်းနေ ဆရာ သိရိအောင်(ဦးစိုးမြင့်)ထံမှ ရရှိခြင်း ဖြစ်ပါသည်။မူရင်းမှာ....

## အရှည်ဆုံး သမ္ဗုဒ္ဓေကြီးဂါထာ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဗုဒ္ဓေါ မေ အမှာကံ သတ္တ ပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂) ဒွါဒသဉ္စ သဟဿကေ၊
ဓမ္မော မေ အမှာကံ သတ္တပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၃) ပဉ္စသတ သဟဿာနိ၊
သံဃော မေ အမှာကံ သတ္တပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ။

(၄) နမာမိ သိရသာ မဟံ၊
သဗ္ဗေ ဗုဒ္ဓါ ဇိန စိတ္တာ၊
ဧတေသံ ဓမ္မဉ္စ၊
သဗ္ဗေ ဓမ္မာ ဇိန စိတ္တာ၊ သံဃဉ္စ၊
အာဒရေန နမာ မဟံ။

(၅) သဗ္ဗေ သံဃာ ဇိနံ စိတ္တာ၊
နမက္ကာရာ နု ဘာဝေန၊
မ, အ, ဥ၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
ဥ, အ, မ၊
အနေကာ အန္တရာယာ ဝိ။

(၆) န်မော ဗုဒ္ဓါယျ၊
ယျ, ဒ္ဓါ, ဗု, မော, နှ၊
သံ, ဂုံ, ပ, မ, ယျ၊
ယျ, မ, ပ, ဂုံ, သံ၊
နှ ကာရံ မာတာ ပါပံ ဝိ နှဿတု။
မော ကာရံ ပိတာ ပါပံ ဝိ န်ဿတု။
ဗု ကာရံ ဉာတိပါပံ ဝိ နှဿတု။
ဒ္ဓါ ကာရံ ရာဂ ဂါပံ ဝိ နှဿတု။
ယျ ကာရံ အတ္တနော ပါပံ ဝိ နဿတု
အ သေသတော။

## အနက်မှာ

(၁)အဋ္ဌဝိသံ=နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ= ဘုရားရှင်တို့သည်လည်းကောင်း။ ဗုဒ္ဓေါ=မြတ်စွာဘုရား သည်လည်းကောင်း။ မေ အမှာကံ=အကျွန်ုပ်တို့၏။ သတ္တပါကာရံ=ဘေးရန်ကာဆီး တံတိုင်းကြီးခုနစ်တန် အမှန်ဖြစ်ပါစေသတည်း။ ဗုဒ္ဓံ=မြတ်စွာဘုရားကို။ သရဏံ သရဏံ-ဂ္ဂတိ=ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

(၂) ဒွါဒသဉ္စ သဟဿကေ=တသောင်းနှစ်ထောင် ကုန်သော ဘုရားရှင်တို့သည်လည်းကောင်း။ တေသံ= ထိုဘုရားရှင်တို့၏။ ဓမ္မောစ–ဟောကြားမြွက်ဖော်ဆယ် ပါးသော တရားတော်မြတ်သည်လည်းကောင်း။ မေ

အမှာကံ= ဘုရားတပည့်တော်တို့၏.... (အထက်ပါအတိုင်း။)

(၃) ပဉ္စသတသဟဿာနိ= ငါးသိန်းတသောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့သည် လည်းကောင်း။ တေသံ= ထိုဘုရားရှင်တို့၏။ သံဃော စ =တပည့်သားသံဃာအပေါင်းသည်လည်းကောင်း။ မေ အမှာကံ= ဘုရားတပည့်တော်တို့၏....(အထက်ပါအတိုင်း။)

(၄) အဟံ=အကျွန်ုပ်သည်။ သိရသာ=ဦးခေါင်း အင်္ဂါမြတ်ရတနာဖြင့်။နမာမိ=ရှိခိုးပါ၏။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ဗုဒ္ဓါ=ဘုရားရှင်တို့သည်။ ဇိနစိတ္တာ= အောင်အပ်ပြီးသောစိတ်ရှိတော်မူကြကုန်၏။တေသံ=ထိုဘုရားရှင်တို့၏။ဓမ္မဥ္စ=တရားတော်မြတ်ကိုလည်းကောင်း။ သဗ္ဗေ= ခပ်သိမ်း ကုန်သော။ ဓမ္မာ=တရားတို့သည်။ ဇိနစိတ္တာ=အောင်စေတတ်သောစိတ်ရှိကြကုန်၏။ သံဃဥ္စ အောင်အပ်ပြီးသော စိတ်ရှိကုန်သောသံဃာတော်မြတ်ကို လည်းကောင်း။ အဟံ=အကျွန်ုပ်သည်။ အာဒရေန= ရိုသေစွာဖြင့်။ နမာမိ=ရှိခိုးပါ၏။

(၅) ဇိနစိတ္တာ=ကိလေသာတရားတို့ကိုအောင်ပြီးသောစိတ် ရှိကုန်သော။သဗ္ဗေသံဃာ=ခပ်သိမ်းကုန်သော သံဃာတော်တို့ကို။နမက္ကာရာနုဘာဝေန=ရှိခိုးအပ်သော အာနုဘော်ကြောင့်။ သဗ္ဗုပဒ္ဒဝေ=ခပ်သိမ်းကုန်သော

ဥပဒ္ဒဝေါ်တို့ကို။ ဟိတွာ= ပယ်စွန့်ပြီးဖြစ်၍၊ မ, အ, ဥ= ပြီးစီးအောင်မြင်ပါစေကုန်သတည်း။ အနေကာအန္တရာယာပိ= တပါးမက များလှစွာသော အန္တရာယ်အပေါင်းတို့သည်လည်း။ ဥ, အ, မ= ပြီးစီးအောင်မြင်ပါစေကုန်သတည်း။

(၆) နမောဗုဒ္ဓါယ= မြတ်စွာဘုရားကို ရှိခိုးပါ၏။ ယျဒ္ဓါဗုမောန= မြတ်စွာဘုရားကိုရှိခိုးပါ၏။ သံ, ဂု, ပ, မ, ယျ= ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ, အရိမေတ္တေယျ, တည်းဟူသော ငါးဆူကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း။ ယျ-မ-ပ-ဂု-သံ= ငါးဆူသော ဘုရားရှင်တို့ကိုလည်းကောင်း။ နမော= ရှိခိုးပါ၏။

နကာရေ နကာရေန= နအက္ခရာ တန်ခိုးကြောင့်။ မာတာပါပံ= မကောင်းမှုနှင့် တူသော အမိသည်။ အသေသတော= အကြွင်းအကျန် မရှိသော အားဖြင့်။ ဝိနဿတု= ပျောက်ပျက်ပါစေသတည်း။

မောကာရေ မောကာရေန= မောအက္ခရာ တန်ခိုးကြောင့်။ ပိတာပါပံ= အဘနှင့်တူသော မကောင်းမှုသည်။ အသေသတော= ဖြင့်။ ဝိနဿတု= ပျောက်ပျက်ပါစေသတည်း။

ဗုကာရေ ဗုကာရေန= ဗုအက္ခရာ တန်ခိုးကြောင့်။ ဥာတိပါပံ= အဆွေအမျိုးနှင့်တူသော မကောင်းမှုသည်။ အသေသတော= ဖြင့်။ ဝိနဿတု= ပျောက်ပျက်ပါစေသတည်း။

ဒွါကာရ၊ ဒွါကာရေန=ဒွါအကွာရာ တန်ခိုးကြောင့်။ ရာဂပါပံ= မကောင်းမှုရာဂ အညစ်အကြေးသည်၊ ဝိနဿတု=ပျောက်ပျက်ပါစေသတည်း။

ယျကာရ၊ ယျကာရေန=ယျအက္ခရာတန်ခိုးကြောင့်။ အတ္တနောပါပံ=မိမိဒ္ဓိတည်သော မကောင်း မှုသည်။ ဝိနဿတု=ပျောက်လွင့်ပါစေသတည်း။

## အခြားသမ္ဗုဒ္ဓေမှုကွဲတမျိုး

တဖန် ဤကျမ်း၌ ပိုမိုပြည့်စုံရန်အတွက် ရှေးသူဟောင်းတို့၏ အဌာရေသ စမကျမ်း ပေမှ ရရှိသည့် သမ္ဗုဒ္ဓေဂါထာတော်များကို မူရင်းအတိုင်း ယပ်မံတင်ပြလိုပါသည်။ သို့မှလည်း ဤကျမ်းမှာ ပိုမိုပြည့်စုံ၍ လေးနက်မည် ဖြစ်ပါသည်။

အဆိုပါ ဂါထာတော်များကို ရှေးအစဉ်အဆက်မှ ယနေ့မျက်မှောက်ခေတ်အထိ သူတော်စင်များအဓိလေးအမြတ်ထားကာ ရွတ်ဖတ်ခဲ့ကြောင်း သိရှိရပါသည်။ယင်းမှုကွဲများမှာ—

(၇၂) အရှင်သုသုက

## အခြား သမ္ဗုဒ္ဓေ မူကွဲတမျိုး

(၁) သမ္ဗုဒ္ဓေ မမ အာဘိ ကာလ ဉာဏေန၊
သဗ္ဗ ဣစ္ဆာသယံ၊
စတု ဒေဝ စက္ကံ၊
ပဉ္စ ဗုဒ္ဓ ဉာဏံ၊
အဟံ သမိဇ္ဈန္တု။ ။
(၂) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
မမ အဋ္ဌိ ဒိကာလံ၊
ပရိ သေဝနံ မမ ရာဇာ၊
ဥဥ, အအ, မမ၊
အနန္တာ မဟာ ယသ မန္တာ၊
လောက ပါလာ ဂစ္ဆတိ။
ဟရေ ဒေဝ နုမော်နော ဘဝိဿတိ။

(၃) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
မမ အန္တာ ဒိကလံ၊
တြိပေ သဒုံ၊
မဟာ ရာဇာ၊
ဥဥ, အအ, မမ၊
အန္တော မဟာ ရဿ၊
မန္တာ လောက ပါလာ၊
ဂတ္တတိ အန္တ စေဝ၊
ရာဇိနော ဘဝိဿတိ။

မှတ်ချက်။ ။

အဋ္ဌရသ စမကျမ်း ပေမူမှ ရသည်၊
ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။



# ဘေးဆိုးအမျိုးမျိုး၊ အန္တရာယ်ဆိုးအမျိုးမျိုး တို့မှ လွတ်ကင်းနိုင်သည့် သမ္ဗုဒ္ဓေဂါထာတော်ကြီး (လေးမျိုး)

## စာရေးသူ၏အမှာ

၁၃၀၀ ပြည့်နှစ်က ကျွန်ုပ်စာရေးသူ မန္တလေးမြို့၌ နေစဉ် ပလိင်မြို့သို့ အလည်သွားသည်။ ကျယ်သော ကျောင်းဝန်းကြီး အတွင်းရှိ ကျောင်းအိုကြီးတကျောင်း၌ အေးအေးဆေးဆေး တပါးတည်း သီတင်းသုံးနေသော ဆရာတော်၊ အိုအိုကြီးတပါး နှင့်တွေ့ရပါသည်။ ထိုဆရာတော်ကြီးကို ဖူးမျှော်လျက် ထိုကျောင်း တွင် နှစ်ညမျှ တည်းခိုနေစဉ် ထိုဆရာတော်ကြီးက မြတ်စွာဘုရား

၏ ဂုဏ်တော်၊တန်ခိုးတော်၊ကျေးဇူးတော် အနန္တအကြောင်းများကို အကျယ်တဝင့်မိန့်တော်မူပြီးလျှင် သူ့ထံမှာ သူငယ်ငယ်က ဆရာတော်ကြီးတပါးထံမှ ရရှိခဲ့သော သမ္ဗုဒ္ဓေကြီးလေးမျိုးရှိကြောင်း။ထိုလေးမျိုးကို စည်းချသောအနေဖြင့် ဘေးရန်ကိုကြောက်၍ သူ့ကျောင်းဝင်းအတွင်း လာရောက်တည်းခိုနေသူများအတွက် ရွတ်ဖတ်နေစဉ်အခိုက်မှာ ကျောင်းဝင်းအပြင်သို့ မထွက်ကြစေပဲ သူကိုယ်တိုင် ကျောင်းဝင်းကိုအတွင်းထားပြီး ဝင်းအပြင်ဘက်က အနည်းဆုံး ခုနစ်ပတ်လောက်ပတ်၍ ဘေးရောဂါတွေ ငြိမ်းမချင်း ညစဉ်ရွတ်ဖတ်နေလေ့ရှိကြောင်း။

### တန်ခိုးကြီးမားပုံ

ထိုသို့ရွတ်ဖတ်နေသဖြင့် ပလိပ်ပိုးရှိသောကြွက်များ၊ကျောင်းဝင်းအတွင်းသို့မလာရောက်နိုင်ကြောင်း၊ ပလိပ်ကပ်ရောဂါဖြစ်သည့်အခါ သူ့ကျောင်းဝင်းအတွင်းသို့လာ၍ခိုသူများမှာ နှစ်တော်တော်များများအတွင်းမှာ အိမ်ထောင်စု ၃၀၀ ကျော်လောက်ရှိလိမ့်မည်ဟုထင်ကြောင်း။ထိုအိမ်ထောင်စုရှိသူများတွင် တယောက်မျှ ပလိပ်ရောဂါ မဖြစ်ခဲ့ကြောင်း စသဖြင့် "သမ္ဗုဒ္ဓေလေးမျိုး"၏ တန်ခိုးကြီးမားပုံများကို မိန့်တော်မူပါသည်။ ထို့ကြောင့် ဤစာရေးသူက ထိုသမ္ဗုဒ္ဓေလေးမျိုးကို တောင်းယူလျက် သူဆိုပြခဲ့သည့်အတိုင်း ရေးမှတ်ခဲ့၍ အရကျက်ပြီးလျှင် ဘေးဖြစ်မည်ထင်သောနေရာများသို့ သွားသောအခါ အမြဲရွတ်ဖတ်ခဲ့ပါသည်။

ဘုရားရှိခိုးတိုင်းလည်း ဘုရားရှိခိုး၍ ရွတ်ဖတ်ပါသည်။

## လက်တွေ့ပါ

လက်တွေ့ မျက်တွေ့ ထူးခြားသည်မှာ ကျစာရေးသူ ယခု နေသော ရွှေဂူကျောင်းနေရာမှာ အလွန်တောကြမ်းသောနေရာ ဖြစ်ပါသည်။ ထိုအနီးရှိ ရွာသူရွာသားများသည် ထိုနေရာသို့ နေ့အခါမှာပင် လူတရာတွင် တယောက်မျှသွားငံ့သူမရှိပါ။ ကျစာရေးသူသည် ထိုနေရာသို့သွား၍ ကမ္မဋ္ဌာန်းထိုင်ယင်း ထိုသမ္ဗုဒ္ဓေ လေးပုဒ်ကိုလည်း အရပ်ရှစ်မျက်နှာဘက်သို့ လှည့်၍ ရှစ်ခေါက်ကျ အမြဲရွတ်ဖတ်စည်းချခဲ့ပါသည်။

## စည်းချထား

ကျစာရေးသူသည် တပည့်များကို ညစဉ် အရပ်ရှစ်မျက်နှာသို့ မျက်နှာမူလျက် အရွတ်ခိုင်းပါသည်။ မြွေဆိုးများလည်း မတွေ့ရတော့ပါ။ ခွေးရူးများလည်းပြေးလာသောအခါ ကျစာရေးသူ သတ်မှတ်ထားသော ကျောင်းဝင်းအဝရောက်သျှင် ဝင်လာနိုင်ခြင်းမရှိပဲ အခြားသို့ ရှောင်ပြေးကြပါသည်။

## ဗုဒ္ဓါနုဿတိ

သို့ဖြစ်၍ လောကီ လောကုတ္တရာအကျိုးနှစ်မျိုးရ၍ဗုဒ္ဓဝန္ဒနာလဲဖြစ်၊ ဗုဒ္ဓါနုဿတိလဲဖြစ်၊ ဘာဝနာလဲဖြစ်သော "သမ္ဗုဒ္ဓေ လေးမျိုး" ကို အများအကျိုးအတွက် မေတ္တာလက်ဆောင်အဖြစ် ရေးသားလိုက်ရပါသည်။ ။

အရှင်ဦးဝိသုဒ္ဓါစာရ

## တောင်ကျွန်း သမ္ဗုဒ္ဓေ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါ ဒသဉ္စ သဟဿကေ။
ပဉ္စ သတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။ ။

(၂) အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာ ဒရေန နမာ မဟံ။ ။

(၃) နမ က္ကာရာ နု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိ နဿန္တု အ သေသတော။ ။

## တောင်ကျွန်းသမ္ဗုဒ္ဓေအနက်

(၁) အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူ အရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေစ=သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူကြကုန်သော မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ=တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ=သစ္စာလေးဆင့် ရှေ့ဉာဏ်ရှင့်၍ပွင့်တော်မူကြကုန်သောမြတ်စွာ

ဘုရားတို့ကိုလည်းကောင်း။ ပဋ္ဌသတာ   သဟဿာဝနိ=
ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ=သစ္စာလေးဆင့်ရွှေဉာဏ်
ရှင့်၍ ပွင့်တော်မူကြကုန်သော မြတ်စွာဘုရား တို့ကို
လည်းကောင်း။အဟံ=တပည့်တော်သည်။   သိရသာ=
ကိုယ်၏အထွတ်အမြတ်ညွန့်ဖူးမြတ်သည့်ဦးဖြင့်။ နမာမိ=
ရှိသေသည့်တကျိုး တုပ်ဝပ်လျှိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

(၂) ငါ့ဗြူတာဝဂ်ါ၊ မြစ်ကြီးရော ဂင်္ဂါပင်ကုန်း
ရှိရှိသမျှသော သဲလုံးတို့သည်။ အပ္ပကာ=ရေတွက်သိမ်း
ဆည်း နည်းလှပေကုန်၏။ နိဗ္ဗုတာ=ရှုလ္လ ခပ်သိမ်း
ပြတ်ငြိမ်းလှပ်စင် ခေမာသို့ ဝင်တော်မူကြကုန်သော။
ဇိနာ=ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်လို့သည်။
အနန္တာ=သင်္ချာသင်္ချေ တွက်ရေမျှ အလွန်ပင် များပြား
လှပေကုန်၏။ တေစ=ထိုဂင်္ဂါသဲလုံး ပမာဏမျှ ပွင့်ကြ
ကုန်သော လောကထွတ်ထား ရှင်တော် မြတ်ဘုရားတို့
ကိုလည်းကောင်း။ ဘေသံ=ထိုဘုရားရှင်တို့၏။ ဓမ္မဉ္စ=
ပဟာဖော်မိန့်ကြား ဗျာဒိတ်တားသည့် ဆယ်ပါးသော
တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ=သီလဝန္တ၊
ကလျာဏပုထုဇဉ် သံဃာတော် အရှင်မြတ်တို့နှင့် ဘက္ခ
ဧဋ္ဌချင်တော်နှစ်သားအပ်အရိယာ ရှစ်ပြာသော ပရမတ္ထ
သံဃာတော်မြတ်ကိုလည်းကောင်း။ အဟံ=တပည့်တော်
သည်။အာဒရေန=စိတ်ဓာကြည်ညို ရိုသေစွာ။နမာမိ=
ရှိခိုးပါ၏။

(၃) နမက္ကာရာနုဘာဝေန=ရှိခိုးပါရ မြတ်ပုည၏ ကြီးလှစေတော်အာနုဘော်ကြောင့်။ သဗ္ဗေ=ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ= ဘေးရန်ဥပဒ္ဒဝါတို့ကို။ ဟိတွာ=စွန့်ကုန်သည်ဖြစ်၍။ အနေကာ အန္တရာယာ ပိ= များလှသည့်သည့် အန္တရာယ်တို့သည်လည်း။ အာ--သေသ တော အသေသတော=အကြွင်းမဲ့ အားဖြင့်။ ဝိနဿန္တု= ကြေညက်ပြုန်းတီး အလိုလိုပျက်စီး၍ ထံနီးမရောက် ကင်းဝေးလွင့်ပျောက်ပါစေကုန်သတည်း။

## မြောက်ကျွန်း သမ္ဗုဒ္ဓေ

(၁) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
ဒွါ ဝီသဉ္စ ဣမေ ဗုဒ္ဓေ။
ဧက တိံ သံ သဗ္ဗေ ဗုဒ္ဓေ၊
ဒွတ္တိံ သံ စ မဟာ ဗုဒ္ဓေ။ ။

(၂) ပဉ္စ ဝီသံ ဗုဒ္ဓ နေတ္တိံ၊
ဒွ တ္တိံ သံ ဗုဒ္ဓ ဘာဝေနေ။
ဧတေန ဗုဒ္ဓ ဂုဏေန၊
တေသံ စမ္မဋ္ဌ သံသဉ္စ။
အာ ဒရေန နမာ မဟံ။ ။

(၃) နမ က္ကာရာ နု ဘာဝေန။
ဟိတွာ သဗ္ဗေ ဥပ ဒ္ဒဝေ။
အနေကာ အန္တရာယာ ပိ၊
ဝိနဿန္တု အ သေသတော။ ။

၀) အရှင်သုသုက

## မြောက်ကျွန်းသမ္ဗုဒ္ဓေအနက်

(၁) အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူ အရေအတွက် ရှိကုန်သော။ သမ္ဗုဒ္ဓေစ=ဘုရားရှင်တို့ကိုလည်းကောင်း၊ ဒွါ– ဝီသံ=နှစ်ဆယ့်နှစ်ဆူ အရေအတွက်ရှိကုန်သော။ ဣမေ ဗုဒ္ဓေစ=ဤဘုရားရှင်တို့ကိုလည်းကောင်း။ ဧကတိံသံ= သုံးဆယ့်တစ်ဆူ အရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေစ= ခပ်သိမ်းကုန်သော ဘုရားရှင် တို့ကို လည်းကောင်း။ ဒွတ္တိံသံ=၃၂ဆူအရေအတွက်ရှိကုန်သော။ မဟာဗုဒ္ဓေစ= ဘုရားရှင်မြတ်တို့ကိုလည်းကောင်း။

(၂) ပဉ္စဝီသံ=နှစ်ဆယ့်ငါးဆူ အရေအတွက်ရှိကုန်သော။ ဗုဒ္ဓနုတ္တံ စ=ဘုရားရှင်တို့၏ဗုဒ္ဓစက္ခုစသောမျက်စိ ငါးပါးအစုတို့ကိုလည်းကောင်း။ ဒွတ္တိံသံ=၃၂ပါး အရေအတွက်ရှိကုန်သော။ ဗုဒ္ဓဘာဝနေစ=ဘုရားဘာဝနာတို့ကိုလည်းကောင်း။ ဧတေန ဗုဒ္ဓ ဂုဏေနစ=ထိုဆိုအပ်ခဲ့ပြီးသော ဘုရားရှင်တို့၏ဉာဏ်တော် ကျေးဇူးတော်ကြောင့်လည်းကောင်း၊ တေသံ= ထိုဘုရားရှင်တို့၏။ ဓမ္မံ= ရွှေနှုတ်တော်ထွက် တရားတော်မြတ်ကိုလည်းကောင်း။ တေသံ=ထိုဘုရားရှင်တို့၏။ သံဃံ=တပည့်သားသံဃာ တော်မြတ် ကိုလည်းကောင်း။ အဟံ=အကျွန်ုပ်သည်။ အာဒရေန=စိတ်တော်ကြည်ညို ရိုသေစွာ။ နမာမိ= ရှိခိုးပါ၏အရှင်ဘုရား။

(၃) နမက္ကာရာနုဘာဝသည်အနက် ရေးအတိုင်း။

# အရှေ့ကျွန်းသမ္ဗုဒ္ဓေ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
မမ ဂစ္ဆန္တိ ပုဗ္ဗဒေသ။
ပဉ္စ ဗုဒ္ဓေ၊ မဟာတေဇော၊
မမ သီသေ နိ သိဒ္ဓိ။ ။

(၂) ဒွေ ရတံ မံ ရက္ခန္တု၊
မေ ဇယ မင်္ဂလ အဂ္ဂ။ ။

(၃) သဗ္ဗေ ပိ မေ နမာသာမိ။
ဂုဏေ အာဘဏ္ဍ ပုဂ္ဂလ။
အရိယာနဉ္စ သဗ္ဗသာ၊
သာသကာနဉ္စ သဗ္ဗသော။ ။

## အရှေ့ကျွန်းသမ္ဗုဒ္ဓေ အနက်

(၁) အဋ္ဌဝီသဉ္စ=နှစ်ကျိပ်ရှစ်ဆူအရေအတွက်ရှိသည့် လည်း ဖြစ်ကုန်သော။ သမ္ဗုဒ္ဓေ= ဘုရားရှင်တို့သည်။ မမ=အကျွန်ုပ်၏။ ပုဗ္ဗဒေသ=ရှေ့မှ။ ဂစ္ဆန္တိ=ကြွသွားတော်မူကုန်၏။ မဟာတေဇော=ကြီးမြတ်သော တန်ခိုးရှိတော်မူသော။ ပဉ္စဗုဒ္ဓေ=သံ၊ ဂုံ၊ ပ၊ မ၊ ဃ ဟူသော ဘုရားငါးဆူသည်။ မမ=အကျွန်ုပ်၏။ သီသေ= ဦးခေါင်းထက်၌။ နိသိဒ္ဓိ=သီတင်းသုံးနေထိုင်တော်မူ၏။

(၂-၃) အဟံ=အကျွန်ုပ်သည်။ ဣမေသမ္ဗုဒ္ဓေ=ဤ ငါးသိန်းကုန်သောဘုရားရှင်တို့ကိုလည်းကောင်း။ ဂုဏော- အဘိဉ္ဇပုဂ္ဂလ=ဂုဏ်တော် အနေပါင်းတို့ ဆောင်ရာဖြစ် သောဘုရားမြတ်တို့ကိုလည်းကောင်း။ သဗ္ဗသံ=အခြင်း ခပ်သိမ်း။ အရိယသာဓွ=အရိယာ ပုဂ္ဂိုလ်တို့ကိုလည်း ကောင်း။ နမာမိဟံ=ရှိခိုးပါ၏။ သဗ္ဗသော=အခါခပ် သိမ်း။ ယာဝဂကာနန္တ=ပုထုဇဉ် အရိယာ နှစ်ဖြာသော တပည့်သားတို့ကိုလည်း။ နမာမိ=ရှိခိုးပါ၏။
[illegible]=အကျွန်ုပ်ကို။ ဒုစ္စရိတံ=ဒုစရိုက်[illegible]ပြည့်။ ရက္ခန္တု= စောင့် ရှောက် [illegible] ကြပါစေကုန်သတည်း။ မေ= အကျွန်ုပ်အား။ သဗ္ဗံ=ခပ်သော။ ဇယမင်္ဂလံ=အောင် ခြင်း မင်္ဂလာသည်။ ဘဝတု=ဖြစ်ပါစေသတည်း။

## အနေ့ခက်ကျွန်းသမ္ဗုဒ္ဓေ

( ၁ ) သမ္ဗုဒ္ဓေ အဋ္ဌ ဝီသဉ္စ၊
သဗ္ဗ သောဇာ သဗ္ဗ ဂုဏာ။
သဗ္ဗ သုခံ လဘတု မေ။
ဆာဝီ ဆာယာ ဆာယိ ဆာယံ။

( ၂ ) သဗ္ဗညုတ ဉာဏ ဝရံ၊
သဗ္ဗ သတ္တာရ သဗ္ဗ ဘယံ။
ဝိ နဿန္တု အ သေသတော။ ။

## အနောက်ကျွန်းသမ္ဗုဒ္ဓေ အနက်

(၁) အဋ္ဌဝီသံ=နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ= ဘုရားရှင်တို့သည်လည်း။ သဗ္ဗတေဇာ= ခပ်သိမ်းသော တန်ခိုးနှင့်ပြည့်စုံတော်မူကုန်၏။ သဗ္ဗာဘာ=အလုံးစုံသော ကျေးဇူးတော်တို့နှင့်ပြည့်စုံတော်မူကုန်၏။ တေ=ထိုဘုရားရှင်တို့သည်။ မေ=အကျွန်ုပ်အား။ သဗ္ဗသုခံ=အလုံးစုံသော လောကီချမ်းသာ အပေါင်းကို။ လဘာတု (ဒေတု) ရပါစေသတည်း။ (ဝါ) ပေးပါစေသတည်း။ ဆာဝိ ဆာယာ=ဘုန်းတော်ခြောက်ပါး၏ အရိပ်အရောင်သည်။ ဆာယိစ=လောကီရိပ်ချမ်းသာကိုလည်းကောင်း။ ဆာယံစ=လောကုတ္တရာရိပ်ချမ်းသာကိုလည်းကောင်း။ ဒေတိ= ပေးစွမ်းနိုင်၏။

(၂) သဗ္ဗညုတ ဉာဏဝရံ=မြတ်သော သဗ္ဗညုတ ဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ခပ်သိမ်းသော တရားတို့ကို သိလည်းသိမြင် မြတ်သော သဗ္ဗညုတဉာဏ်လည်းရှိတော်မူ၏ ဧတေန သစ္စဝဇ္ဇေန= ဤသို့မှန်သော သစ္စာစကားကိုဆိုရသောကြောင့်။ သဗ္ဗ သတ္တုရု=ခပ်သိမ်းသောရန်အပေါင်းသည်လည်းကောင်း။ သဗ္ဗဘယံ=ခပ်သိမ်းသော ဘေး အပေါင်း သည် လည်း ကောင်း။ အသေသတော=အကြွင်း အကျန် မရှိသော အားဖြင့်။ ဝိနဿန္တု=ကင်းစင်လွင့်ပျောက်မရောက်သည် သာ ဖြစ်ပါစေကုန်သတည်း။

## လေ့လာတွေ့ရှိသမျှသာ

ဤသည်မှာ စာရေးသူ တွေ့ရှိသမျှသော သမ္ဗုဒ္ဓေဂါထာတော်မြတ်များပင် ဖြစ်ပါသည်။

တပုဒ်နှင့်တပုဒ် မူကွဲများပါရှိနေသည်ကို လေ့လာတွေ့နိုင်ပါသည်။ မည်သည့်အပုဒ်က သာလွန် ကောင်းမွန်သည်ဟူ၍ကား မဆုံးဖြတ်လိုပါ။ မည်သည့်ဂါထာတော်မြတ်မှ အပုဒ်များကို မှားသည် မှန်သည်ဟူ၍လည်း မပြင်ဆင်လိုပါ။ အဘယ်ကြောင့်ဆိုသော် အဆက်ပါ သမ္ဗုဒ္ဓေဂါထာတော်မြတ်များပါ မျှ နောက် ပါဠိ အက္ခရာများသည်လည်းကောင်း၊ အပိုဒ်များသည်လည်းကောင်း သူ့အကြောင်းသူ့အကျိုးဖြင့် ပြီးပြည့်စုံပြီး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဤသည်ကား မြန်မာတို့၏ နှလုံးသည်းပွတ်သဖွယ် ဖြစ်သော သမ္ဗုဒ္ဓေဂါထာတော်များ၏ မူလ ရေသောက်မြစ်များ ဖြစ်ပါသည်။

ဤကား စာရေးသူလေ့လာတွေ့ရှိသမျှသော သမ္ဗုဒ္ဓေဂါထာတော်မြတ်များပင်ဖြစ်ပါသည်။ ပြီးပြည့်စုံပြီဟု မယူဆစေလိုပါ၊

## သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို ပြန်လည်စိစစ်ခြင်း

စိန္တိတံ သတ္တ သင်္ချေယျံ။
နဝသင်္ချေယျ ဝါစကံ။
ကာယဝါစံ စတုချာသံ။
ဗုဒ္ဓတ္တံ သမုပါဂမိံ။ ။

စသော ပရိဘာသာနှင့်အညီ ဂေါတမဘုရားရှင်သည် အလောင်းတော်ဘဝက ဘုရားဆုကို စိတ်ကူးခဲ့သည်မှာ ၇-အသင်္ချေတိုင်တိုင် ကြာခဲ့၏။ နှုတ်ဖြင့်မြွက်၍ တောင်းဆိုခဲ့သည်မှာ ၉-အသင်္ချေတိုင်တိုင်ကြာခဲ့၏။ စိတ်ရောနှုတ်ပါတောင်းဆိုခဲ့သည်မှာ ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ကြာခဲ့၏။ ပေါင်း အသင်္ချေ ၂၀-နှင့် ကမ္ဘာတသိန်းဖြစ်ပါသည်။

### ပထမဂါထာ စိစစ်ချက်

ထိုတွင် ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ တကျော်ချော ဘုရားမှစ၍ ဘုရားပေါင်း ၂၈ ဆူ ပွင့်တော်မူခဲ့ကြသည်။ ထို ၄ အသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပွင့်တော်မူကြသော

(၈၆) အရှင်သုသုက

ဘုရားရှင်တို့ကို ရည်ညွှန်း၍ ဘုရားရှိခိုးကြောင်းကို "သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ" ပါဠိဖြင့် ပြသည်။

အဋ္ဌ=၈၊ ဝီသ=၂၀။ အဋ္ဌဝီသ=၂၈ ဟုသို။ စသဒ္ဒါကို သမ္ပိဏ္ဍနတ္ထ ဟုသိ။ အဝုတ္တ သမုစ္စယတ္ထမှတ်။ ။ "အဋ္ဌဝီသံ" ၌ "ဝီသတျာဒိ၊ နဝုတိ၊ ဣတ္ထိ ဧကဝုစ်—" ဟူသော နိယမ်နှင့် အညီ ဣတ္ထိလိင်ဧကဝုစ် ဖြစ်၍ ဒုတိယာ ဧကဝုစ် အံဝိဘတ်နှင့် ထားသည်။

ထို့ကြောင့် "အဋ္ဌဝီသံ=နှစ်ဆယ့်ရှစ်ဆူသော" (ဧကဝုစ်အနက် ပေး၊ "နှစ်ဆယ့်ရှစ်ဆူကုန်သော" ဟု ဗဟုဝုစ်အနက်ပေးသင့် ဟုလို) "သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ နမာမိ သိရသာ အဟံ" ဟု ဆည့်စပ်။

"အဋ္ဌဝီသံ သမ္ဗုဒ္ဓေ သိရသာ အဟံ နမာမိ=နှစ်ဆယ့်ရှစ်ပါးသော မြတ်စွာဘုရားတို့ကိုလည်း ဦးခေါင်းဖြင့် တပည့်တော် ရှိခိုးပါ၏" ဟု ဆိုလိုသတည်း။

စိတ်ကူးဖြင့် ဆုတောင်းခဲ့ရသော ၇ အသင်္ချေနှင့် နှုတ်မြွက်၍ ဆုတောင်းခဲ့သော ၉ အသင်္ချေကိုကိုပေါင်းသော် ၁၆ အသင်္ချေ ဖြစ်၏၊ ထို ၁၆ အသင်္ချေအတွင်း၌ ဖြစ်ပွားခဲ့သော ဘုရားမှစ၍ ဘုရားပေါင်း ၅၁၂၀၀၀ (ငါးသိန်း တစ်သောင်း နှစ်ထောင်)ပွင့် တော်မူခဲ့ကြသည်၊ ထို ၁၆ အသင်္ချေအတွင်း ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့ကို ရည်ညွှန်း၍ ရှိခိုးကြောင်းကို "သမ္ဗုဒ္ဓေ ဒွါဒသဉ္စ သဟဿကေ ပဉ္စသတ သဟဿာနိ နမာမိ သိရသာ အဟံ"-ပါဠိဖြင့် ပြသည်။

ဒွိ=၂+ဒသ=၁၀။ ဒွါဒသ=၁၂။ စသဒ္ဒါ အဝုတ္တ သမုစ္စယတ္ထပင်။ "သမ္ဗုဒ္ဓေ"၏ နောက်မှာယှဉ်။ သဟဿ=၁၀၀၀။ ကေ၌"က" ပစ္စည်းကား သွတ္ထ=အနက်မရှိ။ ၁၀၀၀×၁၂=၁၂၀၀၀။ "ဒွါဒသ သဟဿကေ=တသောင်း နှစ်ထောင်" ဟုလို။ ဂုဏ်ဘ သင်္ချာမျိုးမှတ်။

ပဉ္စ×သတ=၁၀၀။ ပဉ္စ×သတ=၅၀၀ ပေါင်းစပ်ယူရသော သမ္ဗန္ဓသင်္ချာမျိုး မဟုတ်။ မြှောက်ယူရသော ဂုဏ်ဘ သင်္ချာမျိုးပင်မှတ်။ "ပဉ္စသတ" ဟု ရှိအပ်လျက် "ပဉ္စသတ"ဟု 'ဿသံယုတ်'နှင့် ရှိခြင်းသည် 'နဂ္ဂဟိတ်' လွတ်၍ 'ဘဂ္ဂဟိတ်' ဖြစ်စေရန် ဆန္ဒာနုရက္ခဏအတွက်မှတ်။

သဟဿ = ၁၀၀၀။ ၁၀၀၀×၅၀၀ = ၅၀၀၀၀၀ (ငါးသိန်း)။ "ပဉ္စသတသဟဿာနိ=ငါးသိန်း" ဟုလို၊ ဂုဏ်ဘ သင်္ချာမျိုးမှတ်။

"ဒွါဒသသဟဿကေ" နှင့် "ပဉ္စသတသဟဿာနိ" ကို ပေါင်းစပ်၍ ၅၁၂၀၀၀ (ငါးသိန်း တသောင်း နှစ်ထောင်) ဖြစ်သည်။ သမ္ဗန္ဓသင်္ချာမျိုးမှတ်။

"ဒွါဒသ သဟဿကေ ပဉ္စသတ သဟဿာနိ သမ္ဗုဒ္ဓေစ သိရသာ အဟံ နမာမိ=ငါးသိန်းတသောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့ကိုလည်း ဦးခေါင်းဖြင့် တည့်တော် ရှိခိုးပါ၏"ဟု ဆိုလိုသတည်း။

## ဒုတိယဂါထာ စိစစ်ချက်

ဒုတိယဂါထာ၌ "အပ္ပကာ ဝါဠကာ ဂင်္ဂါ" ဟူသော ပထမပါဒဖြင့် ဂင်္ဂါမြစ်တွင်းရှိ သဲတို့သည် မရေမတွက်နိုင်အောင် များလှကုန်သော်လည်း အသင်္ချေ ၂၀ ၏ ဟိုဘက်မှ ပွင့်တော်မူခဲ့သော ဘုရားရှင်တို့နှင့် နှိုင်းစာသော် သဲအစုက နည်းလှပါကုန်သေး၏ဟု ဆိုလိုသည်။

"ဂင်္ဂါယ"-ဟုရှိသင့်၏။ ဆန်းကြောင့် ယ အက္ခရာ ကြေနသည်။ထို့ကြောင့် "ဆန်းကြောင့် ကြေပျက်၊ ယွင်းသေ့ထွက်၊ ဆောင်လျက်ပေးကြရာ" ဟူသော နိယံများနှင့်အညီ "ဂင်္ဂါ=ဂင်္ဂါယ=ဂင်္ဂါမြစ်အတွင်း၌" ဟု အနက်ဖော်ပေးခဲ့ပါသည်။

"အနန္တာ နိဗ္ဗုတာ ဇိနာ" ဟူသော ဒုတိယ ပါဒဖြင့် ဂင်္ဂါမြစ်တွင်းရှိ သဲစုတို့သည်မည်မျှပင် မရေမတွက်နိုင်အောင် များစေကာမူ အသင်္ချေ ၂၀ ၏ ဟိုဘက်က ပွင့်တော်မူခဲ့သည့် ပေါရာဏဂေါတမ အစရှိသော ဘုရားရှင်တို့က ပိုမိုများပြားလှပါသည်ဟု ဆိုလိုသည်။ ထိုမျှ များပြားလှသည် ဟူသော အနက်ကို လိုအပ်ရကား "တေဇ နေစ" ဟူသော ပါဌသေသကို ထည့်၍ အနက်ပေးရသတည်း။

"အပ္ပကာ ဝါဠကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ" ဟူသော ပုဗ္ဗဒ္ဓ ၂ ပါဒသည် အချိုးစပ်မှု၌ ပါရှိ၏။ အချိုးစပ်မှု၌ မပါရှိပေ။ နှံ့ကြိုးဆရာတော်ဘုရားကြီး၊ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးများ ခေတ်အခါက ဤအပိုဒ်များမပါရှိကြောင်း သင်

ချားလှ၏။မပါလျှင် "အသင်္ချေ ၂၁ အတွင်း ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့ကိုသာ ရှိခိုးသော ဂါထာ"ဟု မှတ်သားရမည်။ပါလျှင် "အသင်္ချေ ၂၀ ၏ ဟိုဘက်မှ ပွင့်တော်မူခဲ့ကြသည့် ပေါရာဏဂေါတမ အစရှိသော ဘုရားရှင်တို့ကိုလည်း ရှိခိုးသော ဂါထာ"ဟု မှတ်သားရပါမည်။

အချို့စာမူများ၌"အပ္ပကံ ဝါဠုကံဂင်္ဂ၊အနန္တ နိဗ္ဗုတံဇိနံ"ဟု ကေဝစနန္တပုဒ်များနှင့်ရှိကြ၏။ထိုသို့ရှိခြင်းသည်ကောင်းစွာ အဓိပ္ပာယ်ပြည့်စုံအောင် အနက်ပေးရန်ခက်၏။အချို့ဘုရားရှိခိုးစာများ၌ မမှန်မကန် မသေမချာအနက်ပေးထားသည်ကိုလည်း တွေ့ရလေသည်။

"တေသံ ဓမ္မဉ္စ သံဃဉ္စ၊အာဒရေန နမာမဟံ"ဟူသောအပရဒ္ဓ-၂ ပါဒဖြင့်"ဘုရားရှင်အပေါင်းတို့၏ တရားဆယ်ပါးနှင့် ရှစ်ပါးသံဃာ အရိယာအပေါင်းတို့ကိုလည်း ရိုသေစွာ ရှိခိုးကြောင်း"ကို ဖော်ပြသည်။

ပထမဂါထာ၌"သိရသာ မဟံ"ပုဒ်၌ 'မ' အက္ခရာကား 'ယဝမဒနတရလာစာဂမာ' သုတ်ဖြင့် 'မ' အက္ခရာ လာသည်။ "သိရသာ အဟံ"ဟုပင် ပုဒ်ဖြတ်၏။

ဒုတိယဂါထာ၌"နမာမဟံ"ပုဒ်၌ 'မ'အက္ခရာကား"နမာမိ အဟံ"ဟုပဒစ္ဆေဒပြုလျက်'မိ'ခွင်း'ဣ'ကြွင်း၊သရာသရေလောပံ သုတ်ဖြင့် 'ဣ'ချေ။ 'မ'ကို'အ'ကပ်၍ပြီးသည်။ဤသို့အထူးမှတ်။

## တတိယဂါထာ ဝိစစ်ချက်

တတိယဂါထာဖြင့် ဆုတောင်းကိုပြသည်။ ထိုဂါထာဝယ် "ပဏ္ဍိတာ သဗ္ဗူ ဥပဒ္ဒဝေ" ဟူသော ဒုတိယပါဒဖြင့် "အတိတ်ဘဝ အကုသိုလ် ကံများကို ပယ်ဖျောက် နိုင်ပါစေ" ဟု ဆုတောင်းလိုသည်။

အချို့စာမူ၌ "ဥပ္ပဒ္ဒဝေ" ဟု ပ' ဒွေဘော်နှင့်မှားလျက်ရှိနေ၏။ ဆန်းလည်းပျက် သဒ္ဒါလည်းပျက်သည်။ "ဥပဒ္ဒဝေ" ဟု ပ' တလုံးနှင့်သာရှိသင့်၏။

"အနေကာ အန္တရာယာပိဝိနဿန္တု အသေသတော" ဟူသော အပရဒ္ဓဖြင့် "ယခုဘဝမှာပင် အားထုတ်သော မကောင်းသော ပယောဂတခုခုကြောင့် တွေ့ဆုံကြုံကြိုက်ရသည့် အန္တရာယ်များကိုလည်း ကုသိုလ်ကြောင့် ပယ်ရှားနိုင်ပါစေ" ဟု ဆုတောင်းလိုသည်။

ပဋိသန္ဓိ စုတီနံ အန္တရေ ဝေမဇ္ဈေ ဟောတိ ဝတ္တတီတိ အန္တရာယော=သက်ရှိသတ္တဝါမှန်သမျှတို့၏ အစဆုံးစိတ်ကို 'ပဋိသန္ဓေ' ဟုခေါ်သည်။

ဘဝအဆုံးစိတ်ကို 'စုတိစိတ်' ဟုခေါ်သည်။

ထိုစိတ်နှစ်ခုတို့၏အကြား၌ ဖြစ်ဖြစ်သမျှစိတ်ကို 'ပဝတ္တိစိတ်' ဟုခေါ်သည်။

"အန္တရာယ်" ဟူသည် ပဋိသန္ဓေ စုတိတို့၏အကြား ပဝတ္တိ အခိုက်၌ကျရောက်တတ်သော ဘေးဒဏ်ရန်စွယ်ဟူသမျှကို ခေါ်ပါသည်။

ကံကြမ္မ ဟူ၍လည်းကောင်း၊ ဥပဒ္ဒဝေါ ဟူ၍လည်းကောင်း ဘေးရန် ဟူ၍လည်းကောင်း၊ အန္တရာယ်ဟူ၍လည်းကောင်း အတူတူခေါ်ကြ၏။ သို့ရာတွင် ဂါထာ၌ အတိတ်ကံကြောင့်ဖြစ်သည်ကို "ဥပဒ္ဒဝေါ"၊ ပစ္စုပ္ပန် ပယောဂကြောင့်ဖြစ်သည်ကို "အန္တရာယ်" ဟူ ဆိုလိုသတည်း။

ဤသည်တို့မှာ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို ရေးသူမြတ်တို့ ခွဲခြမ်းစိတ်ဖြာ၍ ပြသထားခြင်းဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး၏ အနှစ်သာရ သဘောကို အဆီညှစ်၍ ဖွင့်လှစ်ပြသထားခြင်းသဘောလည်း ဖြစ်ပါသည်။

ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုး ကြည်ညိုသဒ္ဓါ ဆပွားကာ ဖြင့်ပွင့်လေကုန်ပြီးသော မြတ်စွာဘုရားတို့အား ရှိခိုးကန်တော့ကြကုန်ရာသည်။ ။

○

## သမ္ဗုဒ္ဓေပါ မြတ်ဘုရားပေါင်း

### ဇယတု သဗ္ဗဒါ ရိပုံ

ဗုဒ္ဓါ အနန္တာ မရိယာ သုသင်္ခယေ။
ဗုဒ္ဓါ အနန္တာ သုဟလာ မိ သင်္ခယေ။
ဗုဒ္ဓါ ရိယာ ဆေပကု လက္ခာကပ္ပကေ။
ဝန္ဒာမိ တေ ဇိရ နိရုက္ကမေ သဒါ။ ။

သုသင်္ခယေ=ခုနစ်အသင်္ချေ်သက်၌။ အနန္တာမရိယာ=တသိန်းနှစ်သောင်း ငါးထောင်ကုန်သော။ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်။ဥပ္ပဇ္ဇိံသု= ပွင့်တော်မူကုန်ပြီ။ မိသင်္ခယေ=ကိုးအသင်္ချေ်ထက်၌။ အနန္တာ သုဟလာ=သုံးသိန်းရှစ်သောင်း ခုနစ်ထောင် ကုန်သော။ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်။ဥပ္ပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။ဆေသင်္ခယေ=လေးအသင်္ချေ်သက်၌။ ရိယာ=ဘကျိပ်နှစ်ဆူကုန်သော။ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်။ဥပ္ပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။လက္ခာကပ္ပကေ=ကမ္ဘာတသိန်းထက်၌။ ပကု=ဘကျိပ်ခြောက်ဆူကုန်သော။ ဗုဒ္ဓါ=မြတ်စွာဘုရားတို့သည်။ဥပ္ပဇ္ဇိံသု=ပွင့်တော်မူကုန်ပြီ။ သဒါ=မျှသော

ကျေးဇူးတော်၊ဂုဏ်တော်ရှိတော်မူကြကုန်သော။ တော ဇိ ရန်ရက္ခမေ=ထိုငါးသိန်းတသောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်တို့ကို။အဟံ=ငါသည်။ဝန္ဒာမိ=ရှိခိုးပါ၏။

(၁) စိန္တိတံ သတ္တသင်္ချေယျံ၊
နဝ သင်္ချေယျ ဝါစကံ။
ကာယ ဝါစံ စတုချာတံ၊
ဗုဒ္ဓတ္တံ သမုပါဂမိ။

(၂) နန္ဒော သုနန္ဒော ပထဝီ၊
မဏ္ဍော ဓရဏီ သာဂရော။
ပုဏ္ဍရိကော တိမေ သတ္တ၊
အသင်္ချေယျာ ပကာသိတာ။

(၃) မနသာ ပဋ္ဌနာ(ပတ္ထနာ)မယှံ၊
နိဒ္ဒိဋ္ဌာ အသင်္ချေယျာ ဣမေ။
သဗ္ဗံ သတ သဟဿာနိ၊
ဝီသတိ ဗုဒ္ဓ သဟဿံ။

(၄) သေသံ ပဥ္စသဟဿာနိ၊
သမ္မာသမ္ဗုဒ္ဓ ဒီပိတာ။
သဗ္ဗ ဗန္ဒါ သဗ္ဗပုလ္လိင်္ဂါ၊
သဗ္ဗ ရတန ဥသဘော။
ခန္ဓော မာနိ ဘန္ဒါဝေဝ၊
ပဒုမော သဗ္ဗ ဖာလန္ကော။

(၅) ကုဒမ ကပ္ပါ အသင်္ချေယျာ၊
နာဓမောတိ ပပုစ္စတိ။
ငဏ္ဍီကောဒါ ပတ္ထနာ မယှံ၊
ပူရိတာ နဝ အသင်္ချေယျာ။

(၆) တီဏိ သတ သဟဿာနိ၊
နဝုတိပိဿစ ဝီသတိ စေဝ။
ဗုဒ္ဓါနံ သမ္ဗုဒ္ဓါ ပဏ္ဍိတာ၊
သောဠသာ ဘာသော ဇနယော စေဝ။
ရူပိယာ သင်္ချေယျာ လူမေ၊
ဧတ္တာဒရောတိ အ သင်္ချေယျာ၊
ဝိပါကောတိ ပဝုစ္စတိ။

(၇) တ, မေ, သ, ဒီ, ကော, မံ, သု, ရေ,၊
သော, အ, ပ, နာ, ပ, သု, သု, ပိ,။
အ, ဓံ, သိ, တိ, ဖု, ပိ, သိ, ဝေ,၊
က, ကော, က, ဂေါ, နမာ မဟံ။

ဘုရားပေါင်း ၅၁၂,၀၂၈
ခုနှစ်အသင်္ချေတွင် ပွင့်သောဘုရားပေါင်း

ငါတို့ဘုရားလောင်းကား ကဋ္ဌဝါဟနလုလင်ဖြစ်သောအခါ၊ သမုဒ္ဒရာ၌ မယ်တော်ကိုထမ်း၍ ကူးလျှင် "ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တောမောစေယျံ၊ တိဏ္ဏော တာရေယျံ" ဟု ဘုရားဆုကိုတောင်း တော်မူခဲ့၏။

ထို့နောက် နန္ဒအသင်္ချေသက်၌ ဗြဟ္မဒေဝ အမည်ရှိသော ဘုရား ပွင့်သောအခါ အတိဒေဝ အမည်ရှိသော မင်းဖြစ်၍ ဘုရားသခင်အား အလှူပေး၍ဘုရားဆုကို စိတ်ဖြင့်ကြံ၍ တောင်းတော်မူခဲ့၏။

## ခုနစ်အသင်္ချေတွင် ပွင့်သော ဘုရားပေါင်း

| | | |
|---|---|---|
| ၁ | နန္ဒအသင်္ချေတွင်ပွင့်တော်မူကုန်သောဘုရားပေါင်း | ၅,၀၀၀ |
| ၂ | သုနန္ဒ .... .... .... | ၉,၀၀၀ |
| ၃ | ပထဝီ .... .... .... | ၁၀,၀၀၀ |
| ၄ | မဏ္ဍ .... .... .... | ၁၁,၀၀၀ |
| ၅ | ဓာရဏီ .... .... .... | ၂၀,၀၀၀ |
| ၆ | သာဂရ .... .... .... | ၃၀,၀၀၀ |
| ၇ | ပုဏ္ဍရိက .... .... .... | ၄၀,၀၀၀ |
| | ခုနစ်အသင်္ချေတွင် ပွင့်တော်မူသောဘုရားပေါင်း | ၁၂၅,၀၀၀ |

## ကိုးအသင်္ချေတွင်ပွင့်သော ဘုရားပေါင်း

ကိုးအသင်္ချေ၏ အစဖြစ်သော သဗ္ဗဘဒ္ဒ အသင်္ချေသက်၌ ပေါရာဏ ဂေါတမဘုရား ပွင့်တော်မူသောအခါ ငါတို့ဘုရားလောင်းသည် ညဉ်တိပြည်တွင် သာဂရအမည်ရှိသော စကြဝတေးမင်း ဖြစ်၍ ဘုရားသခင်အား နံ့သာကျောင်းနှင့်တကွ ပစ္စည်းလေးပါးလှူ၍ ဘုရားဆုကို နှုတ်မြွက်၍ တောင်းတော်မူ၏။

## ကိုးအသင်္ချေတွင်ပွင့်သောဘုရားပေါင်း ၃၈၇,၀၀၀

| | | | | | |
|---|---|---|---|---|---|
| ၁ | သဗ္ဗဘဒ္ဒအသင်္ချေတွင်ပွင့်သော ဘုရားပေါင်း | | | | ၅၀,၀၀၀ |
| ၂ | သဗ္ဗဖုလ္လ | .... | .... | .... | ၆၀,၀၀၀ |
| ၃ | သဗ္ဗရတန | .... | .... | .... | ၇၀,၀၀၀ |
| ၄ | ဥသဘ | .... | .... | .... | ၈၀,၀၀၀ |
| ၅ | ခန္ဓ | .... | .... | .... | ၉၀,၀၀၀ |
| ၆ | ပာဒိ | .... | .... | .... | ၂၀,၀၀၀ |
| ၇ | ဘဒ္ဒ | .... | .... | .... | ၁၀,၀၀၀ |
| ၈ | ပဒုမ | .... | .... | .... | ၅,၀၀၀ |
| ၉ | သဗ္ဗဖာလ | .... | .... | .... | ၂,၀၀၀ |
| | ကိုးအသင်္ချေတွင်ပွင့်သောဘုရားပေါင်း | | | | ၃၈၇,၀၀၀ |

## လေးအသင်္ချေနှင့်ကမ္ဘာတသိန်းတွင် ပွင့်သောဘုရားပေါင်း

လေး အသင်္ချေကာလ် သာရမဏ္ဍ ကပ်တွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဟူ၍ ဘုရားလေးဆူ ပွင့်တော်မူ၏။ ဒီပင်္ကရာဘုရားပွင့်ပြီးသောအခါ ငါတို့ ဘုရားအလောင်းတော်သည် သုမေဓာရသေ့ဖြစ်၍ ကိုယ်တော်ကို တံတားခင်းပြီး နှုတ်ဖြင့်ဘုရားဆုကို တောင်း၏။ ဒီပင်္ကရာဘုရားသည် လေး အသင်္ချေနှင့် ကမ္ဘာတသိန်းလွန်၍ ဂေါတမဘုရားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။

သည့်နောက် လေးအသင်္ချေ သဉ်း၍ နောက်သာရကပ်၌ ကောဏ္ဍညဘုရား ပွင့်သောအခါ ဝိဇိတာဝီ အမည်ရှိသော စကြဝတေးမင်းဖြစ်၍ ဗျာဒိတ်ရ၏။ သောလသအသင်္ချေ နောက်သာရကပ်တဆူ။

သည့်နောက် ဘာသအသင်္ချေသဉ်း၍ နောက်သာရမဏ္ဍကပ်၌ မင်္ဂလဘုရား ပွင့်သောအခါ သုရုစိပုဏ္ဏားဖြစ်၍ ဗျာဒိတ်ရ၏။ သုမနဘုရားပွင့်သောအခါ အတုလ နဂါးမင်းဖြစ်၍ဗျာဒိတ်ရ၏။ ရေဝတဘုရားပွင့်သောအခါ အတိဒေဝပုဏ္ဏားဖြစ်၍ ဗျာဒိတ်ရ၏။ သောဘိတဘုရား ပွင့်သောအခါ သုဇာတပုဏ္ဏား ဖြစ်၍ ဗျာဒိတ်ရ၏။ သာရမဏ္ဍကပ်၌ ဘုရားလေးဆူ ပွင့်တော်မူ၏။

သည့်နောက် ဇယအသင်္ချေသဉ်း၍ နောက်ဝရကပ်၌ အနောမဒဿီဘုရား ပွင့်တော်မူသောအခါ ဘီလူး စစ်သူကြီး ဖြစ်၍ ဗျာဒိတ်ရ၏။ ပဒုမဘုရား ပွင့်သောအခါ ခြင်္သေ့ဖြစ်၍ ဗျာဒိတ်ရ၏။ နာရဒဘုရား ပွင့်သောအခါ ရသေ့ဖြစ်၍ ဗျာဒိတ်ရ၏။ ဇယအသင်္ချေနောက် ဝရကပ်သုံးဆူ။

သည့်နောက်ရုစိယအသင်္ချေသဉ်း၍နောက်သာရကပ်၌(ကမ္ဘာ တသိန်းထက်၌ဖြစ်၏)။ ပဒုမဘုရားပွင့်သောအခါ ဇဋိလမင်းကြီး ဖြစ်၍ ဗျာဒိတ်ရ၏။ ရုစိယအသင်္ချေနောက် သာရကပ်တဆူ။

သည့်နောက် ကမ္ဘာ ခုနစ်သောင်း သဉ်း၍ ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာသုံးသောင်းထက် မဏ္ဍကပ်ဝယ် သုမေဓဘုရား ပွင့်သောအခါ ဥတ္တရလုလင်ဖြစ်၍ ဗျာဒိတ်ရ၏။ သုဇာတဘုရား

ပွင့်သောအခါ စကြာမင်းဖြစ်၍ဗျာဒိတ်ရ၏။ ကမ္ဘာခုနစ်သောင်း သုဉ်းသည့်နောက် မဏ္ဍကပ်နှင့်ဆုံ။

သည့်နောက် ကမ္ဘာ ၂၈,၂၀၀ သုဉ်း၍ ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာတထောင့်ရှစ်ရာထက် ဝရကပ်၌ပိယဒဿီ ဘုရား ပွင့်သောအခါ ကဿပလုလင်ဖြစ်၍ဗျာဒိတ်ရ၏အတ္ထဒဿီဘုရား ပွင့်ပြန်သောအခါ သုသိမရသေ့ဖြစ်၍ ဗျာဒိတ်ရ၏။ ဓမ္မဒဿီ ဘုရားပွင့်ပြန်သောအခါ သိကြားမင်းဖြစ်၍ ဗျာဒိတ်ရပြန်၏။ သည့်နောက် ကမ္ဘာ ၂၈,၂၀၀ သုဉ်းသည့်နောက် ဝရကပ် သုံးဆုံ။

သည့်နောက် ကမ္ဘာ ၁,၇၀၅ ကပ်သုဉ်း၍ ဤကမ္ဘာမှပြန်၍ ရေသော် ၉၄ ကမ္ဘာထက် သာရကပ်၌ သိဒ္ဓတ္ထဘုရား ပွင့်သော အခါ မင်္ဂလရသေ့ဖြစ်၍ ဗျာဒိတ်ရ၏။ ၁,၇၀၅ ကပ် သုဉ်း သည့်နောက် သာရကပ်တဆုံ။

သည့်နောက် တကမ္ဘာသုဉ်း၍ ကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ၉၂ ကမ္ဘာထက် မဏ္ဍကပ်၌ တိဿဘုရားပွင့်သောအခါ သုဇာတ မင်းဖြစ်၍ ဗျာဒိတ်ရ၏။ တကမ္ဘာသုဉ်းသည့်နောက် မဏ္ဍကပ် နှစ်ဆုံ။

ဤကမ္ဘာမှပြန်၍ ရေတွက်သော် ၉၁ ကမ္ဘာထက် သာရ ကပ်၌ ဝိပဿီဘုရားပွင့်ပြန်သောအခါ အတုလနဂါးမင်းဖြစ်၍ ဗျာဒိတ်ရ၏။ သာရကပ်တဆုံ။ သည့်နောက် ကမ္ဘာ ၆၀ သုဉ်း၍ ၃၁ ကပ်ထက် မဏ္ဍကပ်၌ သိခီဘုရားပွင့်သောအခါ ပရိန္ဒ အမည်ဖြင့် မင်းဖြစ်၍ ဗျာဒိတ်ရ၏။ ဝေဿဘူဘုရား ပွင့်ပြန်


သောအခါ သုဒဿနမင်းကြီးဖြစ်၍ ဗျာဒိတ်ရ၏။ ၆၀ သင်္ခေျ
သည့်နောက် မဏ္ဍကပ် နှစ်ဆူ။

သည့်နောက် ကမ္ဘာ ၃၀ သင်္ချေ၍ ဤဘဒ္ဒကပ်၌ကကုသန်ဘုရား
ပွင့်သောအခါ ခေမာမင်းကြီးဖြစ်၍ ဗျာဒိတ်ရ၏။ ကောဏာဂုံ
ဘုရား ပွင့်ပြန်သောအခါ ပဗ္ဗတမင်းကြီးဖြစ်၍ ဗျာဒိတ်ရ၏။
ကဿပဘုရား ပွင့်ပြန်သောအခါ ဇောတိပါလလုလင် ဖြစ်၍
ဗျာဒိတ်ရ၏။ လူတို့ အသက်တရာတမ်း နေသောအခါ သစ္စာ
လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော
ဂေါတမဘုရားအဖြစ် ပွင့်တော်မူလာ၏။ လေးအသင်္ချေနှင့်
ကမ္ဘာတသိန်းတွင် နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူခဲ့၏။

- မနောပဏိဓိအသင်္ချေတွင်ပွင့်သော ဘုရားပေါင်း ၁၂၅,၀၀၀
- ဝစီအသင်္ချေတွင် ပွင့်သော ဘုရားပေါင်း ၃၈၇,၀၀၀
- တဆယ့်ခြောက်အသင်္ချေတွင်ပွင့်သောဘုရားပေါင်း ၅၁၂,၀၀၀
- လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ပွင့်သော
  ဘုရားနှစ်ကျိပ်ရှစ်ဆူ ၂၈

ဘုရားစုစုပေါင်း ၅၁၂,၀၂၈

အသင်္ချေ ၂၀ နှင့် ကမ္ဘာတသိန်းတွင်ပွင့်သော ဘုရားပေါင်း
မှာ ၅၁၂,၀၂၈,ဆူဖြစ်၏။ ဤ ၅၁၂,၀၂၈ ဆူသော မြတ်
ဘုရားအပေါင်းသည် သဗ္ဗညုဒေါသဘောဘာဝမြတ်ပါ ဘုရားရှင်
များဖြစ်၏။ (ဇာတာဘောဘာဝပုံ ရာဇဝင်)



## သမ္မုဒ္ဒေစေတီကြီးနှင့် နောက်ကြောင်းသမိုင်း

သမ္မုဒ္ဒေ စေတီတော်ကြီးသည် သမ္မုဒ္ဒေဂါထာတော်ကြီးနှင့် ဆက်နွယ်သျက်ရှိသည်။ (ဝါ) သမ္မုဒ္ဒေဂါထာတော်ကြီးပါ ပွင့်လေကုန်ပြီးသော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူကြသည့် ရှင်တော်မြတ်ဘုရားတို့၏ အရေအတွက်အတိုင်း တည်ထား ကိုးကွယ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် "ဤသမ္မုဒ္ဒေ အမျိုးမျိုးနှင့်တန်ခိုးသိဒ္ဓိများ" အမည်ရှိစာအုပ်တွင် သမ္မုဒ္ဒေ စေတီကြီး၏ နောက်ကြောင်းသမိုင်းများကို ပြန်လည် ဖော်ပြရန် လိုအပ်လာပေသည်။

သို့မှသာ ဤသမ္မုဒ္ဒေ အမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ အမည်ရှိ စာအုပ်သည် သမ္မုဒ္ဒေနှင့် ပတ်သက်၍ အချက်အလက်များ ပိုမို ပြည့်စုံမည် ဖြစ်ပါသည်။

## သမ္ဗုဒ္ဓေစေတီကြီး၏ မူလအစ

သမ္ဗုဒ္ဓေစေတီတော်ကြီးကိုတည်ထားကိုးကွယ်ခြင်းသည်လောကုတ္တရာ အကျိုးတမျိုးတည်းကိုသာ မရည်ရွယ်ပဲ မျက်မှောက်ဘဝတွင် ဘေးရန်ကင်းစင်၍ လိုအင်ဆန္ဒ လောကဓမ္မများပြည့်ဝစေရန်ပါ ရည်ရွယ်၍ တည်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ရှိဆဲအန္တရာယ်နှင့် ရှိလတ္တံ့သော အန္တရာယ် ဘေးရန်တို့မှ ကင်းဝေးစေရန် ရည်သန်တည်ထား ကိုးကွယ်ခြင်း ဖြစ်သည်။

## နှောင်တော်ဘုရားများပါ

ရှေးသူတော်စင် သူတော်မြတ်ကြီးများ ဖွဲ့နွဲ့ သိကုံးခဲ့သော သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီးသည် ရှင်တော်ဂေါတမ ဘုရား၏ ပါရမီကိုဖြည့်ခဲ့သော နှောင်တော်ဘုရားများပါ ယူ၍ ဂူစွာသာယ လိုတိုင်းရစေရန် ဖွဲ့နွဲ့သိကုံးထားခြင်းဖြစ်သည်။

## အကျိုးတရား ခံစားကြရသည်

သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အနက်အဓိပ္ပာယ် မသိပဲပျက်ယုံယုံကြည်ကြည် ရွတ်ဖတ် သရဇ္ဈာယ်သူတို့မှာ ကောင်းကျိုးအမျိုးမျိုးကို ပြည့်ဝစေခဲ့သည်။ ဤသို့ အနက်အဓိပ္ပာယ်မသိပဲ ရွတ်ဖတ်သူတို့ထက် အနက် အဓိပ္ပာယ် သိ၍ ရွတ်ဖတ်သူတို့က သာလို့ပင်အကျိုးအရာကြီးမား စွာရရှိခံစားရပေသည်။ထိုသူတို့ထက် သမ္ဗုဒ္ဓေရုပ်ပွားတော်မြတ်များကို မြင်၍ အနက်အဓိပ္ပာယ်ကို သိ၍ ပူဇော်ရွတ်ဖတ်သရဇ္ဈာယ်သူတို့မှာ သာလို့ပင် အကျိုးတရား ခံစားစံစားနိုင်ပေသည်။

## ငွေဒင်္ဂါးတရာ အစ

ထို့ကြောင့်မုံရွာမြို့နယ်ညောင်ပင်ရွာမှဆရာကြီး(ဦးကျောက်လုံး)ကဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရန် ထင်မြင်လာ၍ တိုင်းသူပြည်သားများကပ်သီးပါးမှ ကျော်နင်းနိုင်ရန်အတွက် ငွေဒင်္ဂါးတရာကိုအရင်းခံပြီး သမ္မုဒ္ဒေကပ်ကျော်ဘုရားတည်ရန် ဆရာတော်ဘုရားကြီးအား တောင်းပန်လျှောက်ထားခဲ့လေသည်။

## ပန္နက်ရိုက်

သာသနာတော်သက္ကရာဇ် ၂၄၈၃ ခု၊ မြန်မာ သက္ကရာဇ် ၁၃၀၁ ခု၊ ဒုတိယဝါဆိုလဆန်း ၅ ရက် သောကြာနေ့ နံနက် ၆ နာရီခွဲမှ ၇ နာရီခွဲအတွင်း မိုးညှင်းဆရာတော် အမှူးပြုသော သံဃာတော်အပါး ၄၀ တို့သည် ပရိတ်တော်များကို ရွတ်ဆိုပြီးနောက် ဘုရားလူကြီးများနှင့်ရဲဘော်သားများက မဏ္ဍိုင် ပန္နက်ရိုက်လျက် အခြောက် သေ ချက်ပင်ဖောက်ပြီးလျှင် စတင် အုတ်မြစ်ချခဲ့လေသည်။

## ၃၇ ကေကျယ်

ထိုသို့ အုတ်မြစ် စတင်ချသောနေရာမှာ မုံရွာမြို့နယ် မြေနဲ၊ အောင်သာ၊ ဆည်ကြီး၊ မင်းရွာတို့အလယ်ရှိ ၃၇ ကေ ကျယ်ဝန်းသော မိုးညှင်းတိုက်တော်ကြီးအတွင်း၌ဖြစ်သည်။

## တမျိုးဆန်းသစ်

ဤသို့ ဘုရားကြီးကိုစတင်ပန္နက်ရိုက်သည့်နေ့မှစ၍ တည်ထား ကိုးကွယ်ခဲ့ရာ ၁၃၁၃ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်နေ့တွင်

လုံးပြေပြီ စီးအောင်မြင်ခဲ့လေသည်။ ဤစေတီမြတ်ကြီးကို တည်ဆောက်ရာ၌ ဆရာတော်ဘုရားကြီးသည် မည်သည့် အင်ဂျင်နီယာများ၏ အကူအညီကိုမျှ မယူပဲ မိမိစိတ်ကူးနှင့် ကြံစည်ရသမျှ ထင်မြင်လာသည့် ပုံသဏ္ဍာန်အတိုင်း တိုက်ကြပ် ဆရာတော်ကြီး ဦးနာရဒနှင့် ပန်းရံဆရာဟန်ကြီးတို့အား ညွှန်ကြား ပြသခဲ့ပေသည်။ ဆရာတော်ဘုရားကြီးညွှန်ကြားချက်အတိုင်း ဆောက်လုပ်ခဲ့ရာ အံ့ဖွယ် သမ္ဗုဒ္ဓေစေတီမြတ်ကြီးမှာ ပြီးစီးအောင်မြင်ခဲ့လေသည်။

## ပုံစံသစ်

ဤသမ္ဗုဒ္ဓေ စေတီတော်ကြီးကိုတည်ဆောက်ရာ၌ ပါရမီရှင် လုပ်သားပြည်သူတို့၏ အလှူငွေ ၁၁ သိန်းကျော်ပါဝင်ခဲ့သည်။ သမ္ဗုဒ္ဓေစေတီကြီး၏ ပုံစံသည် တမျိုးဘာဘာသာ ဆန်းသစ်နေသည်။ ဤဘုရားကြီး၏ ပုံစံအား အနောက် နိုင်ငံသားတို့က ကြည့်ရှု၍ ရင်သပ်ရှုမော အံ့သြကြည်ညိုကြလေသည်။

စေတီတော်ကြီးတည်ဆောက်ချိန်၌ ဒုတိယ ကမ္ဘာစစ်အတွင်း ကြုံကြိုက်နေသော်လည်း သမ္ဗုဒ္ဓေစေတီတော်ကြီး၏တန်ခိုးတော်၊ ဆရာတော်ကြီး၏ ကြီးမားသောတန်ခိုးတော်တို့ကြောင့်ထုံးသဲ၊ ပစ္စည်းများ၊ ဘိလပ်မြေ၊ ဆေးဗူးများကို အခက်အခဲမရှိအလွယ်တကူရရှိသဖြင့် ပန်းရံအဖွဲ့ပေါင်း ၄၀ ကျော် ၅၀ ကျော်မျှနှင့် အဆက်မပြတ် အဆိုင်းများခွဲကာ တည်ထားခဲ့သည်။ ထိုစဉ်က မိုးညှင်း တောရကျောင်းတိုက်အနီးရှိ မြေကွက်လပ်တွင် အုတ်ဖို

ပေါင်း ၂၀၀ ကျော်မျှရှိသည်။ ထို့ကြောင့် အုတ်များ အဆက်မပြတ်ရနေခြင်းဖြစ်သည်။

စေတီတော်ကြီး၏ ဖိနပ်တော်မှာ စတုရန်းဖြစ်၍ အလျား ၁၁၁ တောင်နှင့် အနံ ၁၁၁ တောင်စီရှိရာ အလယ် ဗဟိုတွင် ဥာဏ်တော် ၈၈ တောင်ရှိသည်။

## အာရုံခံတန်ဆောင်း

စေတီတော်ကြီး၏ တဖက်တွင် အလျား ၁၁၁ တောင်၊ အနံ ၅၂ တောင်၊ အမြင့်ဥာဏ်တော် ၃၆ တောင်ရှိ အာရုံခံ တန်ဆောင်းကြီးတခုနှင့် ယင်းနှင့်စပ်၍ အလျား ၅၇ တောင်၊ အနံ ၅၂ တောင်နှင့် အမြင့် ၃၆ တောင်ရှိ ဆောင်းတန်းတခုလည်း ရှိသည်။ သမ္မုဒ္ဒေစေတီဘက်၌ ၃၉၃ ဆူရှိရာ စေတီတော်ကြီးကို အဝေးက ဖူးမျှော်ရလျှင် စေတီရ ပေါင်း ၈၆၄ ဆူနှင့်တကွ အလွန်ပဏာတင့်သော သမ္မုဒ္ဒေ စေတီတော်ကြီးကို အာရုံခံ ဆောင်းတန်းကြီးများနှင့်အတူ ဖူးတွေ့နိုင်ပါသည်။

## ဓာတ်တော်ဌာပနာ

ထို့အပြင် စေတီတော်ကြီး၏ ဘေးပတ်လည်တွင် တံခွန်တိုင် ၂၀၊ တိရတနပါဒ သုံးဆူ၊ နရသီဟ လေးစီး၊ သမုဒ်ပလ္လင် ၁၄ လုံး၊ ခြင်္သေ့လေးစီးရှိသည်။ ထို့အပြင် ဓာတ်တော်ဘည်ရာ ဌာနပေါင်း ၁၃၈၆ ဌာနတို့၌ ဓာတ်တော်ပေါင်း ၃၈,၉၀၀ ဆူနှင့် ရဟန္တာဓာတ်တော်ပေါင်း ၈၁,၅၀၀ ဆူတို့ကို အန္တရာယ်ကင်းကြီးများနှင့်တကွ တည်ထားကိုးကွယ်ခဲ့လေသည်။

## အေးဆေးစွာ ကြည်ညိုနိုင်

သမ္ဗုဒ္ဓေ စေတီကြီးနှင့် စေတင်းတန်း အာရုံခံအတွင်းတို့၌ တောင်ပြည့်ထိုင်တော်မူ ၆၅ဆူနှင့် ရပ်တော်မူ ၂၉၆ဆူရှိသည်။ ဘေးကင်းရန် ဝိသေသထူး ဘုရားတို့ကား စေတီတော်ဘက်၌ အဆူ ၅၀၀၊ အာရုံခံဘက်၌ ၇၅၆ ဆူနှင့် စေင်းတန်းဘက်၌ ၄၃၈ ဆူ စုစုပေါင်း ၁၆၉၅ဆူ ရှိလေသည်။

စေတီတော်ကြီး၏အတွင်း၌အပြင်ထပ်၊အလယ်ထပ်၊အတွင်းထပ် ဟူ၍ အထပ်သုံးထပ်ရှိရာ လူပရိသတ် ထောင်ပေါင်းများစွာ ကြည်ညိုသဒ္ဓါပြည့်ဖြိုးစွာဖြင့် ရှိခိုးပူဇော်နိုင်ကြပေသည်။

## ဖူးမဝနိုင်

တိုက်ခန်းနံရံတွင် သုံးလက်မ၊ လေးလက်မ၊ ခြောက်လက်မ၊ ကိုးလက်မ၊ တပေစသည်ဖြင့် ရုပ်ပွားငယ်ပေါင်း ၅၈၂,၂၅၇ဆူ တို့မှာလည်း အောက်ခြေမှ အထက်အထိ အတန်းလိုက် အတန်းလိုက် ကိန်းဝပ် စံပယ်တော်မူလျက်ရှိရာ ဘုရားဖူးများလည်း ဖူး၍မဝနိုင် ကြည်ညို၍မကုန်နိုင်အောင် အောက်ခြေကလည်း ဘုရား၊ အထက်ကလည်းဘုရား၊ ဘေးနှစ်ဘက်ကလည်း ဘုရား စသည်ဖြင့် မြောက်မြားစွာကို ကြည်ညိုသဒ္ဓါဖူးတွေ့ရပါမည်။

## သစ်သီးဝေလံများ

သမ္ဗုဒ္ဓေစေတီတော်နှင့် စေင်းတန်း အာရုံခံတို့၏ အပြင်ဘက် မျက်နှာပတ်လည်တွင် ဖရဲသီး၊ ပိန်းနဲသီး၊ သဘော်သီး၊ ငှက်ပျောခိုင်ကြီး၊အုန်းခိုင်ကြီး၊ ထန်းသီးခိုင်ကြီးစသည့်သစ်သီး

ကြီးငယ်တို့၏သဏ္ဍာန်ကို အစင်ကဲ့သို့ အင်္ဂတေဖြင့် လက်စွမ်းပြ ပြုလုပ်ထားသည်မှာ ချီးမွမ်းဖွယ်ရာပင်ဖြစ်သည်။ ထိုသစ်သီး ကြီးငယ်တို့မှာ ထာဝရ ဆွမ်းဟောင်တင်ထားသည့်အလားပင်ဖြစ် သည်။ နှစ်စဉ်ဘုရားပွဲတော်ကို တန်ဆောင်မုန်းလတွင် ကျင်းပ ပေသည်။

## အေးမြသော အာဝါသ

သမ္ဗုဒ္ဓေ စေတီတော်မြတ်ကြီး၏ အရိပ်အာဝါသသည်အေးမြ လှပါသည်။ အဘယ်မျှ အေးမြဘိသနည်းဟူမူ နွေခေါင်ခေါင် တွင် စေတီ၏ ပရဝုဏ်အတွင်း ဝင်သွားပါက စိမ့်ငအေး၍ နေပေ သည်။

## တန်ခိုးသတ္တိထူး

ဂျပန်ခေတ်က သမ္ဗုဒ္ဓေ စေတီတော်ကြီး၏ ဝန်းကျင်တို့၌ တိုက်ပွဲများဖြစ်ပွားရာ စေတီတော်ကြီးဘက်သို့ ကျည်ဘယ့်ပွင့် အမြောက်ဆံတဆံမျှ မကျရောက်ခဲ့ပေ။ ဤသည်မှာ သမ္ဗုဒ္ဓေ စေတီတော်ကြီး၏ ကြီးမားသော တန်ခိုးသတ္တိထူးနှင့် ဆရာတော် ဘုရားကြီး၏ ကြီးမားသော မေတ္တာတို့ကြောင့်ဟု ဆိုက မမှား ပေ။

အထူးသဖြင့် ဂျပန်ခေတ်တခေတ်လုံး၌ အလွန်ကြမ်းတမ်း သော ကင်ပေတိုင် ဗိုလ်ကြီး ဗိုလ်မှူးကြီးများပင် ဆရာတော်၏ ခြေတော်အစုံသို့ ခိုလှုံခဲ့ရသည်။

တနေ့တွင် ဂျပန်ဗိုလ်မှူးကြီးတယောက်သည် စစ်ကြောင်းမှ လှည့်၍ ဝင်လာပြီး ဆရာတော်ကြီးနှင့် တွေ့လိုကြောင်း၊ ဆွေးနွေးလိုကြောင်း အရေးတကြီး တောင်းဆိုလာပါသည်။ ထိုဗိုလ်မှူးကြီး၏ ကြမ်းတမ်းသော သတင်းမှာကြောက်ခမန်းလိလိရှိသည်။ ထို့ကြောင့် တပည့်သံဃာတော်အပေါင်းတို့က ဆရာတော်အား မတွေ့ရန် လျှောက်ထားကြသည်။ သို့သော် ဆရာတော်ဘုရားကြီးသည် အဆိုပါ ဂျပန်ဗိုလ်မှူးကြီးအား သူ့ထံသို့သာ ခေါ်လာရန် မိန့်ကြားသည်။ တပည့်သံဃာတော် အပေါင်းတို့က ဂျပန်ဗိုလ်မှူးကြီးမှာ စရိုက်လက္ခဏာ ကြမ်းတမ်းလှကြောင်း၊ ထို့ကြောင့် တွေ့ရန်မသင့်ကြောင်း လျှောက်ထားရာ ဆရာတော်ကြီးက လက်မခံပဲ သူ့ထံမှောက် အရောက်လွှတ်လိုက်ရန်သာ အမိန့်ရှိတော်မူသည်။

## မေတ္တာဓာတ်

ထို့ကြောင့် ဦးပဥ္စင်းတို့က အဆိုပါ ဂျပန်ဗိုလ်မှူးကြီးကို ဆရာတော်ထံမှောက် အရောက်ပို့ကြရသည်။ ပထမသော် ဗိုလ်မှူးကြီးမှာ ဆရာတော်အား ခက်ထန်မာကျောစွာ ပြောဆိုနေပါသည်။ ထို့ကြောင့် သံဃာတော်များမှာ စိုးရိမ်ကြောင့်ကြလျက်ရှိသည်။ သို့ရာတွင် ဆရာတော်၏ ကြည်လင်အေးမြသောမေတ္တာဓာတ်ကြောင့် ထိုဂျပန်ဗိုလ်မှူးကြီးမှာ ချက်ချင်း ပြောင်းလဲ၍ သွားခဲ့ပေသည်။ တနည်းအားဖြင့် ရေတွေ့သောပန်းကဲ့သို့ လန်း၍ မီးတွေ့သော ဖယောင်းကဲ့သို့ ပျော့ပျောင်းသွားသည်။ ဂျပန်ဗိုလ်မှူးကြီးသည် ဆရာတော်ကြီးအား ညွှတ်ကျိုးသောဒူး၊ ပျပ်

ဝပ်သောကိုယ်၊ ကြာမှုံလက်တို့ဖြင့် အရိုအသေပြုသည်။ ဆရာတော်ကြီးက အဘယ်ကိစ္စများရှိ၍ လာပါသလဲဟု မေးသောအခါ အထူးကိစ္စမရှိကြောင်း၊ ဆရာတော်ကြီးအား လာရောက်ကန်တော့ကြောင်း၊ ဆရာတော်ကြီးအတွက် လိုအပ်သောပစ္စည်းများ ရှိပါလျှင် လှူဒါန်းလိုပါကြောင်း၊ နေ့ခင်းလည်း တပည့်တဘယောက်ကဲ့သို့ ထင်မှတ်ပါရန်တို့ကိုပါ လျှောက်ထားသွားလေသည်။

## မေတ္တာရန်

ဤသည်မှာ မေတ္တာရန်တို့ဖြင့်ထုံသင်းနေသော ဆရာတော်ကြီး၏ သိက္ခာသမာဓိတို့ကြောင့် ဖြစ်သည်။

## ရောဂါဆိုးမရောက်ခဲ့

အဆိုပါ မိုးညှင်းသမ္ဗုဒ္ဓေစေတီ ပရဝုဏ်ဘောင် စစ်အတွင်း (ဂျပန်ခေတ်)က စစ်ပြေး ဒုက္ခသည်တို့ဖြင့် ပြည့်ညပ်လျက်ရှိသော်လည်း တစုံတရာ အန္တရာယ်ဆိုး၊ ရောဂါဆိုးများ မကပ်မရောက်ခဲ့ဟု ဆိုသည်။

ဤသည်မှာ သမ္ဗုဒ္ဓေ စေတီတော်မြတ်ကြီး၏ ကြီးမားသော တန်ခိုးအာနိသင်ကြောင့် ဖြစ်ပါသတည်း။



# ပဉ္စမ သင်္ဂါယနာတင်
# အဝရှင် မင်းတုန်းမင်းတရားကြီးနှင့်
# သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

## စည်သူမောင်မောင်ကျော်

"သိရိပဝရ ဝိဇယာနန္တ ယသ ပဏ္ဍိတ တြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာ" တံဆိပ်နာမံ ခံတော်မူသော အဝရှင်မင်း တရားကြီးဘုရား သက်တော် ၃၈ နှစ်နှင့် ၇-လ ၂၃-ရက် ၁၂၁၄-ခု တပေါင်းလဆန်း ၁၁-ရက်နေ့၊ အမရပူရရွှေနန်းကို သိမ်းမြန်းအောင်မြင်တော်မူ၍ ၃-နှစ်နှင့် ၈-လခန့်ကျော် ကြာရှိသည့်အခါ မြို့သစ်နန်းသစ်တည်တော်မူပြီးလျှင် အပြင်မြို့ရိုးကြီး၌ တံခါး ၃၇-ရပ်၊ အတွင်းမြို့ရိုး၌တံခါး ၁၂-ရပ် ထားရှိလျက် သုပ်ဆောင်ပြီး ပြုသောမြို့တော်သို့ ရတနာပုံရွှေမြို့တော်၊ သို့

တပ်နန်းမြို့တော်သို့ သေးကျုန်းရန်အောင် အဆောင်ဆောင် သော နန်းတော်ကြီးကို "မြနန်းစံကျော်" သမုတ်တော်မူ၍ ဘဝရှင်မင်းတရားကြီးဘုရားမှာ မှန်နန်းတော်ကြီးမြောက်ဘက် ရွှေနန်းတော်ကြီးတွင် အမြဲစံတော်မူသည်။ နံနက် ၆-နာရီခန့် အချိန် စက်တော်ခေါ်ရာမှ နိုးတော်မူလျှင် ပုဏ္ဏားဝန် ဟဇနန့် တကွ အသင့်စောင့်နေသော ကသည်းအနှိပ်တော် ဂ-ယောက် တို့က အနှိပ်စက်ရသည်။

ထိုအခါ အရပ်ထဲမှာ ဖြစ်ပျက်သမျှသော အကြောင်းအရာ သတင်းစသည်တို့ကို သူ့ထက်ငါ တင်ကြရသည်။

နာရီဝက်ခန့်ကြာလျှင် မာရဆင်ဆီး အရှေ့ဆက် ရွှေနန်း တော်ကြီးဦးသို့ လှက်တော်မူ၍ ဘဿယ်နှစ်ဆူသိ ရွှေဖလားကြီး တွင် မန္တန်တော်ရေ ပတ္တမြားစိ ရွှေကုပ် လက်ယာရစ် ခရုသင်း ရွှေဖလားငယ် ၁ များတည့်လျက် ပြင်ဆင်ထားရှိသည့်အတိုင်း မျက်လှိသန့်စင်တော်မူသည်။

ကျွံစဉ်အခါ၌ မဟာသိရိသိဒ္ဓိဗလ၊ မဟာဧဇယမဏ္ဍ၊ မဟာ သိရိဟော်မဝန်၊ မဟာသိရိ မနောပထ၊ မဟာဒေဝတာ၊ မဟာ သိတာလ၊ မဟာဂိရိမိတ္တပန်၊ မဟာဧဟာမာဇလ၊ မဟာအာဒေသာ က၊ အဥ္စနကေသီ၊ မဟာသိရိသုမန၊ မဟာသိရိဘဂ္ဂန၊ မဟာသိမ္မ မလ္လက၊ မဟာမနောရမ္မ ဥယျာဉ်စုစုဥယျာဉ်တော်ပေါင်း ၂၀ မှ သည် စားသုံးကောင်းသော သစ်သီးအမျိုးမျိုး၊ သစ်ရွက်အမျိုး မျိုး၊ သစ်ပွင့် အမျိုးမျိုး များကို ဥယျာဉ်မှူးတို့က ဆက်သရ သည်။

ဤအခါ မည်သည့်ဆရာတော်များကို မည်မျှလှူဒါန်းစေ၊ နောင်တော်ပုဂံ ရွှေနန်းရှင်ဘုရားကို မည်မျှဆက်သစေ၊ အင်္ဂနု့ရှိသည်တွင် အပါးတော်၌အလှည့်ကျ မပြတ် ခစားလျက်ရှိသော အတွင်းဝန်နှင့်သံတော်ဆင့်တို့က အမိန့်တော်ရှိရင်းအတိုင်းတံဆိပ်တော်ရဆရာတော်အသီးသီး ကျောင်းတော်ရောက် လှူဒါန်းစာရေးတို့ ကြပ်မတ်ပို့၍ လှူဒါန်းရသည်။ ပုဂံ အိမ်တော်ကိုလည်း မိန်းမစိုး "မောင်ပိုကြီး" က သွားရောက်ဆက်သရသည်။

၎င်းမိန်းမစိုးမောင်ပိုကြီးအား တနေ့လျှင်လေးခေါက်၊ ငါးခေါက်ကျအောင် ထူးဆန်းထွတ်မြတ်သော ဝတ္ထုပစ္စည်းများကို ရွှေနန်းတော်က ပုဂံ အိမ်တော်သို့ သွားရောက်ပို့ဆက်ရသူဖြစ်သည်။

ရွှေနန်းတော် တောင်ဥယျာဉ်တော်အတွင်း အမြဲနေထိုင်ရသော ကျမ်းသိကံမြင် ဘိုးသူတော်ကြီးနှစ်ဦးတို့ကလည်း အပါးတော်မှနေ၍ချက်လဲသန့်စင်တော်မကျမချင်း "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ၊ လောမာ၊ နခါ" ဟူသော ခုဒ္ဒကပါဠိတော်လာ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို သိထိလ၊ ဓနိတ၊ ဒီဃ၊ ရဿ၊ ဂရု၊ လဟု၊ ဝါကျပုဒ်-ပါဠိ မချွတ်မယွင်းစေရ အနုလောမ ပဋိလောမ ရွတ်ဆိုကြရသည်။

၎င်းတို့ရွတ်ဆိုဆဲအတွင်း ရွှေမြို့တော်ရှိ ပုဏ္ဏားတိုင်းသင်္ချိုင်း ရွာမဝင်းသင်္ချိုင်း၊ ဆင်ဖြူကန်သင်္ချိုင်း၊ ခကုန်းသင်္ချိုင်း၊ သင်္ချိုင်းတော်များတွင် ယမန်နေ့က ချသင်္ဂြိုဟ်သော လူသေစာရင်းကို သံတော်ဆင့်ကြီးက ဖတ်လျှောက်ရသည်။

ဤသို့ မြောက်လဲသန့်စင်အောင်ပူပြီး ဒန့်ဘက် ရှင်ဖြူဘုရား၊ အသုဂ သိပ္ပာဒေဘာ ရွှေကုန်အုပ်ဘုရား၊ ရွှေလင်းပင်ဘုရား၊ ရွှေမိုးမောက် ဘုရား၊ မဟာလောက ဇေယျသိန် ဘုရား၊ သက်တော် ဘုရား၊ မြသိန်းတန်ဘုရား၊ စိန်ဆင်းထုဘုရား၊ သီဟိုဠ် ချောက် ရွှေရုပ်တော်ဘုရား၊ နံ့သာထင်းထုဘုရား၊ ကရမက် ဘုရား၊ နန်းစည်ဘုရား၊ နန်းဦးဘုရား၊ မဟာခမ္ဘ ဿဒ လောက မာန်အောင်ဘုရား၊ ရှင်မြတ်ဘုရား၊ နန်းဦးဘုရား အောင်တော် ဥကိုးကျယ်တော်မူပြီး ရှိသည့်အတိုင်း ရွှေနန်းတော်ဦးမှ ရွှေဗန်း ကြီးနှင့် ဘက္ကာ၊ ပန်းပေါက်ပေါက်အပြည့်ထည့်လျက်၊ ရွှေဖလား ကြီးများကို လက်တော်မှ ထည့်လျက် **"သမ္မုဒ္ဒေပါ်ပ နှင့်တကွ ဘုရားရှိခိုးပူဇော်တော်မူသည်"**၊


ပေါက်တော်ဦးသည်သော ပန်းပေါက်ပေါက်များကို အကြမ် ကြိမ်လယ်လှယ်၍ ရွှေပန်းယည်းသို့ထည့်တော်မူသည်။ ပြီးလျှင် ရွှေပန်းတွင်ရောက်ရှိသော ပန်းပေါက်ပေါက်များကို စေတီပုံကဲ့ သို့ ကိုယ်တော်တိုင်ဖွဲ့၍ ပန်းအလယ်မှာ စိုက်တော်မူသည်။ ပြီး လျှင် ပတ္တမြားစီရွှေကြာနှင့် ရေစက်သွန်းချတော်မူ၍ မည်း တော် မင်းဘောင်မြတ်တို့အား အဦးထားပြီးလျှင် သတ္တဝါ အနန္တတို့အား အမျှပေးဝေတော်မူသည်။

အထက်ပါတို့မှာ မန္တလေးမြို့တည် နန်းတည် အခါရှင်မင်း ကြီး၏ အနေ့တော် လုပ်ရှားမှု အသွင်သဏ္ဌာန်ရုပ်များကို စည်သူ မောင်မောင်ရေးသော "မန္တလေးမြို့တည် နန်းတည်စာတမ်း" တွင် အထက်ပါအတိုင်း အသေးစိတ်ရေးသား မှတ်တမ်းတင်ခဲ့ ပေသည်။

## မင်းတုန်းမင်းကြီးနှင့်

## သမ္ဗုဒ္ဓေဂါထာတော်မြတ်

ဤနေရာ၌ ဘဝရှင်မင်းတရားကြီးကိုယ်တိုင် "သမ္ဗုဒ္ဓေဂါထာတော်မြတ်" ကို နေ့စဉ်အနက်နှင့်တကွ ပူဇော်ကန်တော့ကြောင်း မှတ်တမ်းတင်ထားသည်ကို ဖတ်ရှုရမည်ဖြစ်ပါသည်။ ဘဝရှင်မင်းတရားကြီးကိုယ်တိုင်ပင်လျှင် အတွတ်အမြတ်ထား၍ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို အမြဲတမ်း ပူဇော်ကန်တော့ပန်း ဆင်ခဲ့ပါသည်။ ထို့ကြောင့် စည်သူပျော်ခမောင်ကျော်၏ မူရင်းအတိုင်း တင်ပြလိုက်ခြင်းဖြစ်ပါသတည်း။



# နန်းမြို့တော်နှင့် သမ္ဗုဒ္ဓေအင်း

## ဇော်ဂျီ

အောက်ပါအကြောင်းအရာတို့သည် ၁၉၅၃-ခုနှစ်၊ ဒီဇင်ဘာလထုတ် "အင်ဒီးယန်းအင်တီကွာရီ" ခေါ် အင်္ဂလိပ်သုတေသန မဂ္ဂဇင်း၌ "ရစ်ချက်ဘင်ဂယ်" ရေးသားသော "မန္တလေးမြို့တော်၏ အကာအကွယ်အင်း" ဆောင်းပါးမှဖြစ်သည်။

ဆာရစ်ချက်သည် ၁၈၈၇-ခုနှစ်မှ ၁၈၈၉-ခုနှစ် အထိ မန္တလေးမြို့တွင် စစ်ဘက်အရာရှိတဦးအဖြစ်ဖြင့် အမှုထမ်းခဲ့သူဖြစ်သည်။ ဆာရစ်ချက်၏ တာဝန်မှာ နန်းမြို့တော် နယ်မြေအတွင်း၌ ဗြိတိသျှစစ်တပ်နှင့် ဗြိတိသျှအမျိုးသားတို့အတွက် ဗြိတိသျှ (ကန်တော်မင်) တပ်မြို့တည်ဆောက်ရန်ဖြစ်လေသည်။ ဆာရစ်ချက်၏ ရုံးကိုနန်းရှေ့တိုက်ဆောင်၏ အနောက်ဘက်တွင်ကပ်လျက်ရှိသော ဟောင်မဝယ်ဆောင်တခု၌ ဖွင့်ထားပေသည်။

ထိုအခါကသော် အုတ်မြို့ရိုးကြီးအတွင်း ဧကဘာထောင်ကျော် ကျယ်ဝန်းသော ရွှေမြို့တော်၌ လူပေါင်းခြောက်သောင်း ငါးထောင်မျှ စုဝေးနေထိုင်ကြလေသည်။ တိုင်းပြည်ငြိမ်သက်သောအခါ ဆာရစ်ချက်သည် ထိုလူစုကို ရွှေမြို့တော်အတွင်းမှ မြို့ပြင်လေးရပ်သို့ထုတ်၍ စီမံဆောင်ရွက်ရလေသည်။ ပြီးစီးသော အခါ သစ်တပ်အတွင်း ဧကနှစ်ရာခန့် ကျယ်ဝန်းသော နန်းမြို့တော် ဒေသကို ရှင်းလင်းပြန်သည်။ နန်းမြို့တော်အတွင်း တွင် အဆောင်ဆောင် အခန်းခန်း ပြည့်ကျပ်နေသည်ဟု ယူဆသဖြင့် ဖြိုစရာရှိသည်တို့ကိုဖြို၍ ဖျက်စရာရှိသည်တို့ကို ဖျက်လေသည်။ ရှေးဦးစွာ အချင်း ၁၂-လက်မ အမြင့် ၁၂-ပေရှိသောသစ်တပ် တံခါးများကို ဖျက်သည်။ အမှတ်အသားအဖြစ် ကျန်ရစ်အောင် သစ်တပ်တိုင်အချို့သာ ချန်ထားသည်။

သစ်တပ်တိုင်များကို ဖြို၍ သစ်တပ်တံခါးများကိုဖျက်ပြီး သောအခါ မြေနန်းတော်အရှေ့မျက်နှာအုတ်ဝင်းကိုဖျက်သည်။ ၁၈၈၉-ခုနှစ်တွင် အုတ်ဝင်း၏အရှေ့တံခါးဖြစ်သော တံခါးနီ တခုသာကျန်လေသည်။ ထိုတံခါးနီကိုလည်း ဖျက်ရမည် ဖြစ်လေ သည်။ တံခါးနီကို မဖျက်ခင် ဆာရစ်ချက်သည် တံခါးနီတပ် သော ငယာအုတ်တိုင်တခု၏ အောက်၌ နန်းမြို့တော်တည်စဉ် အင်းမြှုပ်ခဲ့ကြောင်း သိတင်းရလေသည်။

ထို့ကြောင့် ဆာရစ်ချက်သည် အုတ်တိုင်ကို ဖျက်သောအခါ သတိဝိရိယဖြင့် ဖျက်ကြ၍တခုခုကိုတွေ့လျှင် ရုတ်တရက်မပြောင်း မရွှေ့ကြရန် မှာထားလေသည်။ အုတ်တိုင်ကို ဖျက်နေခိုက် တွင် မြန်မာအရာရှိဘဦးသည် ဆာရစ်ချက်ရှိရာသို့ အပြေးအလွှား

လာ၍ တောင်ဘက်အုတ်တိုင်အောက်၌ ကျောက်သေတ္တာဘာလုံးကိုတွေ့ရကြောင်းပြောလေသည်။ ဆရာစစ်ချက်သည် ထိုနေရာသို့ ချက်ချင်းလိုက်သွား၍ ကြည့်ရာ လေးပေခွဲခန့်နက်သောနေရာတွင် ကျောက်သေတ္တာကို မြင်ရလေသည်။

ကျောက်သေတ္တာ၏ အချင်းမှာ စတုရန်း ၁၈ လက်မရှိ၍ အတွင်း ၁၂—လက်မအနက်ရှိသည်။ကျောက်သေတ္တာ အဖုံးပါသည်။ကျောက်သေတ္တာ၌ စာထွင်းထားသည်။ အဖုံးကိုဖွင့်ကြည့်သောအခါ ပတ်ရန်းရှစ်လက်မခန့်ရှိသော ငွေပြားတချပ်ကိုတွေ့ရသည်။ငွေပြား၌ သမ္မုဒ္ဒေါဂါထာအင်းကို ထွင်းထားသည်။

ကျောက်သေတ္တာ၌ ထွင်းထားသော စာတွင် (သာသနာတော် — ၂၄၀၀၊ ကောဇာ သက္ကရာဇ် ၁၂၁၉-ခု၊ ဘဝရှင် မင်းတရားကြီးဘုရား နန်းစံ ၆ နှစ် မြောက်တွင် မန္တလေးအရပ်၌ ရွှေမြို့တော်ကြီးကို ပန်းကုံး ကနုတ်စိုက်မက်ရှု ရွှေနန်းမြို့တော်တည်လျက် စံနေတော်မူရာ တံခါးနီတော် မြို့ရိုး ဝဲဘက်အရပ် သုံးတောင်ခန့်တွင်အင်းထည့်သွင်းမြှုပ်နှံထားသည့် ကျောက်သေတ္တာ)ဟု ပါရှိခဲ့လေသည်။

ခေါ်ဂျိ
(မန်းရာပြည့်)



# လူသား
# နှင့်
# ဗေဒအန္တရာယ်ဆိုးများ

## ဒဂုန်နတ်ရှင်

လောက၌ လူသားတို့ လွန်စွာ ထိတ်လန့် ကြောက်ရွံ့ သဖြင့် မတွေ့၊မမြင်၊မကြား၊ မသိလိုခဲ့သော ဘေးဥပဒ်ဆိုး အန္တရာယ်ဆိုး အမျိုးမျိုးသည် အထင်အရှား ရှိကြကုန်သည်။

ထိုဘေးဥပဒ်ဆိုးတို့နှင့် ပက်ပင်းပါ တိုးမိကြသဖြင့် မရှုမလှ အသက်ဆုံးသူများ၊ လူဖြစ်ရှုံးလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ကြရသူများကိုလည်း ရံဖန်ရံခါ တွေ့မြင် ကြားသိနေကြရ သည်။

မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေလျှင်ဘေး၊ ကပ်ရောဂါဘေးဟု ဆိုအပ်သော ရုတ်တရက် ပေါ်ပေါက်လာတတ်သော ဘေးအန္တရာယ်တို့ကို လူသားများ အထူးပင် ထိတ်လန့်ကြောက်ရွံ့ကြကုန်သည်။

ထိုသို့ အထူးထိတ်လန့်ခြင်းမှာ အဆိုပါ လတ်တလော ပေါ်ပေါက်လာတတ်သော ဘေးအန္တရာယ်မျိုးကို ပေါ်ပေါက်မလာမီ ဘယ်နည်းနှင့်မှ တင်ကြို၍ မသိနိုင်ကြခြင်းကြောင့် ဖြစ်သည်။ သို့မှတပါး အဆိုပါ ဘေးအန္တရာယ်ကြီးများသည် လူတို့အား အစုလိုက်အပြုံလိုက် တချိန်တည်းတွင် အသက်ခန္ဓာပေါင်းများစွာတို့ကို ရုတ်ခြည်း ပျက်စီး ဆုံးပါးစေခြင်းကြောင့်ပင် အထူး ထိတ်လန့်ကြောက်ရွံ့ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့ အလွန် ကြောက်ဖွယ်ကောင်းသော ဘေးဆိုး အန္တရာယ်ဆိုးကြီးများသည် လူတို့နေထိုင်ရာ ဒေသများ၌သာ လျှင် အထူးသဖြင့် ပေါ်ပေါက်လာသလော ထိုအန္တရာယ်ဆိုးကြီးများကို လူသားတို့ကပင် ဖန်တီးပြုလုပ်ကြသကဲ့သို့ ဖြစ်ချေသည်။

“ဤမျှ ကြောက်မက်ဖွယ် ကောင်းသော အန္တရာယ်ဆိုးကြီးများကို သင်တို့အဘယ့်ကြောင့် ဖန်တီးကြသနည်း” ဟု လူသား မဟုတ်သော ပုဂ္ဂိုလ်တဦးဦးက မေးမြန်းခဲ့သော် “ကျွန်ုပ်တို့လူသားများသည် ထိုဘေးအန္တရာယ်ဆိုးကြီးများကို လွန်မင်းစွာကြောက်ရွံ့ကြပါသည်။ လွန်စွာ ရွံရှာမုန်းတီးကြပါသည်။ ထိုဘေးဆိုးကြီးများကို အဘယ်မှာလျှင် ကျွန်ုပ်တို့ ဖန်တီးပါအံ့နည်း။ သူ့အချိန် သူ့အခါအတိုင်း သူ့ဘာသာ ဖြစ်ပေါ်လာသည်ကိုသာ ကျွန်ုပ်တို့တွေ့ကြုံကြရပါသည်” ဟု ဖြေကြားပေလိမ့်မည်။

ဤ မြေကြားချက်မျိုးကို များသောအားဖြင့် လူသားတို့မြေကြားမည်ဖြစ်ရာ 'သြော် မှန်ပေ၏'ဟု ဆိုသူကား ရှိကောင်း ရှိပေလိမ့်မည်။

စင်စစ် လူသားတို့ ဖန်တီးသော အန္တရာယ်ကြီး များကား လောဘမီး၊ ဒေါသမီးတို့ကို ပွားများအောင် ပြုပြင်၍ မသိမိုက်မဲသော မောဟမီး ဖြစ်ပေါ်ပြီးလျှင် တိုင်းတပါးနှင့် စစ်ဖြစ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း အုပ်စုကွဲလျက် တိုက်ပွဲများဖြစ်ခြင်းကြောင့် သတ္တန္တရကပ်ဘေး ဆိုက်ရောက်ခြင်းတို့ ဖြစ်သည်။ ဤ လူသတ်ဘေးကြီးကား လူသားတို့ တိုက်ရိုက် ဖန်တီးသော ဘေးဆိုးကြီးများ ဖြစ်ကြသည်။ ထိုသတ္တန္တရကပ်ဘေးမှတပါး အထက်ပါ ဘေးအန္တရာယ်ဆိုးကြီး များမှာကား လူသားတို့ တိုက်ရိုက်ဖန်တီးမှု မထင်ရှားသောကြောင့် လူသားတို့ ဖန်တီးသောအဖြစ်မဟုတ်ဟု ယူဆကြသည်။

ထိုယူဆချက်မျိုးကား ဘုရားအစရှိသော သူတော်ကောင်းကြီးများ ဟောမိန့်ချက်မျိုး မဟုတ်ပါချေ။

ဗုဒ္ဓဝါဒမှာ အကြောင်းတရား မရှိပဲလျက် အကျိုးတရား မပေါ်လာနိုင်၊ သိပ္ပံနည်းကျကျ သိအပ်လှပါသည်။ အဆိုပါ ဘေးအန္တရာယ်ဆိုးကြီးများသည် လူသားတို့ပြုသော အကုသိုလ်ကံကြောင့်သာလျှင် ဖြစ်ပေါ်လာရသည်မှာ အမှန်ပင်ဖြစ်သည်။

ကံဆိုသည်မှာ အမှုလုပ်ငန်းဟု ပြောနေကြသော်လည်း လူ၏ စိတ်ထဲမှ ဖြစ်ပေါ်လာသော စေတနာ စေတသိက်ပင် ဖြစ်သည်။ ကံဆိုး-ကံကောင်းဟု ခေါ်ကြသည်၊ ကံဆိုးကား ထိတ်လန့်ကြောက်ရွံ့ဖွယ် အန္တရာယ်ကိုဖြစ်စေ၍ ကံကောင်းကား စိတ္တ၊

ကာယချမ်းသာမှုကို ဖြစ်စေသည်။ ထို့ကြောင့် ကံသည် ဘုရား၊ ရဟန္တာမှတပါး ကျန်လူသားတို့အဖို့ အကျိုးနှင့်အပြစ်ကို ဖြစ်စေသော ကုသိုလ် စေတနာကံနှင့် အကုသိုလ် စေတနာကံများ ဖြစ်သည်။ ဘုရား ရဟန္တာအဖို့မှာ အဗျာကတ စေတနာကိုသာ ရထားပြီး ဖြစ်၍ ကံကောင်းသည်၊ ကံဆိုးသည်ဟူ၍မသိ၊ မရှိ၊ ကံတရား၏အင်အားကို လုံးဝ မရှိဟု သိနိုင်ပေသည်။ (ကုသလံ အကုလလံ ဗဟံ)

ထို့ကြောင့် လူသားတို့နှင့်စပ်ဆိုင်သော ကံဆိုး၊ ကံကောင်းကို လူသားတို့ပင် ပြုလုပ်ကြသည်။ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ပြုဆဲကံ၊ ပြုလုပ်ခဲ့ပြီး ကံတို့သည် အချိန်အခါ အရေးမပေါ်သေးလျှင် ငြိမ်ဝပ်နေသကဲ့သို့ထင်ရသော်လည်း အခါကြုံကြိုက် အခိုက်သင့်ချိန်တွင် အချိန်မရွေး ပေါ်လာတတ်လေသည်။

လူသားသည် မိမိပြုမှားမိသော အမှုကိစ္စများကို တစ ခြားသွားသဖြင့် မေ့လျော့နိုင်ကြသော်လည်း ကံတရားကား မေ့မည် မဟုတ်ပါချေ။ တစခြားမဟုတ်ပဲ မျက်မှောက်တစ၌ပင် မိမိပြုမှားချက်တို့ကို မေ့နေတတ်သူများရှိကြောင်း သိနိုင်ကြသည်။ ထိုမေ့လျော့မှု များကြောင့် ဘေးအန္တရာယ် ဆိုးကြီးများသည် အလိုအလျောက်ပေါ်ပေါက်လာသည်ဟု မှတ်ထင် ယူဆကြခြင်း ဖြစ်သည်။ စင်စစ်ကား "ဘယ်သူမပြု မိမိမှု" ဆိုသကဲ့သို့ပင် ဖြစ်သည်။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသစသော ဘေးဆိုးကြီးများသည် လူသား၏ အတိတ်ဘဝများစွာက သိုမှီးလာခဲ့သော ကံဆိုးဟောင်းကြီး များပင် ဖြစ်ကြသည်။ ပစ္စုပ္ပန်

ချက်မှောက်ဘဝမှာ ထိုကံများ အကျိုးမပေးသေးပဲ နေသည်လည်း ရှိတတ်ပါသေးသည်။ အကျိုးပေးခွင့် အကျိုးပေးချိန်မရောက်သေးသမျှ အချိန်နှင့်ကြုံနေသေး၍ဖြစ်သည်။အကယ်၍ ဝိပတ္တိအချိန်နှင့်ပက်ပင်းကြုံမိပါလျှင် မုချကိုယ်ပြုခဲ့သော အတိတ်ကံ အကျိုးပေးခွင့် ကြုံနိုင်ပါသည်။

ဤအကြောင်းကို ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် "မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ မဟာကမ္မဝိဘင်္ဂသုတ္တန်" ၌ သုဘလုလင်အားဟောကြားတော်မူခဲ့ပါသည်။ကံနှင့် အကျိုးပေးပုံအကျယ်ကို အဆိုပါ သုတ္တန် ဘာသာပြန်တွင် ကြည့်ရှုလေ့လာနိုင်ကြပါသည်။

ကံ အလျောက် အကျိုးသက်ရောက်ပုံတို့ကား လွန်စွာ ကျယ်ဝန်း၍ ဆန်းပြားလှပါသည်။ သူတော်ကောင်း စိတ်ထားမွေးမြူနေသူတို့သည် အကုသိုလ်ကံကို လွန်စွာ ရှုံမုန်းကြသဖြင့် ရှောင်ရှားလေ့ရှိကြပါသည်။ကံတရားကို သဘောပေါက်သည် အထိ သိရှိယုံကြည်သူတို့အဖို့မှာ အထက်တွင် တင်ပြခဲ့သော ဘေးအန္တရာယ်ဆိုးကြီးများကို မျက်မှောက်ဘဝတွင် အထူး ရှောင်ကွင်းကြသဖြင့် ထိုပုဂ္ဂိုလ်များမှာ ဘေးဆိုး၊ အန္တရာယ်ဆိုး များ ကင်းလျက် အသက်ရှည်သမျှ ကုသိုလ်ကံအလုပ်ကို အားထုတ်နိုင်ကြပါသည်။ ထိုကဲ့သို့သော ဘေးအန္တရာယ်များကို ရှောင်ကွင်း၍ လွတ်နိုင်ပါသလားဟု မေးအံ့၊ မုချ လွတ်မြောက်နိုင်ကြောင်းကို ဗုဒ္ဓဘုရား ကိုယ်တော်တိုင် ဟောကြားခဲ့သော ဝတ္ထုသာဓက အဖြစ်အပျက် အထောက်အထားများကို ကြည့်ရှုခြင်းဖြင့် ကောင်းစွာ သိရှိနိုင်ကြပါသည်။

အထက်ဖော်ပြပါ "မဇ္ဈိမနိကာယ်"၌ အရှင်အာနန္ဒာအား မြတ်စွာဘုရား ကိုယ်တိုင် ရှင်းလင်း ဟောပြတော်မူခဲ့သည့်ပြင် အဇာတသတ်မင်းကိုဟောတော်မူရာတွင် အဆိုပါကံဆိုးများကို ရှောင်ကြဉ်နိုင်ကြောင်းသိရပါသည်။

လူသားတို့တွင် အကြီးဆုံးအပြစ်ဖြစ်သော ပဉ္စာနန္တရိယ ခေါ်သော ဂရုကံငါးပါးကို ကျူးလွန်သူများမှတပါး အခြားကံငယ်များမှာ ကုစား၍ဖြစ်နိုင်သော ကံများဖြစ်သည်ဟု အကြမ်းအားဖြင့် သိနိုင်ကြပါသည်။

ဤနေရာ၌ ကျယ်အံ့စိုးသဖြင့် သူတော်ကောင်းများ သတိဖြစ်ရုံမျှ တင်ပြပါသည်။ မျက်မှောက်ဘဝတွင် သရဏဂုံသုံးပါးကို အသက်နှင့်ထပ်တူ မြတ်နိုးခြင်းဖြင့် အမြဲ ပြုသူတို့အဖို့မှာ သန့်ရှင်းကြည်လင်သော ဟဒယဝတ္ထုရုပ်မှ ပေါ်ထွက်လာသော မနောအကြည်၏ တန်ခိုးအာနိသင်ကြောင့် အမြဲစိတ်ရွှင်လျက် ကျန်းမာချမ်းသာကြရပါသည်။ ဤသို့ရေးသားဖော်ပြခြင်းသည် မိမိယုံကြည်သော ဘာသာတရပ်ကို အလွန်အကျူး အမွန်းတင် ခြင်းမျိုးမဟုတ်ဟု သိစေလိုပါသည်။

မည်သည့် ဘာသာတရားကိုမဆို ထူးသောဉာဏ်ဖြင့် ဝေဖန် ပိုင်းခြား၍ မိမိမြတ်နိုး ဆုံးဖြတ်သော အမှန်တရားကို လေ့လာသူတိုင်း အထက်ပါ အကျိုးအာနိသင်ကို ခံစားနိုင်ပေလိမ့်မည်။

ဉာဏ်ပညာရှိသော လောကီသားတိုင်းပင် စိတ်၏ တန်ခိုး ကြီးမားကြောင်းကို ကောင်းစွာယုံကြည်ပြီး ဖြစ်လေသည်။ တန်ခိုးကြီးမားသော စိတ်ဆိုသည်မှာ အပြစ်ကင်းစင်သော မနော အကြည်ဓာတ်၊ မနောဝိညာဉ်ဓာတ်ကို ဆိုလိုပါသည်။ သောတ၌

မနောအကြည်ခေတ်၊ မနောဝိညာဉ်ခေတ်ထက် တန်ခိုးကြီးမားသော အင်အားဟူ၍မရှိကြောင်းကို သိပ္ပံနည်းအားဖြင့် တွက်ဆလျှင်လည်း သိနိုင်ကြပေမည်။ သိပ္ပံပညာရှင်ကြီးလည်း ဤသို့ပင်ယူဆပြီးဖြစ်ကြောင်း သိရပါသည်။

စိတ်အကြောင်းကို ကောင်းစွာ လေ့လာဆဲ ပုဂ္ဂိုလ်များနှင့်တကွ စိတ်ပညာ သုတေသီများ၊ သမထလောကီအလုပ်ကို လေ့ကျင့်ဆဲ ပုဂ္ဂိုလ်များအဖို့မှာ စိတ်၏တန်ခိုးနှင့် စွမ်းအင်ကို မိမိတို့လိုရာကိစ္စများတွင် ရှေ့ဆောင်အဖြစ်တင်လျက် စီမံဖန်တီးကြပါသည်။

ဗုဒ္ဓဝါဒီတို့အဖို့မှာ သရဏဂုံသုံးပါးဖြစ်သော အတုမရှိ ဗုဒ္ဓဘုရားနှင့်တကွ အမှားဟူ၍ မြူမှုန်မျှမပါသော ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို၎င်း၊ ထိုတရားစစ်တရားမှန်ကို ပြန့်ပွားရန်နှင့် ထိန်းသိမ်း စောင့်ရှောက်ရန် ကြိုးစားသော တာဝန်ယူထားကြသော ရှင်မျိုးသော အရိယာသံဃာနှင့်တကွ ယနေ့ကြွသော သမ္မုတိသံဃာတော် ဘုန်းတော်ကြီးများကို၎င်း၊ ရိုသေမြတ်နိုးကြသဖြင့် မိမိအသက်နှင့်ထင်တူ ကြည်ဖြူလေးစားကြပါသည်။

ထိုသို့ အသက်နှင့်ထင်တူ သဘောထားနိုင်ခြင်းအကြောင်းမှာ မိမိ၏ မျက်မှောက်ဘဝ ရေးစဉ်နှင့်တကွ တမလွန် ဘဝ၏ အမှားနှင့်အမှန်ကို မိမိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားလျက် ပြုဖွယ်ကိစ္စများ ဆောင်နိုင်စွမ်းမရှိကြောင်း သိရသည့်အတွက် လောကီလောကုတ္တရာအဖို့ အမှားမရှိ အမှန်ဆုံးသိသော ဘုရားနှင့်တကွ တရား၊ သံဃာတို့ကို မှီခိုအားထား ယုံကြည်ပြီးလျှင် ဘဝခရီးလမ်းပြသဖွယ် ထိုရတနာသုံးပါးကို ဆည်းကပ်ခြင်းဖြစ်လေသည်။

။ (တတိယအကြိမ်)

ရတနာသုံးပါးကို အသက်နှင့်ထပ်တူ သဒ္ဓါယုံကြည်စွာဖြင့် မြတ်နိုးသည့်အလျောက် အရေးကြီးသောကိစ္စများ ဆောင်ရွက်ရာတွင် ဗုဒ္ဓဘုရား၏ ပရိတ်တရားတော်များကို အာရုံဆောင်၍ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ပြင်းထန်သော စိတ်ဓာတ်နှင့် ယတိပြတ် ယုံကြည်မှုတို့ကြောင့် ထိုသို့ပြုလုပ်ခြင်းဖြင့် အမှုကိစ္စအဝဝတို့မှာ ဒိဋ္ဌဘေးအန္တရာယ်များနှင့် ကြုံတွေ့ချိန်များတွင် ထိုသို့ပြုမှုခြင်းဖြင့် ဘေးအန္တရာယ်ဆိုးကြီးများမှ လွတ်မြောက်ခဲ့ကြောင်းကို အကြိမ်များစွာ ကြားဖူး တွေ့ဖူး မြင်ဖူးခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဤကဲ့သို့ လွတ်မြောက်ခဲ့သူများမှာ ယခုတိုင်ရှိနေကြ၍ ထိုသူတို့မှာ ယခုအခါ ရတနာသုံးပါးကို အထူးကြည်ညိုကြ၍ စစ်အတွင်းက ကြောက်အားလန့်အားနှင့် အားထား ယုံကြည်စွာ ရွတ်ဖတ်ခဲ့ကြသော သမ္ဗုဒ္ဓေဂါထာတော်ကြီးများကို အမြဲအစွဲ ရွတ်ဆို အသုံးပြုလျက်ပင် ရှိနေကြသည်။ အချို့ကား မီးဝေးသော ချိပ်ကဲ့သို့ ဘေးအန္တရာယ်နှင့် ဝေးသဖြင့် မေ့မေ့ပျောက်ပျောက်နေကြသည်ကို တွေ့ရသည်။

သမ္ဗုဒ္ဓေဂါထာတော်ကို ယုံကြည်စွာ စွဲစွဲမြဲမြဲ ရွတ်ဆိုနေသူတို့၏ အံ့သြဖွယ်ကောင်းလောက်အောင် တွေ့ကြုံရသော ဖြစ်ရပ်များမှာ ရေးသား၍တင်ပြနိုင်ရန်ပင် ခဲယဉ်းအောင် များပြားပါသည်။

အချို့ ရာထူးဂုဏ်ထူး ကြီးမားသော ခေတ်ပညာတတ် ပုဂ္ဂိုလ်ကြီးများ၏ သမ္ဗုဒ္ဓေဂါထာတော်အကြောင်း ကိုယ်တွေ့ဒိဋ္ဌအဖြစ်အပျက်များမှာလည်း မှတ်သားဖွယ်ရာ လွန်စွာများလှပါသည်။

အချို့တို့မှာ မီးရထားပျက်ရာတွင် အစုလိုက် အပြုံလိုက် သေကြေ ဒဏ်ရာရသူများထဲမှ ပွန်းပဲ့ခြင်းပင် မရှိ၊ ပကတိ ချမ်းသာစွာ လွတ်မြောက်လာသူများ ပြောပြသော သမ္ဗုဒ္ဓေ ဂါထာတော်၏အစွမ်းမှာ အံ့မခန်းနိုင်အောင်ပင်ဖြစ်သည်။

အချို့ လေယာဉ်ပျက်ကျစဉ်က ပါဝင်ခဲ့ပြီးလျှင် အံ့ဖွယ် ကောင်းလောက်အောင် အသက်ရှင်လျက် ယခုတိုင် ရှိနေသူများကို တွေ့ရသည်။

အချို့မှာ သင်္ဘောပျက်ရာတွင် လူပေါင်းများစွာ သေကြေကြသော်လည်း မသေမပျောက် သမ္ဗုဒ္ဓေဂါထာတော်တန်ခိုးဖြင့် မိမိနေအိမ်သို့ပြန်ရောက်လာသူတို့၏ ဝမ်းမြောက်စွာ ပြောပြကြသည်ကိုလည်း ကြားခဲ့ရလှလေပြီ။

ကျွန်ုပ်တို့ကိုယ်တိုင် သမ္ဗုဒ္ဓေ ဂါထာတော်ဖြင့် ဒိဋ္ဌအကျိုး ခံစား၍ လာခဲ့ရသည်မှာ နှစ်ပေါင်း လေးဆယ်ကျော်ခန့်မျှရှိလေပြီ။အထူးမှတ်သားမိသော အချိန်မှာ မိုးညှင်းဆရာတော်ဘုရားကြီး မြွက်ကြားတော်မူခဲ့သော လွန်စွာလေးနက်သည့် စကားတခွန်းကို စွဲစွဲမြဲမြဲမှတ်သားလိုက်မိသောအချိန်မှအစပြု၍ ယနေ့ယခု စာရေးသားနေချိန်တိုင်အောင်ဖြစ်သည်။

နောင်ကိုလည်းသက်ဘမ်းရှည်သမျှ သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ် အကြိမ်ပေါင်းများစွာ နေရာမလပ် အချိန်အခါမရွေး စားချိန်၊အိပ်ရာမှနိုးချိန်၊ခရီးသွားလာချိန်၊ အခြားကိစ္စအဝဝ လုပ်ကိုင်နေချိန်များ၌ပင် မိနစ်ပိုင်း အချိန်ပိုင်းကလေးများတွင် "သမ္ဗုဒ္ဓေ"ကို သတိရ၍ ရွတ်ဆိုနေမိပါသည်။ (မှန်သောသစ္စာကို ဆိုလိုက်ပါသည်)။

ကျွန်ုပ် ကိုးကွယ်ခဲ့သော ဆရာတော်ကြီးများနှင့် ယခု ကိုးကွယ်ဆဲဖြစ်သော ဆရာတော်ကြီး အချို့တို့၏ ထူးခြားသော ဩဝါဒစကားများအရ ဝိပ္ပတ္တိဟုခေါ်သောအချိန်ဆိုးများတွင် ဘေးအန္တရာယ်ကြီးများမှ လွတ်မြောက်နိုင်သော နည်းကောင်း နည်းမှန်အစစ်မှာ သမ္ဗုဒ္ဓေ အစရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ပရိတ်တော်များကို တခဲနက်ယုံကြည်ချက်ဖြင့် ညဉ့်နံနက် ရွတ်ဆိုခြင်းပင် ဖြစ်သည်ဟု တညီတညွတ်တည်း မိန့်မှာတော်မူကြပါသည်။

ထိုသို့ ရွတ်ဆိုခြင်းမှာ အဆန်းမဟုတ်ဟု အမှုမဲ့အမှတ်မဲ့ နေလိုက်သူပေါင်းများစွာကိုလည်း တွေ့မြင်ခဲ့ရသည်။ တွေ့ဆဲပင် ရှိကြပါသည်၊ ထိုသူများပြောပြသကဲ့သို့ ပရိတ်ရွတ်ဆိုခြင်းကား အဆန်းမဟုတ်သည်မှာ မှန်ပါသည်။ အဆန်းမဟုတ်သည်မှာ ယုံကြည်မှုခေါင်းပါးခြင်း၊ စိတ်၏ တန်ခိုးအာနိသင်ကို အသုံးမချပဲ လုံးဝမသိမထင် မဆင်ခြင်မိခြင်းကြောင့်ဖြစ်သည်။

ထိုပရိတ်တော်များကို ရွတ်ဆိုခြင်းဖြင့် ဗုဒ္ဓါနုဿတိကို ပွားများလာပြီးလျှင် အချိန်ကြာလင့်သော်ထိုမှတဆင့် လေ့လာကျင့်သုံးပြီးထားသော ဝိပဿနာဘာဝနာတရားများကို အလိုအလျောက် ဆက်လက်ပွားများနိုင်ခွင့်ရလာပါသည်။

ဝိပဿနာလုပ်ငန်းခွင်သို့ဝင်မိ၍ အချိန်ကြာလာလျှင် ရုပ်နှင့်ခန္ဓာအစုတို့သည် ထူးထူးခြားခြား ကြည်လင်ရှင်ပျလာသည်ကို မုချ တွေ့ကြရပေလိမ့်မည်။

ယခုအချိန်တွင် ကျွန်ုပ်သည် ဝိပဿနာ ဘာဝနာတရားကို ဟောကြားနေသည်မဟုတ်ပါ။ လူ့လောကတွင် အချိန် အား

ဆီလျော်စွာတွေ့ရကြုံရတတ်သော ဘေးအန္တရာယ်ဆိုးကြီးများနှင့် တကွ နေ့စဉ်ကြုံတွေ့ရတတ်သော စိတ်ဟိုင်းမကျ ဒေါမနဿ ဖြစ်ရခြင်း၊ အကုသိုလ်ဖိစီးသဖြင့် မလိုလားအပ်သော ဖြစ်ရပ် များနှင့် ရင်ဆိုင်နေရခြင်းစသော အနိဋ္ဌဖလတို့မှ လွတ်ကင်းရာ လွတ်ကင်းကြောင်း နည်းလမ်းကောင်းများကို ကျွန်ုပ်တို့၏ဆရာ များထံမှ နည်းခံ၍ အသင် သူတော်ကောင်းများအား တဆင့် ပြောကြားသတိပေး နှိုးဆော်နေခြင်းသာလျှင် ဖြစ်ပါသတည်း။

ဒဂုန်နတ်ရှင်



# နောက်ဆုံးအားကိုးရာအဖြစ်

## သင်္ခါ

ဆင်းရဲလိုက်သည့်ဖြစ်ခြင်း။

ထိုစဉ်က ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ပုဇွန်တောင်ဘူတာလမ်း (ကျောင်းလမ်း) တွင်နေကြသည်။ စာရေးခများက ချိန်းလိုက်သည့်အချိန်တွင် မှန်မှန်မရ၊ မှန်မှန်ရသည့်တိုက်မှာ နဂါးနီ ဂျာနယ်တတိုက်တည်း။ ထိုတိုက်မှ တပတ်လျှင် ငါးကျပ်၊ တလတွင် ၂၀၊ ထိုငွေနှင့် အဘယ်မှာစားလောက်နိုင်ပါမည်နည်း။

ထိုအချိန်က စစ်ကြီးဖြစ်ခါနီး အချိန်ဖြစ်သည်။ စာမူခများ မရရှိ ပေါ်စရာကလည်းမရှိ၊ ရှိသမျှကလည်းကုန်၊ ကျန်သည့် အဝတ်အထည်ကလေးများကလည်း ဇနီးသည်၏ ဂျပန်ပိုးတွန့် လုံချည်ကလေးများသာ ဖြစ်ရာ ဂျပန်ကုန် သပိတ်မှောက်သည် ဆိုကာ အပေါင်ဆိုင်တရုတ်က လက်မခံ။

တခါတရံ ဆန်အိုးတွင်ဆန်ပြတ်ကာ ထမင်းပင်ချက်၍မစား ခဲ့ရသော အနုပ်များရှိခဲ့သည်။ စားရေးသောက်ရေးထက် အရေး အကြီးဆုံးကား အချိန်တန် လကုန်လျှင် အိမ်လခ ပေးဖို့က အရေးအကြီးဆုံး ဖြစ်သည်။ အိမ်ခန်းခပေးချိန် ရောက်တိုင်း ဟိုပြေး သည်လွှားဖြင့် ရှာဆော်ကြီး ချွေးအသား မျက်ဖြူဆိုက် အကျပ်ရိုက်ရသည်။

အိမ်ရှင်အဒေါ်ကြီးကလည်းတယောက်တည်း၊သားထောက် သမီးခံမရှိ၊ ထိုအိမ်ခန်းခကလေးနှင့် စားသောက်နေရသူ ဖြစ်၏။ အိမ်ခန်းခ တလ(ဆယ့်တစ်ကျပ်)ထိုင်ငွေကိုပင် မှန်မှန် မပေးနိုင်ခဲ့။

အရေးထဲ ကျွန်ုပ်ကလည်း ဘာဖြစ်မှန်းမသိ။ မကြာမကြာ နေမကောင်း ဖြစ်ရသည်။ စိတ်နေမကောင်း ရသည့်အထဲ လူ နေမကောင်းသဖြင့် ပို၍ စိတ်ညစ်ရပြန်သည်။ ကြာလျှင် မိမိတို့ နေသောအိမ်ကိုပင် ယိုမှားစွပ်စွဲကာ တောင်တောင် မြောက် မြောက် ယင်လာမိသည်။ အိမ်များ ခိုက်လေသလား။

ထိုသို့ တင်စရာဖြစ်အောင်လည်း အရပ်စကားများက ကြားနေသည်။

"အရင်က ဒီနေရာတွေဟာ သင်္ချိုင်းကုန်း နေရာ တွေပဲ။ ဒီအိမ်နေရာက အရင်က မြင်းဇောင်း၊ မြင်းထိန်း နဲ့ မြင်းမ ဟိုဘက်တခန်း ဒီဘက်တခန်း၊ မနက်ကျယင် သူ ထားတဲ့အတိုင်း ပေါ့ပဲ မြင်းမက ဒီဘက်ရောက်နေတယ်၊ မြင်းထိန်းက ဟိုဘက်ရောက်နေတယ်။ ဘခါဘခါ မြင်းဇောင်း အပေါ်မှာ ဘာကောင်ကြီးမှန်းမသိဘူး၊ မဲမဲကြီး"

‘မစွမ်းနိုင်းကလဲ့ရို၊ ကန်စွမ်းဝင်းကလဲငြို’ ကိုယ့်အခြေအနေ အလုပ်အကိုင်ကလည်း ကံမလိုက်၊ နေကလည်း မကောင်းသည့် အထဲ ဤသို့စကားမျိုးတွေကို မကြာခဏ ကြားနေရသည့်အခါ မပြေးသော်လည်း ကံရှေ့ရှိလာသည်။ စိတ်ထဲက စိမ့်လာသည်၊ တွေးချင်သလို ဖြစ်လာသည်။

ထိုထက် အခက်ခဲဆုံးက အိမ်လခပင်ဖြစ်ရာ ထိုအိမ်ခန်းသက် ပုံ၍ အဖိုးချိုသော ခပ်ကျဉ်းကျဉ်း အနေခက် အခန်းကလေး တခုကိုရှာဖွေ ပြောင်းရွှေ့နေထိုင်ရန် စိတ်ကူးမိလာသည်။ တလ အိမ်လခ ၄ကျပ်၊ ၈ကျပ်၊ ၉ကျပ်ဆိုက ၂ကျပ်၊ ၁ကျပ်သက်သာ သွားနဲ့သလား၊ ထိုအချိန်က ငွေတကျပ်မှာ အခက်ကသွား ခဲ့သည်။ ဝက်သား တပိဿာတကျပ်၊ ကျွန်ုပ်တို့ ဇနီးမောင်နှံ နှပ်ယောက် ဝက်သား ‘ဘမူ’ဖိုးဆိုလျှင် ညနက်စားရသည်၊ ငွေတကျပ်ကို စစ်စင်ခြိခြိသုံးလျှင် ၈-ရက်လောက် သုံးနိုင်သည်။

သို့ဖြင့် နောက်ဆုံး လင်မယားနှစ်ယောက် အိမ်ရှာပုံတော် ဖွင့်ခဲ့ရတော့သည်။ အိမ်ခပေါရာ ကျောက်မြောင်း၊ တာမွေ ချောင်ကြို ချောင်ကြားမကျန် အနှံ့ ရောက်ခဲ့သည်၊ ထိုစဉ်က ယခုလို စည်စည်ကားကား မဟုတ်သေး။ တာမွေဘက်တွင် မြင်းဇောင်း၊ မြင်းသမား၊ ထရိန်နာများ ကြိုးကြားနေကြသည်။
နေရာများသို့ အနှံ့ ခြေစကြာ ပေါက်ရောက်ခဲ့သော်လည်း ကိုယ်လိုသော အခန်းပေါ်ပေါ်ကိုမတွေ့၊ တွေ့ပြန်တော့လည်း နေရာကမဟန်၊ လင်ကိုယ်မယား နှစ်ယောက် ညနေညတာ အလုပ်သွား အလုပ်ပြန်က ခက်သေးသည်၊ စိတ်ချ။ သို့ဖြင့်

နှစ်ယောက်သား မျက်နှာငယ်ငယ်ဖြင့် • မို့ရွာထဲ ထီးဘစင်း နှစ်ယောက်ဆောင်း၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ခဲ့ရသည်။ ဘိုစဉ်က အဖြစ်ကို ယခုတိုင် မြင်ယောင်သေး။

ထိုသို့ အိမ်ရှာယင်းမှ တနေ့တွင် ပါဘာနီကုန်း ၁၂၃ လမ်း (မော်ရှီလမ်း) မိဘ်ဆွေဘသိုက် စုပေါင်းနေသော အိပ်ခန်း ကလေးသို့ ရောက်သွားခဲ့သည်။ တိုးတက်ရေးကိုသိမ်း၊ (နောက် သတ်လပ်ရေး မော်ကွန်းဝင် ဦးသိမ်း)၊ ကိုဘချစ်တင် (နောက် ဘားမင်းသတင်းစာတိုက်ပိုင် သဌေး ဦးဘချစ်တင်) ကိုထွန်းမြတ် (သူကား ယခု ဘာလုပ်နေသည်မသိ ကုန်သွယ်ရေးမှာလိုလို) ဘိုအခန်းကလေးတွင် သူတို့သုံးယောက် စုနေကြသည်။

ကျွန်ုပ်တို့ ရောက်သွားသောအခါနိ်၌ သူတို့ အသိညှော်သည် ကျောင်းဆရာတယောက်(နာမည်ခေ့နေသည်) ကိုလည်း တွေ့ရ သည်။ ထိုနောက် အကျိုးအကြောင်းကို မေးကြ၊ ပြောကြ၊ အိမ်ခန်းလိုက်ရှာသည်။ အိမ်ခိုက်သည်ဟူသောစကားသို့ နောက် ဆုံး ရောက်သွားသည့်အခါ ယခင်ညှော်သည်ကျောင်းဆရာက–

"ဒါတွေကတော့ ဒီလိုရှိပါတယ်ဗျာ၊ ဆရာတို့လဲ စာရေး ဆရာတွေ လုပ်နေတာပဲ၊ မိကျောင်းမင်း ရေကပ်းပြတယ် လို့လဲ မထင်ပါနဲ့"

ဟူသော စကားနိဒါန်းကလေးကို အစချီကာ–

"အိမ်ခိုက်တယ်၊ ကြမ်းတယ်၊ သရဲရှိတယ်၊ ဥစ္စာစောင့် ရှိတယ် ဆိုတာတွေကတော့ အများအားဖြင့် လူတွေပြောကြ ဆိုကြတာ ကြားရတာပါပဲ၊ ဟုတ်တာလဲရှိ၊ မှန်တာလဲ

ရှိမပေါ့လေ၊ တချို့အဲဒီသရဲရှိတယ် ဥစ္စာစောင့်ရှိတယ်ဆိုတဲ့ အိမ်တွေမှာနေပြီး ရွှေတွေငွေတွေရ၊၊ချမ်းသာသွားကြတယ် ဆိုတာကိုလဲ ကျွန်တော်တို့ ကြားရတာပဲ၊ တချို့လဲ ဒုက္ခ ရောက်ပြီး သေကုန်တယ်ဆိုတဲ့ လူတွေလဲ ရှိတာပဲ။

"ဒါကတော့ ကေနီဗိဋ္ဌ ဘယ်သူမှ မျက်မြင်ကိုယ်တွေ့ မပြောနိုင်ကြပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့တတွေယာ ဘုရား တရားတော်ကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာတွေ မဟုတ် လား၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာ တရားတော်ကလဲ အင် မတန် ထက်မြက် တန်ခိုးကြီးတယ်ဆိုတာလဲ သိတဲ့အတိုင်းပဲ မဟုတ်လား။"

ဤသို့ စကားနိဒါန်းချီ ၍ ထိုညှော့သည်ကျောင်းဆရာက သူ၏ကိုယ်တွေ့ကလေးကို ဖောက်သည်ချလေသည်။

"ဟိုလွန်ခဲ့တဲ့ တနှစ်လောက်က အခြေအနေမရှိ၊ အား ကိုးစရာမရှိတဲ့ ရေမျောကမ်းတင် လူဘယောက်ကို ၃-၄ လ လောက် အိမ်မှာတင်ပြီး ကျွေးမွေးထားခဲ့ဖူးတယ်ဗျ၊ အဲဒီ လူဟာ ကျွန်တော့ဆီမှာနေယင်းက ကြာတော့ အားနာလာ တယ် ထင်ပါရဲ့၊ တနေ့ သူ့အချပ်ကို ပြန်ခါနီးမှာ...."

"ဆရာ — ကျွန်တော့အပေါ်မှာ သရော့ကျေးဇူးတွေ အများကြီး ရှိပါတယ်၊ တသက်ဆပ်လို့ မကုန်ပါဘူး၊ ဒါပေမယ့် ဆရာ့ကို ကျွန်တော် ကိုယ်တွေ့အဖိုးတန်ပစ္စည်း တခုကို ပေးခဲ့ချင်တယ်၊ ဒါကတော့ ဘာလဲဆိုယင် 'သမ္ဗုဒ္ဓေ ဂါထာ'ပဲဆရာ၊ ဒီဂါထာကို ဆရာတို့လဲ ရကြမှာပါပဲ။"

"ဒါပေမယ့် မယုံမရှိပါနဲ့ဆရာ၊ ဒါက ကျွန်တော့ ကိုယ်တွေ့ပါ၊ အဲဒီဂါထာနဲ့ ကျွန်တော် ဆရာ့ကို ကန်တော့ပါတယ်လို့ အဲဒီလူက ဒီသမ္ဗုဒ္ဓေဂါထာနဲ့ ပတ်သက်ပြီး သူ့ကိုယ်တွေ့ကို ကျွန်တော့ပြောပြတာကိုးဗျ။"

"ကျွန်တော်တို့ အရပ်မှာနေတုန်းက မိန်းမတယောက်ကို ရိုက်ဖို့ ကျွန်တော့ကို ငွေ ၅ဝိ-နဲ့ ငှားတယ်ဗျ၊ ကျွန်တော်တို့က သုံးယောက်၊ ရိုက်ရမယ့် မိန်းမက နဲနဲနွတ်စွာတယ်၊ လူမုန်းများတယ်၊ ဒါပေမယ့် သေအောင်တော့ လုပ်ဖို့ မဟုတ်ပါဘူး၊ မျက်နှာကလေး ဘာကလေးမှာ အနာရွတ် ထင်ပြီး နဲနဲမှတ်လောက်အောင်ပေါ့ခင်ဗျာ။"

"ဒီမိန်းမက ဈေးသည်ဆိုတော့ ညနေ နေဝင်ရီတရော လူလုံးမကွဲတကွဲအချိန်မှာ ဈေးကပြန်လာတတ်တယ်၊ အဲဒီအပြန်မှာ ကျွန်တော်တို့က လမ်းကနေဆီးပြီး ချောင်းရိုက်ဖို့ပဲ၊ ခက်တဲ့အလုပ်တော့ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ လက်ခံလိုက်ကြတယ်။"

"ဒါနဲ့ ညနေဒီမိန်းမပြန်ချိန်မှာ ကျွန်တော်တို့သုံးယောက်လဲ အစီအစဉ်အတိုင်း စောင့်ကြတာပေါ့ခင်ဗျာ၊ ဒါပေမယ့် တကယ် လုပ်ကြစို့ဆိုတော့၊ ပထမထင်တဲ့အတိုင်း မလွယ်လှဘူးဗျ၊ အခါတိုင်း ဒီမိန်းမက အပြန်မှာ တယောက်ထဲပြန်လာတတ်တာ၊ ခုတော့ အဖော်တွေနဲ့ ပြန်လာတာကို တွေ့ရတယ်၊ အဖော်မှ တယောက် မဟုတ်ဘူး၊ နှစ်ယောက်၊ ယောကျ်ားကြီးတွေ ရှေ့တယောက် နောက်တယောက် စကားတပြောပြောနဲ့။"

"ဒါနဲ့ ကျွန်တော်တို့လဲ အလစ်ကိုစောင့်ပြီး တရက်စောင့် နှစ်ရက်စောင့် သုံးရက်စောင့်နဲ့ စောင့်လာလိုက်တာ လစ်တဲ့ အချိန်ကိုမရခဲ့ဘူး၊ ဒီလိုချည်း အဖော်နဲ့ ပြန်လာတာကို တွေ့ရတော့ ဘာဖြစ်သလဲဆိုယင် စိတ်ထဲက ထင့်လာတယ်၊ ခုနင် ဒီမိန်းမ တိုက်တာကို သူရိပ်မိတယ် ထင်တယ်ပေါ့ ခင်ဗျာ။"

"ဒါနဲ့ ကျွန်တော်လဲ စိတ်မသန့်ဖြစ်ရာက နောက်ဆုံး ဒီထဲမှာ ငါမပါတော့ဘူးကွာ၊ ငါ့ဝေစုလဲ မလိုချင်တော့ဘူးလို့ ပြောပြီးခွာလိုက်တယ်၊ နောက်သူတို့လဲ မလုပ်ဖြစ်ကြတော့ပါဘူး၊ ဒါပေမယ့် ကျွန်တော်က ဒီမိန်းမနဲ့ အသိဖြစ်နေလို့ စိတ်ထဲကလဲ သံသယဖြစ်နေတာနဲ့ တနေ့ သူနဲ့ စကားပြောပြီး စုံစမ်းကြည့်တာကို။"

"ဒီမှာ အစ်မ၊ ခင်ဗျားညနေ နေဝင်ရီတရော အချိန် မရှိမှ ဈေးက တယောက်ထဲချည်းပြန်လာတာ မကြောက် ဘူးလားဗျ။"

"အောင်မယ်၊ ဟဲ့-တယောက်တဲ ပြန်မလာလို့ ဘယ်သူနဲ့ ပြန်လာရမှာတုံးဟဲ့၊ ကိုယ်တော်တရားက မကြောက်လို့ နင်က ဘာများလုပ်အုံးမလို့တုံး"လို့ ဒီမိန်းမက သူ့ဝသီအတိုင်း ခပ်စွာကျယ်ကျယ်မို့ ကျွန်တော့ကို ပြန်နှက်ပါလေရော။ သူ့စကားကြောင့် ကျွန်တော် နဲနဲတွန့်သွားမိတာပေါ့လေ။"

"မဟုတ်ပါဘူးဗျ၊ ကျွန်တော်က ခင်ဗျားကို စုံရိမ်လို့ စေတနာနဲ့ ပြောတာပါဗျာ၊ ဒါပေမယ့် ခင်ဗျား မကြောက်ဘူးသာဆိုတယ် ဟို သုံးလေးရက်ကတော့ ခင်ဗျား အဖော်တွေနဲ့ ပြန်လာတာ ကျွန်တော် တွေ့သားပဲ။"

"သယ်—သေချင်းဆိုးကလေး ဘယ်မှာ အဖော်တွေနဲ့ ငါ ပြန်လာရမှာတုံးဟဲ့၊ နင် မဟုတ်တာတွေ ပြောရော့မယ်၊ ငါ ထိုးချလိုက်ရမနော်။"

"အဲဒါ ခင်ဗျား လိမ်တာပဲ၊ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တာပါဗျာ၊ ဟော ယောကျ်ား နှစ်ယောက်၊ ရှေ့က တယောက် နောက်ကတယောက်၊ ခင်ဗျားတို့ စကားတွေ တတွတ်တွတ်နဲ့ ပြောပြီး ပြန်လာကြတာ။"

"တယ်-ဒီသေချင်းဆိုးကလေး လာပြန်ပြီ၊ သူ မဟုတ်မဟာတ်တာတွေ ပြောရော့မယ်၊ ဘယ်ယောကျ်ားနှစ်ယောက်နဲ့ စကားပြောရမှာလဲ၊ ငါသမ္ဗုဒ္ဓေဂါထာရွတ်ပြီး လာခဲ့တာ....။"

"အဲဒီလို မိန်းမကြီးက ပြန်ပြောတယ် ဆရာ၊ ကျွန်တော်တို့ မျက်စိထဲမှာတော့ တပ်တပ်အပ်အပ် ယောကျ်ားကြီး နှစ်ယောက်ပါပဲဆရာရယ်၊ ရှေ့က တယောက် နောက်က တယောက်၊ အဲဒါပဲ။ သမ္ဗုဒ္ဓေဂါထာဟာ ဘယ်လောက် စွမ်းသလဲဆိုတာ အဲဒီဂါထာနဲ့ပဲ ကျွန်တော် ဆရာ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ကန်တော့ခဲ့ပါတယ် ဆရာ လို့ ဒီလူက ကျွန်တော့်ကို ပြောခဲ့တယ်"

ထိုည့်သည် ကျောင်းဆရာက ဤသို့ သမ္မုဒ္ဒေဂါထာ အကြောင်းကို စိတ်ဝင်စားဖွယ် ပြောပြသည်။ ကျွန်ုပ်တို့လည်း သူ၏ စကားများကို နားထောင်ခဲ့ရာမှ ထိုနေ့ မိတ်ဆွေများ အိမ်မှ ပြန်လာသည့် အချိန်မှစ၍ မတတ်သာသည့်အဆုံး (အကြံကုန် ဥာဏ်ဆားချက်) သဘောမျိုး နောက်ဆုံး အားကိုးရာအဖြစ် ထိုသမ္မုဒ္ဒေဂါထာကို နေ့စဉ်အမြဲ မှန်မှန်ကြီး ရွတ်ဖတ်ပုတီးစိပ်လာခဲ့တော့သည်။

ထူးခြားသည့် အချက်ကား....(တိုက်ဆိုင်မှုပင်ဆိုဆို) ယခင်ကျပ်ကျပ်ဘည်းတည်းဖြစ်နေသော အနေအထိုင် အလုပ်အကိုင်ကလေးများလည်း အနည်းငယ်ချောင်လည်လာသလို ရှိခဲ့သည်။ အထူးခြားဆုံး အချက်တခုမှာကား အိမ်ရှင် အဒေါ်ကြီးသည် ကျွန်ုပ်ဘို့ ပြောင်းရွှေ့ရန် အိမ်ခန်း လိုက်ရှာနေကြောင်းကိုမည်သို့မည်ပုံ ကြားသည်မသိ၊ တနေ့တွင် ကျွန်ုပ်တို့အားခေါ်၍....

"မင်းတို့ အိမ်ပြောင်းမလို့ အိမ်ခန်း လိုက်ရှာနေတယ်ဆို၊ အိမ်လခအတွက်တော့ သိပ်ပူပင်သောက ဖြစ်မနေပါနဲ့ကွယ်၊ ပေးနိုင်တဲ့အခါ ပေးပေါ့၊ ဒီလောက်လဲ အရေးမကြီးပါဘူးကွယ်"

ဟု ထိုအိမ်ခအပေါ် မှီခိုစားနေရသော အဒေါ်ကြီး၏ ထူးထူးဆန်းဆန်းစကားကို ကြားလာရခြင်းပင် ဖြစ်၏။ (ထိုအိမ်လခများကား ယနေ့တိုင် ကျွန်ုပ်တို့အပေါ်တွင် တင်လျက်ရှိသေး၏)။

သို့ဖြင့် မကြာမီစစ်ကြီး ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့လည်း အများနည်းတူ စစ်ပြေးဘဝဖြင့် ပထမ ဝါးနက်ချောင်းပြေး၊ ထိုနောက် ဒါးပိန်ရောက်၊ နောက်ဆုံး ညောင်လေးပင်၊ တော်ဝိသို့ အသီးသီးပြေးလွှား ပြောင်းရွှေ့နေ ထိုင်ခဲ့ရသည်။ စစ်ကြီးအတွင်း လူတွေအားလုံး ဒုက္ခအကြီး အကျယ် ရောက်ကြသူချည်းဖြစ်ရာ ပစ္စည်းဥစ္စာငွေကြေး ပြည့်စုံ သူများအဖို့ မထောင်းတာလှသော်လည်း ကျွန်ုပ်တို့ကဲ့သို့ ငမွဲ တွေအဖို့မှာ ဆိုဖွယ်မရှိတော့ပေ။

သို့သော်လည်း ယခင် "သမ္ဗုဒ္ဓေ ဂါထာ" ကိုကား အမြဲ ယုံယုံကြည်ကြည်ရွတ် ပုတီးစိပ်ခဲ့သည်။ ထိုအကျိုးဆက်ကြောင့် ပင်လော မပြောနိုင်။ စစ်ကြီးအတွင်းအတွင်းက ကျွန်ုပ်တို့အဖို့ ကျပ်ကျပ် တည်းတည်း ခက်ခက်ခဲခဲနှင့် မကြုံခဲ့ရပေ။

ပုထုဇဉ်လူသားတို့ ဓမ္မတာ ထိုသို့ဒုက္ခရောက်ရသည့် အချိန် အခါမျိုးတွင်လည်း 'ခလုတ်ထိမှ အမိတ' ဘုရား တရားကို အခါ တိုင်းထက် ပိုမိုမြဲကြသူများကို တွေ့ရသည်။ လက်မှ လူတိုင်းလို ပုတီးကွင်းကလေးများကိုမချပဲ အမြဲပါးစပ်မှ တတွတ်ဘွတ်ရွတ် စိပ်နေသူများကိုလည်း တွေ့ရသည်။ (နောက်ဆုံး အားကိုးရာ အဖြစ်ပေကိုး)။

သို့ဖြင့် ကျွန်ုပ်တို့လည်း စစ်ပြေးအဖြစ် ဝါးနက်ချောင်းမှ တဖန် ဒါးပိန်သို့ ရောက်ရခြင်းမှာ ကျွန်ုပ်တို့ ကိုးကွယ်သော ဘုန်းတော်ကြီးတပါးနှင့် လိုက်ပါသွားခဲ့ခြင်းဖြစ်ရာ ထိုနေ့က လည်း ထိုဘုန်းတော်ကြီးနှင့်အတူရင်း၏ အန္တေဝါသိက ဦးပဥ္စင်း တပါး၏ကျောင်းသို့ ရောက်သွားခဲ့၏။

"ကျွန်ုပ်တို့ကျောင်းမှာ ထူးထူးဆန်းဆန်း တောထွက် ကိုရင်ကြီးတပါးရှိတယ်ဒကာရဲ့၊ ဒီအချိန်တော့ ဒီကိုရင်ကြီးက ပုတီးစိပ် တရားထိုင်နေလို့ သူ့ကိုတွေ့ဖို့မလွယ်ဘူး၊ ဒီကိုရင် ကြီးကတော့ လူ့ဘဝတုန်းကဆိုယင် တော်တော်လဲ ပေပေ တေတေ နေလာခဲ့တဲ့ လူပေါ့ဗျာ....။ သူခိုးဒမြကြီး တယောက်ပဲဆိုပါတော့။

"သူ့ဘဝအကြောင်းကို သူကပြန်ပြောလို့ သိရဘာက တညနေ အိမ်တအိမ်ကို အနုကြမ်းစီးဖို့အလုပ်မှာ လူနိုးပြီး အရပ်က ဝိုင်းလိုက်တဲ့အခါမှာ နောက်ဆုံး ပြေးပေါက်ပိတ်ပြီး သူ့ကို မိတော့မယ့်ဆဲဆဲ သူလဲကြံဘက်ပဲ နောက်ဆုံး အားကိုးရာအဖြစ် သူရဘူးတဲ့ သမ္မုဒ္ဒေဂါထာကို စည်းချ ရွတ်တာနဲ့ လွတ်လာခဲ့သတဲ့။

"ဒီနေရာမှာ အံ့ဩစရာကောင်းတာ အရပ်က လူတွေ ဟာ သူ့ကိုဝိုင်းမိပြီး မိတော့မယ့်ဆဲဆဲ သူလဲဘယ်မှ ပုန်း စရာခိုစရာကို မတွေ့ရပဲ အနားက ချုံဖုတ်ကလေးတခုထဲကို အတင်းဝင်ပြီး ပုန်းလိုက်ရသတဲ့၊ နောက်လူတွေက ဒီချုံ ဖုတ်နား ရောက်လာကာ 'ဟေ့-ဒီနားမှာပဲ ပျောက်သွား တယ်ကွ၊ မလွတ်စေနဲ့၊ ရှာ-ရှာ'လို့ တုတ်တွေ၊ ဓားတွေ၊ မီးတုတ်တွေနဲ့ ပုန်းနေတဲ့ ချုံကလေး အနားမှာ အားလုံး ဝိုင်းနေကြသတဲ့။

"သူကတော့ ချုံထဲက ကြောက်လှပြီပေါ့လေ၊မီးရောင်မှာ လူတွေနဲ့ လက်နက်တွေကို အထင်းသားမြင်နေရလို့ ဒီနေရာမှာ

သာမိလိုက်ယင်လဲမသက်သာဘူး၊အရိုးအသားရှာရမှာမဟုတ်ဘူး၊ ဒါနဲ့ သူလဲ ကြံမိကြံရာ သူရတဲ့ သမ္ဗုဒ္ဓေဂါထာကို အရပ်ရှစ်မျက်နှာ စည်းချပြီး မျက်စိမှိတ် ရွတ်တော့တာပဲ—တဲ့၊ သေလဲမထူး ဘဝကူးကောင်းအောင်ပေါ့လေ။

"အဲဒီမှာ အံ့သြစရာ ထူးထူးဆန်းဆန်း ဖြစ်သွားပုံက ဒီလူတွေဟာ ဒီချုံနားမှာ ရစ်သီရစ်သီသာ လုပ်နေတယ်။ ဒီချုံဖုတ်ကို မမြင်လို့ပဲလား၊ မမြင်ရအောင်လဲ မီးရောင်နဲ့ အထင်းသားကြီးပဲ၊ တယောက်ယောက်ကသာ ချုံထဲကိုလှံနဲ့ ဖြစ်စေ၊ ထိုးလိုက်စိုက်လိုက်ယင် သူ့ကိုတန်းနေတာပဲတဲ့၊ မလွတ်ဘူး။

"ဒါနဲ့ မကြာခင် ဒီလူတွေဟာ မတွေ့မနေပ်နဲ့ ဒီနေရာက ပြန်သွားကြတာပဲတဲ့၊ အဲဒီမှာ သူလဲ ဘုရားတန်ခိုးတော်ကို အယုံကြီးယုံပြီး အကျွတ်တရားလဲရလို့ ကိုရင်ကြီးဝတ်သာ ခဲ့တာ၊ ခု ဒီနေ့တိုင်ပါပဲဗျာ"

ဘုန်းတော်ကြီး၏ဘာပည့် ဦးပဥ္ဇင်းက ဤသို့ သမ္ဗုဒ္ဓေဂါထာနှင့်ပတ်သက်၍ ဒုတိယမှိ့ပြော၍ ကြားရပြန်သည်။ ယာခင်ကျောင်းဆရာပြောစဉ်က ကျွန်ုပ်တို့လည်း ထိုသမ္ဗုဒ္ဓေ ဂါထာကို အမြဲမပြတ် ရွတ်ဖတ် ပုတီးစိပ်ခဲ့ရာ ယခုသင်မံ၍ ဤသို့ ကြားရပြန်သည့်တွင် သာ၍စိတ်ဝင်စားလာခဲ့ပြန်သည်။

သို့နှင့် နောက်ဆုံး စစ်ပြေးအဖြစ် ဇာတိဖြစ်ခဲ့သော ညောင်လေးပင်မြို့သို့ရောက်ခဲ့ပြန်သည်။ ညောင်လေးပင်မြို့ရှိ နုမဖြစ်သူအိမ်တွင် တည်းခိုရာ ဤတွင် တိုက်တိုက်ဆိုင်ဆိုင်ပင် ဖြစ်လေရာ

သလားမသိ၊ ထိုသမ္ဗုဒ္ဓေ ဂါထာတော်ကြီးနှင့် ပတ်သက်၍ တတိယအကြိမ် ထပ်မံကြားရပြန်သည်။

ထိုအချိန်ကား အင်္ဂလိပ်များ ဆုတ်ခွာသွား၍ ဂျပန်များနှင့် ဘီအိုင်အေတပ်များ ဝင်လာပြီ ဖြစ်သော်လည်း အချို့နေရာများတွင် ဂျပန်ဗမာတပ်များ မရောက်သေးပဲ မြို့ပျက် ရွာပျက် မင်းမဲ့တိုင်းပြည်ကဲ့သို့ဖြစ်နေ၏။ အမြီးရ အမြီးစား၊ ခေါင်းရ ခေါင်းစားဖြင့် နိုင်ရာစားဝါဒသမားများ မင်းမူနေရာ ထိုအချိန်တွင် မိတ်ဆွေ့ရန်သူဟူ၍ မည်သူ့ကိုမျှခွဲခြားမရ၊ ယုံကြည်မဖြစ်၊ ပစ္စည်းကလေးအနည်းငယ်ရှိသူတို့အဖို့ တောတွင်မနေရဲ၊ မြို့သို့အကုန်တက် ပြောင်းရွှေ့နေကြရချိန်ဖြစ်၏။

ကျွန်ုပ်တို့တည်းခိုနေသော နှမအိမ် အနီးတွင်လည်း ထိုသို့ တောမှ ပြောင်းရွှေ့နေထိုင်ကြသူများရှိရာ တနေ့ စကားစပ်မိကြရင်းမှ အသိအကျွမ်းဖြစ်ကာ ထို အိမ်ထောင်ဦးစီး အဘိုးအိုဘဦး ထံမှ ထပ်မံ၍ ကြားရမှတ်ရပြန်သည်။

"ခေတ်ပျက်ကာလပျက်ကြီးဆိုတော့လဲဆရာလေးရေကျုပ်တို့ဗုဒ္ဓဘာသာထုံးစံအတိုင်း ဘုရားကိုနေ့ာက်ဆုံးအားကိုးရာအစဉ်ကြီး သဘောမျိုးထားပြီး နေ့စဉ်ဘုရားကို အာရုံပြု၊ ပုတီးကို နာနာစိပ်၊ အိပ်ရာဝင်စည်းချ၊ သားသမီးကလေးတွေကိုလဲ သမ္ဗုဒ္ဓေဂါထာတို့၊ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကို အရသင်ပေးပြီး ညအိပ်ရာဝင်တိုင်း ရှိခိုးကန်တော့၊ မေတ္တာပို့ အမျှဝေ အိမ်ပတ်လည် စည်းချပြီးမှ အိပ်စေခဲ့တာကိုး။

"အဲဒီနေ့ကဖြစ်ပုံကတော့ ခပ်ဆန်းဆန်းပဲဆရာလေးရေ၊ ပြောယင် ယုံနိုင်စရာတောင်မရှိဘူး၊ သူတို ကြံကြတဲ့လူတွေ

ကတော့ တခြားလူတွေလဲ မဟုတ်ဘူး၊ အရပ်ထဲကငယ်မွေး ခြံပေါက် ကိုယ်ကျေးမွေးပေးကမ်းထားခဲ့တဲ့ တပည့်တပန်းလို လူတွေပါပဲ ဘယ်သူတွေ ဆိုတာလဲ ကျုပ်တို့ သိတာပါပဲ။

"ဒီအခါမျိုးကျလဲ လက်သည် ပေါ် ဖို့ အခက် သား ဆိုတော့ ပုံမှားဖမ်းကြတာပေါ့လေ။ ပထမတော့ အေးအေး လူလူ အနုနည်းနဲ့ ဖေါ်ထွင်းခိုးဖို့ ကြံကြတယ်၊ မအောင် ဘူး၊ အိမ်ပဲ မှားပြီး လုပ်မိသလိုလို ထင်ပါရဲ့။ အဲဒါလဲ ထူးခြားတဲ့အချက်ပဲ၊ နောက်တကြိမ်တော့ အကြမ်းဖက်ပြီး အတင်းဝင်စီးဒမြတိုက်ဖို့ ကြံကြတာပေါ့ဗျာ။

"အဲဒီညက ကျုပ်တို့လဲ အခါတိုင်းလို ဘုရားရှိခိုးပုတီးစိပ် သမ္မုဒ္ဒေဂါထာရွတ်စည်းချပြီး အိပ်ကြတာပဲ။ အဲဒီညသူတို့ ကြံတဲ့အချိန်မှာ ကျုပ်တို့အိမ်လုံးဟာ မီးတွေလင်းနေပြီး လူတွေတရုန်းရုန်းနဲ့ ဘာလုပ်နေကြတယ်မသိ၊ အများကြီး တွေ့ရသတဲ့၊ ဒါနဲ့ပဲမအောင်မြင်ပြန်ဘူး၊ နောက်ဒီအကြောင်း ကို သူတို့ထဲကပဲ ကျုပ်တို့ကို မတွေ့ရှိတဲ့ လူတယောက်က ဦးဘော်တို့ ဒီမှာမနေကြပါနဲ့၊ မြို့ကို မြန်မြန်ပြောင်းနေကြပါ၊ ဒီကဒီလိုဆိုတဲ့ အကြောင်း ပြန်ပြောလို့ သိရတာပါပဲ သရေလေးရယ်။

"အမှန်တော့ ဘုရားမ,တာပေါ့လေ၊ သူတို့ပြောတဲ့ အဲဒီ ညက မီးတွေလင်းနေတယ်ဆိုတာလဲ မဟုတ်ပါဘူး၊ ကျုပ်တို့လဲ မနိုးပါဘူး၊ လူတွေဆိုတာလဲ ကျုပ် တို့ အိမ် သား တွေက လဲ့လို့ ဘယ်သူမှ လုပ်မရှိပါဘူး၊ ထူးထူးဆန်းဆန်း အဖြစ် တာပေါ့လေ"

စစ်ပြေးအဘိုးကြီးက ဤသို့ တဖန် သမ္မုဒ္ဒေဂါထာတော်အကြောင်းများကိုပြော၍ ကြားရပြန်သည်။ စစ်ကြီးအတွင်းကမူ ဤလိုအဖြစ်မျိုး၊ အကြောင်းမျိုးတွေ ကြုံတွေ့ခဲ့သူတွေများကြရာ ဖရေးလျှင် ကုန်နိုင်ဖွယ်မရှိပေ။

ထိုစစ်ကြီးကြောင့် အမြတ်ကြီးတခုကား ကျန်ခဲ့၏။

ထိုအမြတ်ကား ဘာသာရေးနှင့် ပတ်သက်သော အမြတ်ပင်ဖြစ်ရာ ဘာသာရေးဆိုသည်ကား လူတွေ ခလုတ်ထိမှ အမိတ ဒုက္ခတွေကြီးအကျယ်ရောက်သည့်အခါမှ နောက်ဆုံးအားကိုးရာ ကိုးကွယ်ရာရှာခြင်းအဖြစ်ကိုတွေ့ရခြင်းဖြစ်၏။

ဤစာရေးသူကိုယ်တိုင်လည်း ထိုအချိန်မှစ၍ သမ္မုဒ္ဒေဂါထာကို နေ့စဉ်မှန်မှန်ပုတီးစိပ်ခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။

အချို့ ယင်းသမ္မုဒ္ဒေဂါထာကို တနေ့ တသောင်းပြည့်အောင် စိပ်သူများလည်း ရှိကြရာ အချို့ကား သမ္မုဒ္ဒေ ရှစ်သောင်းလေးထောင် ပြည့်သည်အထိ စိပ်သူများလည်းရှိကြ၏။

ရအပ်သောအကျိုးကား ကိုယ်တွေ့ပြုလုပ်နေသူများ သိကြသည် ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့က အထူးရေးသားနေဖို့လိုမည်မထင်ပေ။ ဤ စာရေးသူအဖို့မှာကား ယခင် မွဲတေလှသော (စာရေးဆရာ)ဘဝမှသည် ယနေ့တိုင် မယိမ်းမယိုင်ရပ်တည်ကာ နောက်ဆုံး အိုးပိုင်အိမ်ပိုင်ကလေးနှင့် ယခုလိုနေထိုင်ခဲ့ရခြင်းပင်တည်း။

သင်္ဂါ

# အလုပ် ရှာသူတဦး၏ ကိုယ်တွေ့

ကျွန်တော့်မိတ်ဆွေတဦးမှာ လူရိုး လူအေး တယောက် ဖြစ်သည်။ သူသည် အိမ်ထောင်ကျသည်မှာ ကြာပြီဖြစ်သော်လည်း ဘယ်အလုပ်ကိုမှ စွဲစွဲမြဲမြဲ မလုပ်၊ ပညာမာန် မာနတို့ဖြင့် အလုပ် တခုပြီးတခုသာ ပြောင်းလဲလာခဲ့ပါသည်။ ကြာသော် အလုပ် လက်မဲ့ဘဝသို့ ရောက်လာတော့သည်။

ထိုစဉ်က သူ့တွင် ကလေး ငါးယောက်ရှိသည်။ အိမ်သူမှာလည်း ကလေးငယ်၍ ဘာအလုပ်မှ ဟုတ်တိပတ်တိ မလုပ်နိုင်၊ ပိုက်ဆံ တွင်လည်း အလုပ်က မရှိ ဖြစ်နေသောအခါ သူတို့ မိသားစု၏ စားဝတ်နေရေးမှာ ကျပ်တည်း ကျဉ်းမြောင်းလာသည်။ ဒါကြား ထဲ ကလေးငယ်များက နေထိုင်မကောင်းသဖြင့် ပို၍စိတ်ညစ်နေရ သော်လည်း အလုပ်မရှိသဖြင့် ဒီအတိုင်းပင် အိမ်မှာထိုင်နေရသည် မှာ လပေါင်းအတော်ကြာလာပြီဖြစ်သည်။ ထို့ကြောင့် သူ့ဘဝကို သူ ငြီးငွေ့လာသည်။ တခုခုကို လုပ်ချင်လာသည်။

ထို့ကြောင့် "သက်သတ်လွတ် ၄၉ ရက်စားမည်" ဟုအဓိဋ္ဌာန် လိုက်သည်။ သူနောက်မှ စဉ်းစားမိသည်မှာ "သက်သတ်လွတ် ၄၉ ရက်စားနေသည့်ရက်အတွင်း ဘာမှမလုပ်ပဲ ဒီအတိုင်း ထိုင် နေလျှင် အဓိပ္ပါယ်မရှိ၊ သက်သတ်လွတ်စားရကျိုးလည်းနပ်မည်

မဟုတ်၊ ထို့ကြောင့် တခုခုတော့ လုပ်မှဖြစ်မည်''ဟု ဆုံးဖြတ်လိုက်သည်။

''ပုတီးစိပ်မည်''ဟု ကြံလိုက်သောအခါ ဘယ်ကနေ ဘယ်လို စိပ်ရမှန်းမသိ၍ အခက်တွေ့ရပြန်သည်။ ပြီးတော့ ပုတီးကို ဘယ်လို ကိုင်ရမှန်း၊ ပုတီးဘလုံးချင်းကို ဘယ်လိုစိပ်ရမှန်းလည်း မသိ၊ ထို့ကြောင့် ''ပုတီးမပါပဲ အလွတ် လက်ကို ချိုးပြီး ကျောက်ခဲ ကလေးများကို အရေအတွက်ထားကာ ပုတီးအဖြစ် စိပ်မည်''ဟု သတ်မှတ်လိုက်သည်။ သို့သော် သူ ဘာကို ပွားများရမှန်းမသိ သည်က ခက်နေသည်။

သို့သော် ပိတ်ချွမှာ ငယ်စဉ်က ဘိုးဘွားများ နှုတ်တိုက်ချ ပေးသော ''သမ္ဗုဒ္ဓေ ဘုရားရှိခိုး ဂါထာတော်မြတ်ကြီး''ကိုတော့ ရနေသည်။ ထို့ကြောင့် ထိုသမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီးကိုပင် ရွတ်ဖတ်နေမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် တနေ့ ဘယ် နှစ်ခေါက်ရွတ်ရမှန်းမသိ ဖြစ်နေပြန်သည်။ သို့ရာတွင် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ကိုရင်ကြီးတို့ ဂါထာတထောင်စုတ် သည်ကို သတိရ၍ တနေ့ သမ္ဗုဒ္ဓေဂါထာ တထောင်ကို ရွတ်ဖတ် ပွားများ၍ ပွင့်သေကုန်ပြီးသော မြတ်စွာဘုရားတို့အား ပူဇော် ကန်တော့ရန်ဆုံးဖြတ်လိုက်သည်၊ ထိုသို့ဆုံးဖြတ်လိုက်သည့်အတိုင်း ပင် စာရေးသူ မိတ်ဆွေမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ် ဖတ် သရဇ္ဈာယ်ပါတော့သည်။

မိတ်ဆွေကြီးမှာ အလုပ်မရှိသူပီပီ မနက် အရုဏ်တက်မှ သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကိုဆိမီး၊ ရေချမ်း၊ ဆွမ်း၊ ပန်းများ

ကပ်၍ စတင် ရွတ်ဖတ်ရိုခိုးပူဇော်ရာ နားနားနေနေ ည ရှစ်နာရီ ခန့်လောက်မှ တထောင်ပြည့်သည်ဟု ဆိုသည်။

ဤသို့ပင် မိတ်ဆွေကြီးမှာ ဇွဲကောင်းကောင်းဖြင့် သမ္ဗုဒ္ဓေ ဂါထာတော်ကြီးကို တနေ့တထောင်တိတိနေ့စဉ်ကြိုးစားရွတ်ဖတ် တော့သည်။ ၄၉ ရက်မြောက်နေ့သို့ရောက်လာသည်၊ မိတ်ဆွေ မှာ ဘုရားဝတ်ပြုပြီး အညောင်းအညာ ဆန့်နေစဉ် ရှေးတုန်းက သိကျွမ်းဟောင်းမိတ်ဆွေကြီးဘဦး အိမ်ပေါ်သို့ တက်လာသည်။ ထို့ကြောင့်ညှော်ဝတ်ပြုကာစကားပြောစဉ် လာရောက်တွေ့သော မိတ်ဆွေကြီးက အလုပ်ကိစ္စဘခုအတွက်မနက်သူ့ရုံးလာရန်မှာပြီး အချိန်မရှိ၍ ပြန်သွားသည်။

စာရေးသူ၏ မိတ်ဆွေမှာ နောက်တနေ့မနက်တွင် လာတွေ့ သော မိတ်ဆွေကြီး၏ရုံးသို့ သွားတွေ့သည်။ ထိုအခါ မိတ်ဆွေ ကြီးက စက္ကူပြုတရွက်ကိုပေးပြီး ချက်ချင်းလျှောက်လွှာတစောင် ရေးခိုင်းသည်။ ထို့ကြောင့် စာရေးသူမိတ်ဆွေမှာ ဘုမသိဘမသိ လျှောက်လွှာရေး၍ ချက်ချင်းပင် အထက်လူကြီးနှင့် ဝင်တွေ့ရ သည်။

ထိုနေ့မှစ၍ စာရေးသူ၏မိတ်ဆွေမှာ အလုပ်ရရှိသွားပါသည်။

သူ့ကိုအလုပ်ခန့်သော အရာရှိကြီးမှာ တချိန်က သူ့ကိုအလုပ် အတွက်နှင့်ပတ်သက်ပြီး တွေ့သုံမေးမြန်းဘူးသူဖြစ်သည်။

ထိုစဉ်က စာရေးသူ၏ မိတ်ဆွေမှာ အလုပ်မရခဲ့၊ သို့သော် ထိုအရာရှိကြီးက မိတ်ဆွေ၏ ပညာအရည်အချင်းကို ကြိုက်နှစ် သက်သည်။ ယခုဘဖန် အလုပ်ပေါ်လာသောအခါ ခေါ်ခိုင်း လိုက်ခြင်းပင်ဖြစ်သည်။

အလုပ်ရရှိ၍ အိမ်ပြန်လာသော စာရေးသူ၏ မိတ်ဆွေမှာ သမ္မုဒ္ဒဂါထာတော်မြတ်ကြီးကိုပို၍ကြည်ညိုလေးစားအားထား ခဲ့တော့သည်။ သူနေ့စဉ် ကြည်ညိုစဉ်ကလည်း အလုပ်ရစေရန် အတွက် ရည်မှန်းပြီး ရွတ်ခဲ့ခြင်းကား မဟုတ်ဟုဆိုသည်။ ထို့နောက် သူ့အိမ်သူနှင့် ကလေးများကို နှုတ်တိုက်ချပေးကာ ညစဉ်ဘုရားဝတ်ပြုကြသည်၊ ပို၍ သမ္မုဒ္ဒ ဂါထာကြီးကို အလေးအနက်ထားကာကြည်ညိုစေသည်။ နေ့စဉ်လည်း သမ္မုဒ္ဒ ဂါထာကြီးကို ဝတ်ပြုကာရှိခိုးပူဇော်သည်။ ထို့ပြင် စာရေးသူ၏ မိတ်ဆွေမှာ အချိန်ရှိသမျှ သမ္မုဒ္ဒ ဂါထာတော်မြတ်ကို ရွတ်ဖတ်နေလေ့ရှိပေသည်။

ယခုအခါ စာရေးသူ၏ မိတ်ဆွေမှာ ရာထူးအဆင့်ဆင့် တိုး၍ နေပြီဖြစ်သည်။

# ငွေငါးရာ ရှိသူတဦး

တခါက စာရေးသူ၏မိတ်ဆွေ စာရေးဆရာတဦးမှာ အမြဲလိုလို ငွေကြေး အခက်အခဲ တွေ့နေလေ့ရှိပါသည်။ တနေ့ အထက်က တင်ပြခဲ့သော မိတ်ဆွေကြီးနှင့်ဆုံမိကာ သမ္ဗုဒ္ဓေ ဂါထာတော်ကြီးအကြောင်းဆီသို့ ရောက်သွားသည်။

ထိုမိတ်ဆွေမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ ဂုဏ်ထူးဝိသေသများကို အပိုအလိုမရှိစာရေးဆရာကို တင်ပြတော့သည်။ ထိုအခါ အမြဲတိုင်ကျနေသော စာရေးဆရာမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီး အပေါ် ပိုမိုကြည်ညိုလာသည်။

ထို့ကြောင့် ရွှေတိဂုံဘုရားပေါ်တက်ကာ "ကိုးရက်တိတိ တနေ့လျှင် သမ္ဗုဒ္ဓေ တထောင်ကျ ပုတီးစိပ်ပါမည်" ဟု အဓိဋ္ဌာန် ဝင်တော့သည်။

ထိုသို့ စာရေးဆရာ ကိုးရက်တိတိ အဓိဋ္ဌာန်ဝင်နေစဉ် စိတ်ပျက်စရာ အဖျက်အမျိုးမျိုး ဝင်လာသည်။ ဒါပေမယ့် စာရေးဆရာကမလျှော့၊ ဆက်လက်၍ ကိုးရက်မြောက်အောင်အားထုတ်သည်။ ယင်းသို့ စာရေးဆရာ အားထုတ်လာခဲ့ရာ ကိုးရက်မြောက်နေ့သို့ ရောက်သောအခါဘုရားပေါ်သို့ သူ့သားနှင့်လူတယောက်

လိုက်လာပြီး နိုင်ငံခြားစာအုပ်တအုပ် ဘာသာပြန်ပေးရန် အပ်သည်။ ပြီးတော့ စရန်ငွေငါးရာတိတိ ပေးခဲ့သည်။

ထို့ကြောင့်စာရေးဆရာမှာ ဆဘမ်းပိုးတိုး၍သမ္မုဒ္ဒေဂါထာတော်ကြီးကို ကြည်ညိုလာသည်။ ပို၍ပွားများ အားထုတ်တော့သည်။

ယနေ့ဆိုလျှင် အဆိုပါ စာရေးဆရာကြီးမှာ သူကိုယ်တိုင်ထုတ်ဝေသူ၊ စာရေးသူ ဖြစ်နေပေပြီ။ အရင်တုန်းကလို ငွေရေးကြေးရေး ခက်ခက်ခဲခဲ မရှိတော့ဟု ဆိုပါသည်။

☆

## လိုချင်သလောက် ငွေချေးရသူ၏ အဖြစ်ဆန်း

ရန်ကင်းတိုက်ခန်းမှ စာရေးသူ၏ မိတ်ဆွေဘဦးမှာ ကလေး ၈ ယောက်ရှိသည်၊ တိုက်ခန်းခပေးရသည်။ မီး မီတာခ လည်းပေးရသည်။ တလ တလ ကလေးတွေ၏ အာဟာရဖိုးနှင့် မုန့်ဖိုးကလည်း မနည်းဟုဆိုသည်။ သူချစ်လင်၏ လခမှာ အားလုံး အချိုးကျ ဖြတ်လိုက်၊ နုတ်လိုက်သောအခါ ဘာမျှမကျန်တော့ဟု ပြောသည်။

ထို့ကြောင့် "သူလစဉ်ကြုံတွေ့နေရသော အခက်အခဲကို အဘယ်သို့ ဖြေရှင်းရမည်ကို မသိနိုင်အောင် ဖြစ်ခဲ့ရသည်"ဟု ဆိုသည်။ နောက်ဆုံးသူမမှာ အားကိုးစရာမရှိတော့၊ သူများထံ နေ့စဉ်သွား၍ ငွေဆဲ့ရသည်မှာလည်း မျက်နှာငယ်လှသည်။

နောက်ဆုံး ဖြစ်လိုရာ ဖြစ်စေတော့ဟု ဆုံးဖြတ်ကာ အိမ်ရှိ ဘုရားကိုပင် နေ့စဉ်ရေချမ်း၊ ဆီမီးကပ်ကာ "သမ္ဗုဒ္ဓေ ဂါထာတော်ကြီး" ကို ပုတီးတပတ် မှန်မှန်စိပ်တော့သည်။ ထိုသို့ပုတီးစိပ်နေစဉ်အတွင်း အသိအကျွမ်းဟောင်းများ သူ့အိမ်သို့ ရောက်-

လာကြပြီး သူတို့မိသားစု၏ အဖြစ်ကိုမကြည့်ရက်၍ ငွေများ လှူ၍ပေးခဲ့သည်ဟု ဆိုသည်။

အဆိုပါအမျိုးသမီးမှာ နေ့စဉ် တနေ့ ပုတီး တပတ်ကျ စိပ် လျက်ရှိသည်။ သူအခက်အခဲ တွေ့နေရသော ငွေကြေးကိစ္စများ ကို ယခင်ကသွား၍ ချေးငှားလျှင် မရှိဟုပြောသူများပင် ယခု အခါ သူမကိုလိုက်ချေးသည်ဟု ပြောသည်။

ထို့ကြောင့် သူမအနေဖြင့် သမ္မုဒ္ဒေ ဂါထာတော်မြတ်ကို ဝတ်ထား၍ မှန်မှန်ပုတီးစိပ်နေပြီဟု ပြောပြရှာသည်။

☆

# ကြောက်စရာ ဒွေးနက်ကြီး

တခါတုန်းက စာရေးသူ၏ မိတ်ဆွေတဦးမှာ မြေမြို့တွင် စစ်သားကလေးတဝဖြင့် သွားချနေခဲ့ရသည်။ သူတို့လင်မယား နှစ်ယောက်၏ ဆင်းရဲပုံမှာ ပြောမပြနိုင်လောက်အောင်ပင် ဖြစ်သည်။

သူတို့အိပ်သည့်ဖျာက အစုတ်ကလေးတချပ်တည်း။ သူတို့ ခေါင်းအုံးက ဝါးပိုးဝါးကြီးကို ထက်ခြမ်းခွဲ၍ ၎င်းယောက် တခြမ်း ခေါင်းအုံးသည်။ သူ့ဇနီးမှာ ကထည်သော လုံချည် ထဘီသာရှိသည်။ ထိုလုံချည်မှာလည်း မလျှော်ရ၍ ချေးအထပ် ထပ် တက်နေသည်။ ထဘီကို လျှော်လိုသောအခါ အမျိုးသားက ကုန်းပေါ်တွင် ကမန်းကတန်း ဖုပ်၍ အမျိုးသမီးကို ရေထဲဆင်း စိမ်ခိုင်းထားရသည်။ နေ့စိုထဘီ အနည်းငယ်ခြောက်မှ ရေထဲမှ အမျိုးသမီးကိုခေါင်းမှထဘီကိုစွပ်၍ ကုန်းပေါ်တက်ခိုင်းရသည်။

ဤမျှအထိ သူတို့လင်မယားမှာ ဆင်းရဲနွမ်းပါးသည်။

သူတို့ငှားနေသော အိမ်မှာလည်း အိမ်လခ မှန်မှန်မပေးနိုင်၍ အခက်တွေ့ရသည်၊ နေ့စဉ်အိမ်နောက်ဖေးတွင်ရှိသော ကင်ပွန်းချဉ် ပင်ကိုချည်း ချက်စားနေရသည်ဟု ဆိုသည်။

## (၁၅၂) အရှင်သုသုက

တနေ့ တပ်တွင်းမှ ရဲဘော်တဦး မင်္ဂလာဆောင်သည်။ ထို ရဲဘော်မှာ မင်္ဂလာဆွမ်းကျွေးမည်။ ထို့ကြောင့် သူတို့လင်မယား နှစ်ယောက်စလုံး အဆိုပါရဲဘော်၏ မင်္ဂလာ ဆွမ်းချက်ရေးကို လုပ်အားပေးကြသည်။

နောက်တနေ့နံနက်တွင် ဘုန်းတော်ကြီးအား ဆွမ်းကပ်ပြီး သူတို့လင်မယားလည်း ငတ်ငတ်နှင့် အငအပြဲ ဝက်သားများကို စားခဲ့သည်ဟုဆိုသည်။ ညသို့ရောက်သောအခါ မင်္ဂလာဆွမ်းမှ မချိမဆံ့ စားလာသော ဝက်သားများက တန်ခိုးပြတော့ သည်။

အဆိုပါရဲဘော်မှာ ဗိုက်များ ရစ်နာလာပြီး မကြာခဏ ခတ်သွားတော့၏။ ပထမတော့ သူ့ဘာသာသူ ကြိုးစား၍ အိမ်သာသို့သွားသည်။ ဆယ်ချီကျော်လာသောအခါ အိမ်သာ သို့ပင် မသွားနိုင်တော့။ ထို့ကြောင့် ထဘီ တသည်တည်းသာ ရှိသော ချစ်ဇနီးကိုနှိုး၍အိမ်သာသို့ အပို့ခိုင်းရသည်။ဆယ့်ငါးချီ ကျော်လာသောအခါ လူမှာ သတိမရဘဲချက်ရဘဲချက် ဖြစ်လာ သည်။ အိမ်သာသို့ ဇနီးနှင့်တွဲ၍ သွားသည်။ သူတို့နေသော တန်းလျားနှင့် အိမ်သာမှာ ဝေးသည်။

သူအိမ်သာတွင်းဝယ် မစင်များကိုစွန့်နေသောအခါ ခေါင်း မှာ မထောင်နိုင်၍ တိုင်ကို မှီထားရသည်။ ထိုစဉ် ခွေးအူသံများ ကို အဆက်မပြတ်ကြားနေရသည်။ သူ့ဇနီးကလည်း သူ့ရှေ့က မားမားကြီး ရပ်နေသည်။ ဒီလိုနှင့် အိမ်သာပေါ်က ဆင်းလာ သည်။

ဒီအဖြစ်အပျက်ကို ဘေးခန်းများမှ ရဲဘော်များကို ပြောပြသည်။ထိုရဲဘော်များမှတဆင့် ဂျူတီကျ တာဝန်ခံ အရာရှိထံ ရောက်သွားပြီး သူ ဆေးရုံတက်ရတော့သည်။

တပတ်ခန့်ကြာသောအခါ သူဆေးရုံပေါ်မှ ပြန်ဆင်းလာသည်။ထိုအခါကျမှ ဇနီးပြောပြ၍ သိရသည်။ဝမ်းများ ဒလဟောသွားနေစဉ်ညက ခွေးများက အဆက်မပြတ်အူနေပြီးသူတို့ ရှေ့တည့်တည့်မှ ခွေးနက်ကြီးတကောင် လာထိုင်နေကြောင်း၊ သူ့ဇနီးက သူကြောက်မည်စိုး၍ ဘာမျှမပြောပဲ အဆိုပါခွေးနက်ကြီးကို လက်ညှိုးထိုးကာ ငယ်စဉ်ကရခဲ့သော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို အဆက်မပြတ်ရွတ်ကြောင်း၊ထိုသို့ သမ္ဗုဒ္ဓေဂါထာကြီးကို လက်ညှိုးထိုး၍ ရွတ်စဉ် ခွေးနက်ကြီးမှာ တဖြေးဖြေး ခသေးသေးသွားပြီး ပျောက်ကွယ်သွားကြောင်း၊ ထိုအခါကျမှ သူ့လင်ကိုတွဲပြီး တန်းလျားသို့ ပြန်လာကြောင်း ပြန်ပြောပြသည်။

ယခုအခါ သူတို့လင်မယားမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ယုံယုံကြည်ကြည် နေ့စဉ် ဘုရားဝတ်သား၍ ရွတ်ဆိုကြောင်း၊ ယခင်တုန်းကလိုလည်း မဆင်းရဲတော့ပဲ၊ မိဘများကိုပင် ပြန်၍ ထောက်ပံ့နိုင်သည့် အခြေရောက်နေပြီဖြစ်ကြောင်း ပြောပြရှာသည်။

## အချုပ်ခန်းမှလွတ်လာသူ၏အဖြစ်ဆန်း

တောရွာကရွာတွင် စာရေးသူ၏ ညီနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတဦးမှာ တနေ့တွင် လူသတ်မှုနှင့် မသင်္ကာဖြစ်ပြီး အဖမ်းခံရပါသည်။

ဖြစ်ပုံမှာ ယိုနေ့လူသတ်မှုဖြစ်ပွားသောညက အဖမ်းခံရသူမှာ ရွာထဲမှလည်ပြီးပြန်လာစဉ် လူသတ်မှုဖြစ်သည့်နေရာမှ ပြန်လာမိခြင်းဖြစ်သည်။ ထို့ကြောင့် သူသတ်နိုင်သည်ဟုဆိုကာ ရဲမှဖမ်းခြင်းဖြစ်သည်။ သေဆုံးသူမှာလည်း တချိန်က သူနှင့် စပါးချေးရာတွင် စကားများခဲ့သူ ဖြစ်ပြီး ထိုစဉ်က တုတ်တပြက် ဓားတပြက် ဖြစ်ခဲ့သည်ဟုဆိုသည်။

လူသတ်မှုဖြစ်ပွားစဉ်က အချင်းဖြစ်ပွားသည့်နေရာမှ သူ ပြန်လာခြင်း၊ ယခင်က သေဆုံးသူနှင့် စကားများခဲ့ခြင်း စသော အချက်များကြောင့် ရဲက သူ့ကိုဆွဲတော့သည်။

နေ့စဉ် အချုပ်ခန်းတွင်းဝယ် သူခံစားနေရမှုကို ဘယ်လိုမှ မပြောဖျောက်နိုင်ပဲရှိသည်၊ သို့ကြောင့် သူငယ်စဉ်က ရခဲ့သော သမ္ဗုဒ္ဓေဂါထာကြီးကို သတိရကာ ကိုယ်ရေးကြုံမှ အချိန်ရှိသမျှ သူရွတ်တော့သည်။ မည်သည့်အချုပ်သားနှင့်မှ စကားမပြော။ ယုတ်စွအဆုံး အပေါ့အလေးသွားစဉ်မှာပင် ရွတ်ဖတ်နေသည်။

ထိုသို့ သူ နေ့စဉ် ရွတ်ဖတ်လာခဲ့ရာ ၁၀ ရက်ခန့်ရသောအခါ ထိုလူသတ်မှုနှင့် ပတ်သက်၍ သက်သွားသူ တရားခံကိုယ်တိုင် လာရောက် အဖမ်းခံကြောင်း သူ့မိဘများက ဝမ်းသာအားရ သူ့ကို လာပြောကြသည်။

ထို့နောက် သူ့ကို မှားယွင်းဖမ်းဆီးမှုဖြင့် ရဲမှပြန်လွှတ်လိုက်တော့သည်။ ယခုအခါ သူသည် "သမ္မုဒ္ဒေဂါထာတော်ကြီး"၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ပဲ နေ့စဉ်ပို၍ ရွတ်ဖတ်လျက် ရှိသည်။



## တယောဆရာကြီးတယောက်၏ အဖြစ်ဆန်း

အဆိုပါ တယောဆရာကြီးမှာ ယခုအခါ အဘိုးကြီးဖြစ်၍နေပြီ။ သူသည် ငယ်စဉ်က တယောထိုး အလွန်ကောင်းသူဖြစ်သည်။ ထို့ကြောင့် မိန်းကလေးများ၏ ဦးစားပေးခြင်းကို ခံရသည်ဟု ပြောသည်။ သူ၏ တယောသံမှာ ရွာနီးချုပ်စပ်မှပင် လာ၍ ခေါ်ပြီး နားထောင်ရသောအဆင့်သို့ ရောက်ခဲ့သည်။

တနေ့ သူတို့ရွာနှင့်မလှမ်းမကမ်းရွာမှ လာဖိတ်သဖြင့် တယော တလက်ဖြင့် သူလိုက်သွားရသည်။ ဟိုရွာရောက်တော့ တယော ထိုးပြီး ချက်ကျွေးသော ထမင်းကို စားကာ အိပ်တော့သည်။ သို့သော် သူမှာ အကြံနှင့်လူဖြစ်၍ အိပ်မပျော်။ သူများတွေ အိပ်ပျော်သွားသောအခါ တိတ်ကဆိတ် ထပြီး သူနှင့် ကျွမ်းဝင် နေသော အပျိုသမီးအိမ် နောက်ဖေးသို့သွားသည်။

အိမ်နောက်ဖေးဗူးစင်အောက်တွင် သူတို့နှစ်ယောက်ချစ်သူတို့ဘာဝ ပြောမဆုံးရှိနေစဉ် ယောက္ခမလောင်းကြီး ထွက်လာပြီး 'သူခိုး သူခိုး' ဟု အော်ကာ လိုက်တော့သည်။ သူလည်း ကမန်းကတန်း ထ၍ ပြေးမိပြေးရာပြေးခဲ့ရာ ပြေးလမ်း ပိတ်နေသည်။ နောက်မှ သူခိုးလိုက်သူများကလည်း မီးတုတ်ကြီးများဖြင့်တဝင်းဝင်း တွေ့နေရသည်။ သူတို့လက်ထဲ၌လည်း တုတ်များ၊ ဓားများက မီးရောင်ဖြင့် တဖျတ်ဖျတ်လက်နေသည်။

ထို့ကြောင့် သူလည်းကြောက်ကြောက်နှင့် သူ့ရှေ့မှချုံပုတ်ကို ဝင်ကာ သူရနေသော "သမ္ဗုဒ္ဓေဂါထာတော်မြတ်" ကို ဘာရစပ်ရွတ်တော့သည်။

လူအုပ်ကြီးမှာ သူပုန်းနေသော ချုံ ယင်နားသို့ရောက်လာပြီး ချုံကိုပတ်၍ သူ့ကိုရှာသည်။ သူ့ကိုမတွေ့။ သူကတော့ ကြောက်ကြောက်နှင့် သမ္ဗုဒ္ဓေကိုသာ နာနာဖိရွတ်နေသည်။ နောက်ဆုံးတွင် သူ့ကိုရှာသူများမှာ သူ့ကိုမတွေ့၍ လက်လျှော့ကာ သူ့ရှေ့မှပင် ပြန်သွားကြသည်ဟု ဆိုသည်။

☆



## မိုးကြိုးစက်ကွင်းသော ဘုန်းတော်ကြီး

ရန်ကုန်မြို့ ကမာရွတ် ရွာမ ညောင်ပင်ရေကန် ကျောင်းတွင် စာရေးသူ၏ ဆရာတော် ဦးရေဝတမှာ နေ့စဉ် "သမ္ဗုဒ္ဓေ ဂါထာတော်မြတ်" ကို သက်စေ့ရွတ်ဖတ်လေ့ရှိသည်။

တနေ့ ဆရာတော်ဘုရားသည် မိုးကလေးစဲကာလ ကျောင်းပြင် ထွက်၍ သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကို သက်စေ့ရွတ်၍ ပူဇော် ကန်တော့နေသည်။

ထိုစဉ် သူ့ခေါင်းထက် တလံကွာမှ ကြီးမားသောမိုးဘောက် ကြီးထ၍ တောက်သွားပြီး နားအုံ၊ နားရင်း ကွဲလုအောင် မြည်ဟိန်းသံကြီးကို ကြားလိုက်ရသည်။

အသံကြီး မြည်ဟည်းမှုကြောင့် ကျောင်းပေါ်ရှိ ကိုရင်များ၊ ဦးပဉ္စင်းများ၊ ကျောင်းသားများပြေးဆင်းလာပြီး ဆရာတော် ဦးရေဝတကို ထွဲခေါ်သည်။

ဆရာတော်မှာ ငိုင်တိုင်တိုင်ဖြစ်သွားသည်။ သူ့ခေါင်းပေါ်သို့ မော့ကြည့်လိုက်သောအခါ ညောင်ကိုင်းကြီးနှင့် ခုတ်ကြိုးမှာ ခိုးကြိုးခပြီး မီးဟုန်းဟုန်းတောက်နေသည်။ သူနှင့်အကွာအဝေးမှာ လေးလံသသာသာရှိသည်။

ထို့ကြောင့် ကျောင်းရှိ ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများက ဆရာတော်ကို အံ့သြနေကြသည်။

ဆရာတော်ကို အသေအချာ စစ်ဆေး ကြည့်ရှုသောအခါ ဘွင်လည်း ဘာတခုမှ ချွတ်ယွင်းချက်မရှိ၊ ပကတိနေကောင်းနေသည်။ ဤမျှအနီးကပ်ပစ်လိုက်သော မိုးကြိုးဒဏ်ကိုအဘယ်သူမျှ ခံနိုင်ပါမည်နည်း။ အနည်းဆုံး မိုးကြိုးစက်ကွင်းမိပြီး လဲနေရမည်သာဖြစ်သည်။ သို့သော် ဆရာတော်မှာ ဘာမှမဖြစ်၊ အားလုံးက အံ့သြနေကြသည်။

ထိုအဖြစ်ဆန်းကို ဆရာတော်သည် ပြန်လည်ပြောကြားယင်း သူ့ဒါယကာ ဒါယိကာမများကို သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို အလေးအမြတ်ထား၍ ရွတ်ဖတ်ပူဇော်ရန် အမြဲဆုံးမသည်။ သူကိုယ်တိုင်လည်း ထိုစဉ်က သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို သက်စေ့ရွတ်နေစဉ် မိုးကြိုးပစ်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

သို့ကြောင့်

အချင်းစာဖတ်သူ-

သင်လည်း နေ့စဉ် မနေမ မလျော့ သမ္ဗုဒ္ဓေဂါထာဝတော် မြတ်များကို ရွတ်ဖတ် သရဇ္ဈာယ်၍ ပွင့်လေကုန်ပြီးသော မြတ်စွာဘုရားများအား ပူဇော်ကန်တော့ပါလေ— ဟု အလေးအနက် တိုက်တွန်းအပ်ပါသတည်း။

★

# နိဂုံး

ရာစုနှစ်တို့သည် ဖြတ်ကျော်၍လာခဲ့ပေပြီ။

ဤမျှဖြတ်ကျော်၍လာခဲ့သော်လည်း သမ္မာဒေဝဂါထာတော်မြတ်၏ ဂုဏ်ရနံ့သည် သင်းပျံ့နေဆဲပင် ဖြစ်၏။

တန်ဆောင်ဆီမီးပမာ ထိန်ထိန်ညီးနေလျက်သာ ဖြစ်၏။

မြန်မာတို့၏နှုတ်ဝယ် ပြန့်နှံ့၍ ရိုးတွင်းခြင်ဆီဝယ် စွဲဝင်လျက်ပင်ရှိနေပေသည်။

ဤသည်တို့မှာ ဦးပြည်းတုံးအပ်သော ဝါဝင်းသည့်သင်္ကန်းကို ရုံ၍ ၂၂၇ သွယ်သောသိက္ခာပုဒ်တို့ကိုထိန်းသိမ်းစောင့်ရှောက်ပြီး ပရိယတ္တိဂုဏ်နှင့်ပြည့်စုံသည့် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးများကြောင့်ပင်တည်း။

ထိုအရှင်သူမြတ်တို့သည်ပင်လျှင် နှုတ်တက်ဆောင်၍သင်ကြားပို့ချခဲ့ကြသည်။ ဖြန့်ချီဝေငှခဲ့ကြသည်။

ဤသမ္မာဒေဝ ဂါထာတော်မြတ်များနှင့် ကျင့်စဉ်စာအုပ်ငယ်၌ ချွတ်ယွင်းချက်များကို တွေ့ရှိပါက စာရေးသူ၏ အပြစ်များသာ ဖြစ်သည်ဟု ယူဆစေလိုပါသည်။

အကယ်၍ ဤစာအုပ်ငယ်ကို လေ့လာရသဖြင့် အကျိုးကျေးဇူး ခံစားရရှိကြသည်ဖြစ်ပါမူ သမ္မုဒ္ဓေ ဂါထာတော်မြတ်များကို ရေးသားစပ်ဆိုသူ အရှင်သူမြတ်များ၊ သူတော်စင်များတို့ကိုသာလျှင် ကြီးစွာသော ကျေးဇူးတို့ဖြင့် ကန်တော့ကြပါကုန်ဟု ပန်ကြားနှိုးဆော်အပ်ပါသတည်း။

အရှင် သုသုက

အရှင်သုသုက

# သမ္ဗုဒ္ဓေအမျိုးမျိုး နှင့် တန်ခိုးသိဒ္ဓိများ

